


နန္ဒကျော်သူ
စိန်ဂါ

စာမူ ကြိုတင်ပုံနှိပ်ခွင့် အမှတ် ၆၃၀/၉၂(၀၀)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ခွင့်အမှတ် ၆၅၇/၉၂(၀၀)

ပထမအကြိမ်
၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ [၄၀၀]
တန်ဖိုး ၄၅/-

ထုတ်ဝေသူ ဦးကံညွန့်(မြဲ ၀၃၀၆၈)
ရွှေမိစာပေ
၆၈၀၊ ဂရုဏာ ၄ လမ်း၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ(မြဲ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ်(၁)၊ စပယ်ခြံ(၃)လမ်း၊
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန်(မြဲ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်။

# နန္ဒကျော်သူ

'ဖွန်ရဲ'

(ပထမပိုင်း)

(နှစ်အုပ်တွဲ သိုင်းစာစဉ်)

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး.... (ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... (ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး.... (ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ အေးကင်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

တရုတ်နိုင်ငံသည် စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကြီး တစ်ခုအဖြစ် တည်ဆောက်ခဲ့ကြ၏။

နိုင်ငံတော်ကြီး ဖြစ်လာပြီးသည့်အခါ အားလုံး အစိတ်စိတ် အမြွာမြွာ ပြိုကွဲရန် အကြောင်းများ ပေါ်ပေါက်လာပေသည်။

ယခု ဝတ္ထု စတင်ချိန်သည် တရုတ်နေပြည်တော်၏ အာဏာ မွှေးမှိန်နေချိန် ဖြစ်ပေသည်။

ယခု ဝတ္ထုသည် နန်းတွင်း ဝတ္ထု မဟုတ်ပါ။ နန်းတွင်းရေး ဇာတ်လမ်းလည်း မဟုတ်ပါ။

နိုင်ငံပြိုကွဲမှုကို မလိုလားသူများ၏လှုပ်ရှားမှုအကြောင်းအရာ တစ်ခုကို ဖွဲ့ဆိုထားခြင်းပင် ဖြစ်ပါသည်။

နေအာပူရှိန်တား ပြင်းလှ၏။

လမ်းမပေါ်တွင် လူသွားလူလာ တင်းမဲ့နေ၏။

လူမဆိုထားနှင့် ခွေးများကိုပင် လမ်းမများပေါ်၌ မတွေ့ရပါ။ ခရီးသွား တစ်စုသည် အရိပ်ကောင်းသော သစ်ပင်ကြီး တစ်ပင်အောက်၌ ဖွင့်ထားသည့် လမ်းဘေး အရက်ဆိုင်တွင် ထိုင်ကာ အနားယူနေကြ၏။

လမ်းမမှာ လေမတိုက်ဘဲ ပုံန်ထနေ၏။

အရက်ဆိုင်ကလေး အတွင်း၌ ဆိုင်ရှင် အဘိုးအိုက ငိုက်မြည်း နေ၏။ ထို့အတူ ခရီးသွား သုံးဦးမှာ ငိုက်မြည်း နေကြ၏။

ခရီးသွား သုံးဦးအနက် နှစ်ဦးမှာ လူလတ်ပိုင်း ဖြစ်ပြီး တစ်ဦး မှာမူ လူငယ် တစ်ယောက် ဖြစ်ပေသည်။

လူငယ်က ဝါးခနဲ တစ်ချက် သန်းဝေလိုက်၏။ လူကြီး တစ် ယောက်က မျက်လုံး အသာ ဖွင့်လိုက်သည်။

လူငယ်က....

'ဦးလေး၊ အလွန် ပူအိုက်တဲ့ ရာသီကျမှကျွန်တော့်ကို ခေါ် လာရတယ်'

ဟု ပြစ်တင်စား ဆိုလိုက်၏။

လူကြီးက....

'မင်းက လိုက်ချင်နေတာကိုး'

လူငယ်က....

'ဒီလောက် ပူမှန်း မသိလို့ဗျ'



လူကြီးက သက်ပြင်းချလိုက်၏။

'ကုန်သည်ဆိုတာ ရာသီရွေးပြီးအလုပ် လုပ်လို့ ဘယ်ရမှာလဲ၊ ပူတဲ့အချိန်နား အေးတဲ့အချိန် ခရီးဆက်၊ ခရီးထွက်နိုင်မှ အကျိုး ရှိမှာပေါ့၊ မင်းလဲ တစ်နေ့ ကုန်သည်လုပ်မယ့်လူပဲ၊ ဘာကြောင့် ဒီလောက် ညည်းတွားနေရတာလဲ'

လူငယ်က ပါးစပ် ပိတ်လိုက်၏။

သူသည် ဆိုင်ဘေး အရိပ်ထဲတွင်မြင်းဖြုတ်ကာထိုးထားသော ကုန်တင်လှည်းကို တစ်ချက် ကြည့်လိုက်၏။

လူကြီးက စကား ဆက်လိုက်၏။

'လူဆိုတာ စိရိယ ရှိရတယ်၊ ယောက်ျားပဲ ခရီးကြမ်းကို ကြောက်ရမလား၊ နောက် သုံး လေးရက် ဆိုရင် မြို့ကိုရောက်ပြီပဲ'

လူငယ်က မဲ့လိုက်၏။

'ဒီလောက်ပူတဲ့ အချိန်မှာတော့ ကုန်သည် မပြောနဲ့၊ သရဲ တစ္ဆေတောင် လမ်းထွက်မှာ မဟုတ်ဘူးဗျာ'

လူကြီးက ပါးစပ်ပိတ်သွား၏။

ဤလူငယ်လေးသည် သူ၏တူ ဖြစ်၏၊ အလိုလိုက်ထားသဖြင့် အရာရာတွင် ပေါ့နေ၏။

လူ့ဘောင်ကြော့ တစ်ဦး ဖြစ်စေသည်စိုးရိမ်သဖြင့်ခရီးထွက်ရာတွင် ခေါ်သွားခဲ့ပြီး၊ သူ၏ ကုန်ရောင်းကုန်ဝယ် လုပ်ငန်းများကို သင် ကြားပေးရန် စိတ်ကူး ထားပေသည်။

လူငယ်က ယပ်တောင်ကို တဖျတ်ဖျတ်ခတ်ရင်း ဆက်လက်ပြီး ညည်းတွားလိုက်၏။

'ရှူး… ပူလိုက်တာ ကျုပ်ပြောတာ ဟုတ်တယ်ဗျ၊ ဒီလောက်ပူတဲ့ ရာသီမှာ သရဲတစ္ဆေတော့ ခရီးထွက်မှာ မဟုတ်ဘူးဦးလေး'

ထိုစဉ် လူငယ်၏ ပါးစပ် အဟောင်းသား ပွင့်သွား၏။

သူ၏ နားထဲ၌ မြင်းခွာသံ သဲ့ သဲ့ ကို ကြားလိုက်ရသည် မဟုတ်ပါလော…

—၁—

'ခွပ်… ခွပ်… ခွပ်'

မြင်းခွာသံတား လေးတွဲ့စွာ ထွက်ပေါ်နေ၏။

မြင်းသည် တစ်လှမ်းချင်း လျှောက်လာဟန် တူ၏။ နေ၏အပူရှိန်ကြောင့် မြေကြီးမှပင်အငွေ့ များထွက်နေသလို ထင်မှတ်နေ၏။

ဖုန်နီများက ပတ်ဝန်းကျင်ကို မှုန်ဝါးအောင် တာဆီးထားသလို ဖြစ်နေပေသည်။

လူငယ်မှာ ဖုန်လုံးများကြား လှမ်းကြည့်နေ၏။



မည်သည့်အရာမှ မမြင်ရသေးပါ၊ လူကြီး၏အသံကထွက်ပေါ်လာ၏။

'အင်း… မင်းပြောတော့ သရဲတစ္ဆေတောင် ခရီးထွက်မှာ မဟုတ်ဘူးဆို'

လူငယ်က လူကြီး၏ပြုံးစေ့စေ့မျက်နှာကို ကြည့်ပြီး နှာခေါင်းရှုံ့လိုက်သည်။

'အခု ခရီးသွားတဲ့လူဟာ သရဲတစ္ဆေထက် ဆိုးရွားတဲ့ လူသတ်တောက်ပဲ ဖြစ်ရမယ်ဗျ'

ဟု ပြောလိုက်လေတော့သည်။

လေတစ်ချက် ဝေ့ ယမ်း တိုက်ခတ်လိုက်၏။

လေပူပင် ဖြစ်သည်။

ဤမျှ ပူပြင်းသောအချိန်တွင် လေသည်လည်းအေး မြန်ပွ ပူနေမည်သာ မဟုတ်ပါလော…

လေအရှိန်ကြောင့် ဖုန်များက ပတ်ဝန်းကျင်တွင် တထောင်းထောင်း ထ သွားလေသည်။

မြင်းခွာသံက ပို၍ ကျယ်လောင်လာ၏။ ခရီးသွား လူငယ်သည် ဖုန်လုံးများကြား စိုက်ကြည့်လို့ နေ၏။

ညှိမျှ ပူပြင်းသော ရာသီကို ဂရုမထားဘဲ ခရီးသွားနေသူ မည်သူနည်းဟု သိချင်နေ၏။

သူ ပြောသလို သရဲတစ္ဆေထက် ဆိုးဝါးသည့် ခရီးသွားကို လေ့လာ စူးစမ်းနေမိ၏။

ဖုန်များ တရွေ့ရွေ့ လွင့်ပါးပျောက်ကွယ်သွား၏။ ဖုန်များကြားမှ မည်းမည်း အရိပ်ကို စတင် တွေ့လိုက်ရ၏။

အရိပ်သည် ဆိုင်ကလေးဆီသို့ ဦးတည်လာနေခြင်း ဖြစ်၏။ တစ်ခဏကြာသော် ထိုမည်းမည်းသဏ္ဌာန်သည် နီးလာပြီးထင်ရှားလာလေသည်။

ထို့အတူ လူငယ်၏ မျက်လုံးအစုံသည် ပြူးကျယ်သွား၏။ သူ၏ပါးစပ်သည်လည်း ဖုန်ဝင်မည်ကိုပင် အရေးမစိုက်နိုင်ဘဲ ဟောင်းလောင်း ပွင့်သွားလေတော့သည်။

....၀....



'ခွပ် ခွပ်....ခွပ် ခွပ်'

မြင်းခွာသံ မှန်မှန်ထွက်ပေါ်နေ၏။

ဖုန်လုံးများကြား မြင်းတစ်ကောင်ကို တွေ့လိုက်ရ၏။

သေချာစွာကြည့်မှ မြင်းမဟုတ်ပါ။

မြည်းဖြစ်နေသည်ကို သိလိုက်ရ၏။ ထိုမြည်းပုလေးပေါ်ဝယ် လူတစ်ယောက်ပါလာ၏။ ခရီးကြမ်းနှင်နေသူသည် ယောကျ်ားရင့်မကြီးတစ်ဦး မဟုတ်ပါ။

နုပျိုသော မိန်းကလေးတစ်ယောက်ပင် ဖြစ်ပါသည်။ မိန်းကလေးသည် အဖြူရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထား၏။

ချွေးနှင့် ဖုန်များကပ်နေသောကြောင့် အရောင်ပင် ကောင်းစွာ မပေါ်ချင်တော့ပေ။

သို့သော် ဝတ်စုံ၏ပုံသဏ္ဌာန်အရ အဖိုးတန်ဝတ်စုံဖြစ်ကြောင်း ကောင်းစွာ သိနားလည်လိုက်၏။

မိန်းကလေးမှာ အသက်နှစ်ဆယ်ကျော်ခန့်ရှိ၏။ သူမ၏ဆံပင်များကို နောက်တွင် စုစည်းထား၏။

ထိုမိန်းကလေးသည် လမ်းမကိုသာ စူးစိုက်ကြည့်ရင်း မြည်းပုလေးပေါ်တွင် လိုက်ပါလာ၏။

သူမကိုကြည့်ရသည်မှာ ပြင်းထန်သော အပူရှိန်ကို ခံစားမိတန်ပင် မတူချေ။ မြည်းပုလေး သယ်ဆောင်ရာကိုပင် အေးအေးဆေးဆေး လိုက်ပါနေလေသည်။

မြည်းပုလေးမှာ ဆိုင်ရှေ့တွင်မရပ်ပါ။ မိန်းကလေးကလည်း ရပ်တန့်ခြင်းမပြုပါ။ ကြည့်နေဆဲမှာပင် ဆိုင်ကလေးရှေ့မှ ကျော်ဖြတ်သွား၏။

ထို့နောက် တရွေ့ရွေ့ဝေးကွာကာ ပျောက်ကွယ်သွားလေတော့သည်။

....o....

ခရီးသွားလူငယ်က သက်ပြင်းချလိုက်၏။

'ဒီမိန်းကလေး ရူးနေပြီလားမသိဘူး'

ခရီးသွားလူကြီးက....

'ဘာကြောင့်လဲ'

ခရီးသွားလူငယ်က....

'ဒီသောက်ပူပြင်းတဲ့ နေအပူရှိန်အောက်မှာ အေးအေးဆေးဆေး ခရီးသွားနေတယ်၊ သူ့ကိုကြည့်ရတာ အပူဒဏ်ကို ခံစားရမှန်းတောင် သိပုံမရဘူး၊ ဒီလိုလူမှမရူးရင် ဘယ်သူ့ကို အရူးခေါ်မှာလဲ'



လူကြီးက ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်၏။

'မိန်းကလေးကြည့်ရတာ ရူးနေပုံမရပါဘူး'

လူငယ်က မဲ့လိုက်၏။

'ဒီသောက်ပူပြင်းတဲ့အချိန်မှာ ဘယ်လူက ခရီးဆက်မှာလဲ၊ အေးအေးဆေးဆေး အနားယူကြမှာပဲ'

လူကြီးက....

'လူတွေဟာ တစ်ခါတရံမှာ ပူလို့ပူမှန်း၊ အေးလို့အေးမှန်း မသိဘဲ ဖြစ်တတ်ကြပါတယ်'

လူငယ်က....

'ဘယ်လိုအချိန်မှာလဲ'

လူကြီးက...

'သောကပရိဒေဝမီး တောက်လောင်ချိန်နဲ့ ဒေါသအမျက် ရန်ငြိုးတွေ ပြည့်နေချိန်ပဲပေါ့'

လူငယ်က မျက်မှောင်ကြုတ်သွား၏။

'ဒါဆို ဒီမိန်းကလေးက....'

လူကြီးက ပြုံးလိုက်ပြီး....

'သူဟာ အဲဒီခံစားမှုနှစ်မျိုးက တစ်မျိုးမျိုးကို ခံစားနေရလို့ ဖြစ်မယ်'

လူငယ်က....

'ဦးက ဘယ်လိုသိသလဲ'

လူကြီးက....

'ချင်းဆိုတာ ရင့်လေစပ်လေဆိုတာ မင်းကြားဖူးတယ်မဟုတ်လား'

လူငယ်မှာ ပါးစပ်ပိတ်သွားလေတော့သည်။

....၀....

ညနေဆည်းဆာ....

ကောင်းကင်တွင် ပုစွန်ဆီရောင် တောက်ပနေ၏။

နီရဲနေသော နေလုံးသည် ငုပ်လျှိုးပျောက်ကွယ်ရန် ဟန်ပြင်နေပြီ ဖြစ်ပါသည်။ ဆည်းဆာရောင် အောက်ဝယ် ရွာကလေးတစ်ရွာ ရှိ၏။

ရွာကလေးမှာ အိမ်ခြေနှစ်ဆယ်ခန့်ရှိသော ရွာငယ်ကလေးပင် ဖြစ်ပါသည်။

ရွာလမ်းမကျယ်တစ်ခု တည်ရှိပြီး အိမ်ကလေးများက လမ်းတစ်ဘက်တစ်ချက်စီတွင် တည်ရှိနေ၏။



အိမ်တိုင်းပင် ခြံဝင်းကလေးများနှင့် ဖြစ်ကြပြီး တစ်အိမ်နှင့်တစ်အိမ် အတော်ပင်လှမ်းပေသည်။

ခြံဝင်းထဲ၌ ဆယ်ယာသုံးကိရိယာများ ရှိနေသောကြောင့် ထိုရွာကလေးသည် လယ်သမားများသာ ဖြစ်ကြောင်း ခန့်မှန်းနိုင်ပေသည်။

'ဂုတ်—ဂုတ်....ဂုတ်'

ရုတ်တရက် ရွာထိပ်မှ ခွေးဟောင်သံ ထွက်ပေါ်လာ၏။

ခွေးဟောင်သံနှင့် မရွေးမနှောင်းမှာပင် မြင်းခွာသံ ထွက်ပေါ်လာသည်။ မကြာမီ ရွာကလေးထဲသို့ မြည်းပုလေးစီးကာ ဝင်ရောက်လာသော မိန်းကလေးတစ်ယောက်အား တွေ့လိုက်ရလေသည်။

မိန်းကလေးမှာ တစ်အိမ်ပြီးတစ်အိမ် စူးစမ်းကြည့်နေ၏။ တတိယအိမ်အရောက်ဝယ် မိန်းကလေးက မြည်းကိုရပ်တန့်လိုက်သည်။

ထို့နောက် မြည်းပေါ်မှ ဆင်းသက်ကာ အိမ်တံခါးအား ခေါက်လိုက်သည်။

'ဒေါက်....ဒေါက်....ဒေါက်'

တံခါးခေါက်သံအဆုံးတွင် အိမ်တံကလေး တံခါးပွင့်လာ၏။

ထိုအချိန်တွင် နေမင်းက လုံးဝ ကွယ်ပျောက်သွားပြီ ဖြစ်ပါသည်။ မိန်းကလေးက အိမ်တွင်းသို့ လှမ်းဝင်လိုက်၏။

အိမ်ကလေးမှာ သေးငယ်သော်လည်း သပ်ရပ်၏။ ဧည့်ခန်းတွင် ထွန်းထားသော မီးအိမ်ကြောင့် အခန်းတစ်ခုလုံးကို ထင်ရှားစွာ တွေ့မြင်နေရ၏။

တံခါးဖွင့်ပေးသူက မိန်းကလေးအား စူးစမ်းကြည့်နေသလို မိန်းကလေးကလည်း ထိုလူအား အကဲခတ်ကြည့်နေ၏။

ထိုလူမှာ အသက် လေးဆယ်ကျော်ခန့်ရှိပြီ ဖြစ်၏။

မေးရိုးကားပြီး မျက်လုံးများက စူးရှ၏။ သူ၏ပုံသဏ္ဌာန်သည် လယ်သမားနှင့်မတူဘဲ စာပေပညာရှင်တစ်ဦးနှင့် တူလှပေသည်။

သို့သော် ထိုလူသည် စာပေပညာရှင်မဟုတ်ကြောင်းကိုလည်း မိန်းကလေးက သိနေ၏။

ထိုစဉ် ထိုလူ၏အသံ စတင်ထွက်ပေါ်လာ၏။

'မိန်းကလေးက ဘယ်သူလဲ၊ ဘာကိစ္စရှိလို့လဲ'

မိန်းကလေးက ဦးညွှတ်လိုက်ပြီး ...

'ကျွန်မ လျှုဝမ်းအော့ပါ၊ ရှင်နဲ့ ဆွေးနွေးစရာလေး ရှိနေလို့ပါ'

ထိုလူ၏မျက်ခုံးများ ကျုံ့သွား၏။

သူသည် လျှုဝမ်းအော့ဟူသောအမည်ကို စဉ်းစားလိုက်၏။ သူ၏မှတ်ဉာဏ်များက တစ်ကြိမ်မျှမကြားဖူးကြောင်း သိလိုက်၏။

ထိုလူက....

'မိန်းကလေးကို ကျုပ်ကမသိပါလား'

လျှုဝမ်းအော့က ...

'ကျွန်မကို ရှင်မသိတာ မဆန်းပါဘူး၊ ရှင်နဲ့ကျွန်မ အခုမှစပြီးတွေ့ဆုံတာကိုး၊ ဒါပေမယ့် ရှင်ကလေ့ဟန်ကျိုး ဖြစ်တယ်ဆိုရင် လုံလောက်ပါပြီ'

ထိုလူ၏မျက်နှာ ကွက်ခနဲပျက်သွား၏။



မိန်းကလေးအား ထိုးဖောက်မတတ် စူးစိုက်ကြည့်လိုက်ပြီး....

'မင်းဘယ်သူလဲ'

ဟု ထပ်မေးလိုက်၏။

သူ၏အသံတွင် စိတ်လှုပ်ရှားသံများ ပေါ်ထွက်နေ၏။

လျှုဝမ်းအော့က ထိုလူ၏စူးရှသောအကြည့်ကို တန်ပြန်ကြည့်ရင်း ပြန်မေးလိုက်၏။

'ရှင်က လေ့ဟန်ကျိုး ပဲ မဟုတ်လား'

လေ့ဟန်ကျိုးက....

'ကျုပ် ဒီအမည် မေ့နေပြီ'

လျှုဝမ်းအော့က ထိုစကားသည် လေ့ဟန်ကျိုးအဖြစ် ဝန်ခံသော စကားပြောခြင်းကြောင်း သိလိုက်၏။

လေ့ဟန်ကျိုး ခုံကိုညွှန်ပြလိုက်ပြီး....

'ထိုင်ပါ၊ မင်းကျုပ်ကိုတွေ့ချင်တဲ့ကိစ္စမပြောခင် စားသောက်ဖို့ ကျုပ်ပြင်လိုက်ဦးမယ်၊ မင်းကြည့်ရတာ ဘာမှစားသောက်ခဲ့ပုံ မရဘူး'

လေ့ဟန်ကျိုး ပြောပြောဆိုဆိုနှင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ပေးလိုက်၏။

လျှုဝမ်းအော့က စားသောက်လိုက်၏။

လေ့ဟန်ကျိုးက....

'မင်း ကျုပ်ကို ဘယ်လိုရှာတွေ့ခဲ့တာလဲ'

လျှုဝမ်းအော့က

'ရှင်ဟာကျွန်မအတွက် အသုံးဝင်မယ့်လူဆိုတော့မရရအောင် စုံစမ်းခဲ့တာပေါ့'

လေ့ဟန်ကျိုးက သက်ပြင်းချလိုက်၏။

သူ ဤနေရာတွင် ဇာတ်မြုပ်နေခဲ့သည်မှာ ဆယ်နှစ်နီးပါး ရှိပြီဖြစ်၏။

လေ့ဟန်ကျိုးက....

'ဘာကိစ္စလဲ'

လျှုဝမ်းအော့က ဘာမျှမပြောသေးဘဲ ငွေတစ်ထုပ်ကို ဆွဲထုတ်ပေးလိုက်၏။

လေ့ဟန်ကျိုးက....

'ဒီငွေက....'

လျှုဝမ်းအော့က သူ၏စကားမဆုံးမီ ကြားဖြတ်ပြောလိုက်သည်။

'ရှင့်အတွက် လုပ်အားခ'

လေ့ဟန်ကျိုးက....

'ကျုပ်က ဘာလုပ်ပေးရမှာလဲ'

လျှုဝမ်းအော့က....

'ရှင် ဘာလုပ်တတ်သလဲ'

လေ့ဟန်ကျိုး မျက်နှာပျက်သွား၏။

ဆောဆာစတွင် သူသည်အလုပ်တစ်မျိုးတည်းသာ စောက်ခ လုပ်ကိုင်ခဲ့သော လူတစ်ယောက် ဖြစ်၏။

ထိုအလုပ်မှာ အခြားမဟုတ်ပါ၊ အခကြေးငွေယူ၍ လူသတ်ပေးသော အလုပ်ပင်ဖြစ်ပါသည်။

လေ့ဟန်ကျိုးက စားပွဲပေါ်ရှိ ငွေများကိုတစ်ချက်ကြည့်လိုက်၏၊ အတော်များသော ပမာဏဖြစ်ကြောင်း သိလိုက်၏။



လေ့ဟန်ကျိုးက သက်ပြင်းချရင်း ခေါင်းခါလိုက်၏။

'ကျုပ် ဒီအလုပ် မလုပ်တော့ဘူး'

လျှုဝမ်းအော့က....

'ကျွန်မသိပါတယ်၊ ဒါပေမယ့် ဒီတစ်ကြိမ်တော့ ရှင် လက်ခံမှ ဖြစ်မယ်'

လေ့ဟန်ကျိုးက ခေါင်းကိုခါလိုက်၏။

'ကျုပ် လက်မခံနိုင်ဘူး'

လျှုဝမ်းအော့က....

'ကျွန်မ ရှင့်ကိုတွေ့ရဖို့ အချိန် ခြောက်လတောင် အကုန်ခံပြီး ရှာဖွေခဲ့ရတယ်၊ ကျွန်မအတွက် ရှင်ဟာ အလိုအပ်ဆုံးပဲ'

လေ့ဟန်ကျိုးက....

'ကျုပ် ဝမ်းနည်းပါတယ် မိန်းကလေး၊ ကျုပ် ဒီအလုပ်ကို စွန့်လွှတ်လိုက်ပါပြီ'

လျှုဝမ်းအော့က....

'ကျွန်မစကားကို နားထောင်ပါဦး'

လေ့ဟန်ကျိုးက....

'ကျုပ် နားမထောင်နိုင်တာကို ခွင့်လွှတ်ပါ'

မိန်းကလေး၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

'ဒါဟာ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စသာ မဟုတ်ပါဘူး၊ ကျွန်မပြောစကားဆုံးရင် ရှင် နားလည်မှာပါ'

လေ့ဟန်ကျိုးက ထရပ်လိုက်၏။

'မိန်းကလေး အခုနေ ခရီးဆက်ရင် ညဥ့်သိပ်မနက်ခင် မြို့ကို ရောက်ပါလိမ့်မယ်'

လျှို့ဝမ်းအော့ဇာ အံကြိတ်လိုက်၏။

'ရှင် တကယ်ပဲ နားမထောင်....'

လေ့ဟန်ကျိုးက လက်ကာပြလိုက်၏။

'ကျုပ် စွန့်လွှတ်ပြီးသား အလုပ်ကို ပြန်မလုပ်ချင်တော့ပါဘူး...'

လျှို့ဝမ်းအော့ဇာ အားမလျှော့သေးဘဲ ဆက်ပြောလိုက်၏။

'ကျွန်မကို ခိုမင်းသားက ရှင့်ဆီသမ်းညွှန်လိုက်တာပါ၊ ရှင် ငြင်းပယ်သင့်ဘူး၊ ကျွန်မစကားကို ဆုံးအောင်နားထောင်ပြီးမှသာ ရှင် လက်မခံချင်ရှင် လက်မခံပါနဲ့'

လေ့ဟန်ကျိုး တစ်ချက် တွေဝေသွား၏။

သို့သော် သူက ဆုံးဖြတ်ချက်ကို ပြန်မပြင်ချင် တော့ပါ။ အေးချမ်းငြိမ်သက်သောဘဝတွင် အခြေကျနေပြီဖြစ်၏။

လူပ်ရှားမှုများ မပြုလုပ်လိုတော့ပါ။

လေ့ဟန်ကျိုးက ...

'မိန်းကလေးကို မကူညီနိုင်တဲ့အတွက် ကျုပ် စိတ်မကောင်းပါဘူး'

မိန်းကလေးမှာ ငိုင်ကျသွား၏။

ထို့နောက် လေးပင်စွာ ထရပ်ရင်း....

'အခုတော့ ကျွန်မကို ကူညီမယ့်လူ မရှိပါလား၊ ခိုမင်းသားက ရှင်ကူညီမယ်လို့ သေချာပေါက် တွက်ဆခဲ့တာ မှားသွားပြီ'

ဟု ရေရွတ်ပြီး အိမ်ထဲမှလှမ်းထွက်သွား၏။

သူမ၏မျက်ဝန်းမှ မျက်ရည်များကျဆင်းလာသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရ၏။



လေ့ဟန်ကျိုး အံ့အားသင့်သွား၏။

သူသည် မိန်းကလေးထွက်သွားသည်ကို ငေးကြောင် ကြည့်နေ၏။

သူ၏ရင်ထဲ၌ မိန်းကလေး၏ အမူအရာကြောင့် တစ်မျိုးခံစားလိုက်ရလေသည်။ မိန်းကလေးအတွက် စိတ်မကောင်းဖြစ်မိသော်လည်း သူမတတ်နိုင်ပါ။

ဤလုပ်ငန်းကို သူ ပြန်မလုပ်လိုတော့ပြီ မဟုတ်ပါလား။

လေ့ဟန်ကျိုးက ခုံတွင် ပြန်ထိုင်လိုက်၏။ သူ ဤနေရာတွင် ရှိသည်ကို သိသူ သိပ်မရှိပါ။ ခိုမင်းသားသည် သူနှင့် အရင်းနှီးဆုံး လူသုံးယောက်တွင် တစ်ဦး အပါအဝင် ဖြစ်သော်လည်း သူ နေရာကိုမသိပါ။

မိန်းကလေးသည် ခိုမင်းသားနှင့် တွေ့ခဲ့ပြီး ခိုမင်းသား၏ လမ်းညွှန်မှုကြောင့် သူ့နေရာသိရန် ကြိုးပမ်းနိုင်ခဲ့ခြင်း ဖြစ်ပေမည်။

သူ ကြေးတန်းစား လူသတ်သမားဘဝကို စွန့်လွှတ်ခဲ့ပြီး ဖြစ်သည်ကို ခိုမင်းသား ကောင်းစွာသိထား၏။

ယခု အဘယ်ကြောင့် ခိုမင်းသားက မိန်းကလေးအား ညွှန်ပြလိုက်ပါသနည်း။

သူ မိန်းကလေး၏စကားကို ဆုံးအောင် နားမထောင်လိုက်ခြင်းသည် မှားသွားပါသလော။ သူက စကားဆုံးအောင် နားထောင်ပြီးမှ ငြင်းပယ်လျှင်လည်း ရသည်မဟုတ်ပါလော။

'ဗျူး....'

လေ့ဟန်ကျူးက သက်ပြင်းချလိုက်၏။

'ငါမမှားပါဘူး၊ ဒီအလုပ်နဲ့ပတ်သက်လို့ ဘာမှမသိရတာ အအကြောင်းဆုံးပဲ'

ဟု ကိုယ့်ကိုယ်ကို ဖြေသိမ့်လိုက်၏။

ထိုစဉ် သူ့မျက်လုံးများက စားပွဲပေါ်မှ ငွေအထပ်လိုက်ကို တွေ့မြင်သွားလေသည်။

'ဟင်....မိန်းကလေး ငွေတွေ ကျန်ခဲ့တာပဲ'

သူက ကမန်းကတန်းအိမ်ပြင်ထွက်ကြည့်လိုက်၏။ မိန်းကလေး၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါချေ။

လေ့ဟန်ကျူးက အိမ်ထဲဝင်လိုက်ပြီး ငွေများကို စစ်ဆေးကြည့်လိုက်၏။

'ဟာ ...သုံးထောင် အတိပါလား၊ ငွေတွေ အများကြီးပဲ'

မှန်ပါသည်။ ထိုငွေသည် အနည်းဆုံး လေးငါးနှစ်မျှ အလုပ်မလုပ်ဘဲ ထိုင်စားနေနိုင်သော ငွေပမာဏပင် ဖြစ်ပါသည်။

လေ့ဟန်ကျူးက ငွေများကို ကြည့်ရင်း စဉ်းစားလိုက်၏။

'ငွေတွေ သိပ်များနေပါလား၊ မဖြစ်ဘူး ငါ လိုက်ပေးမှ ဖြစ်မယ်၊ မိန်းကလေးက မြို့ထဲသွားပြီး တည်းခိုမှာ သေချာတယ် ခု ငါ အခုချိန် လိုက်ပေးရင် မီနိုင်ပါသေးတယ်'



သူသည်ငွေစားကိုသိမ်းဆည်းလိုက်ပြီး အဝတ်အစား လဲလှယ်လိုက်၏။ ထို့နောက် မြင်းကို ထုတ်ကာ ညဥ့်ချင်းပင် ခရီးထွက်လာခဲ့လေတော့သည်။

....o....

နယ်စားဂေဟာ....

နယ်စားဂေဟာသည် အလွန်ကြီးကျယ်ခန်းနားလှပေသည်။ နေပြည်တော်၏ အာဏာထက် မြို့စားနယ်စားတို့၏ တန်ခိုးအာဏာက ထက်နေသည့် အချိန်ပင် မဟုတ်ပါလော။

ချန်ကျန်းနယ်သည် ကြီးမားသော နယ်မြေတစ်ခု ဖြစ်ပေသည်။ ထို့ကြောင့် ချန်ကျန်းနယ်စားကြီး၏ အာဏာစက်မှာလည်း ကြီးမားကျယ်ပြန့်လှပေသည်။

နယ်စားဂေဟာအား ကြီးမားသော အုတ်တံတိုင်းဖြင့် ကာရံထား၏။ ထိုအုတ်တံတိုင်းကား အနီရောင်သုတ်ထားရာ အဝေးမှပင် လှမ်းမြင်နိုင်ပေသည်။

နယ်စားဂေဟာသည် မင်းလမ်းမထိပ်တွင်တည်ရှိ၏။ နယ်စားဂေဟာပြီးလျှင်ချန်ကျန်းနယ်မှသူဌေးကြီးများ၏ဂေဟာသုံးဆယ့်လေးလုံးခန့် ဆက်၍ တည်ရှိ၏။

ထိုဂေဟာများကို ကျော်လိုက်လျှင် အနီရောင် နှစ်ထပ်အဆောက်အအုံတစ်ခု ရှိပေသည်။

ထိုအဆောက်အအုံသည် တရားစီရင်ရာ တရားမရုံးပင်ဖြစ်၏။ တရားရုံးနှင့် မျက်နှာချင်းဆိုင်ဝယ် တစ်ထပ်အဆောက်အအုံပုလေးတစ်ခု ရှိပေသည်။

ထို တစ်ထပ် အဆောက်အအုံ ပုလေးကား ချန်ကျန်းမြို့၏ အာဏာသားများရုံးပင် ဖြစ်ပါသည်။

....၀....

ရှောင်ကွမ်း....

ရှောင်ကွမ်းသည် ချန်ကျန်းမြို့မှ အာဏာသားခေါင်းဆောင်တစ်ယောက် ဖြစ်၏။ သူသည် အာဏာသားခေါင်းဆောင်များအနက် အသက်အငယ်ဆုံး ပုဂ္ဂိုလ်တစ်ယောက်ပင် ဖြစ်သည်။

လွှတ်တော်
အမှတ် ၁၅/၁၃၈၊ ဖြလင်း
တော့စိန်ရဲ



သူ၏ အသက်မှာ နှစ်ဆယ်ခြောက်နှစ်ခန့်မျှ ရှိသေး၏။ မျက်နှာဝိုင်းပြီး အမြဲပြုံးနေတတ်သူ ဖြစ်၏။

ကျစ်လျစ်သော ခန္ဓာကိုယ်နှင့်အတူ မြင့်မားသော အရပ်ရှိ၏။ သူ၏မျက်လုံးများ အစူးရှပေသည်။

သူသည်ဝူတန်းဂိုဏ်းတွင် စားပညာသင်ကြားခဲ့သူတစ်ယောက်ဖြစ်ပေသည်။

ရှောင်ကွမ်းသည် ချန်ကျန်းမြို့၏ အာဏာသားခေါင်းဆောင်တာဝန်သာမက အခြားတာဝန်တစ်ရပ်ကိုပါ ပူးတွဲထမ်းဆောင်ရသေး၏။

ထိုတာဝန်မှာ အခြားမဟုတ်ပါ။ ချန်ကျန်းနယ်စားကြီး၏ သက်တော်စောင့် လုံခြုံရေးတာဝန်ပင် ဖြစ်ပါသည်။

ရှောင်ကွမ်းက အခန်းတွင်း လှမ်းဝင်လိုက်သည်။

သူ၏လက်ထောက် ကြူးစိန်က အလေးပြုလိုက်လေသည်။

ရှောင်ကွမ်းက လက်အသာပြလိုက်ပြီး ကြူးစိန် ရှေ့၌ ဝင်ထိုင်လိုက်၏။

ကြူးစိန်က....

'ဆရာ၊ ဒီနေ့ နယ်စားကြီး ရုံးထိုင်မယ့်နေ့ပဲ'

ဟု သတိပေးလိုက်၏။

ကြူးစိန်မှာ အသက်သုံးဆယ်ခန့် ရှိ၏။

အရပ်ပုပြတ်ပြတ်ဖြစ်ပြီး အသားအနည်းငယ်ညို၏။ သူသည် အလွန်သစ္စာရှိပြီး လုပ်ငန်းတာဝန်များ ရှုပ်ရှုပ်ချွချွ ထမ်းဆောင်တတ်သူတစ်ဦးပင် ဖြစ်၏။

ရှောင်ကွမ်း၏ အရင်းနှီးဆုံးမိတ်ဆွေဆိုလည်း မမှားပေ။

ရှောင်ကွမ်းက သက်ပြင်းချရင်း....

'နယ်စားကြီးအတွက် စီစဉ်ပြီးပြီ မဟုတ်လား'

ကြူးစိန်က....

'တရားရုံးမှာ လုံခြုံရေးချထားပြီးပါပြီ၊ လမ်းမှာတော့ ဆရာလိုက်မယ် မဟုတ်လား'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

ကြူးစိန်က ဆက်ပြောလိုက်သည်။

'အခုလို ပြည်နယ်တွေ မငြိမ်မသက်ဖြစ်နေချိန်မှာ နယ်စားကြီးက တရားရုံးကို လမ်းလျှောက်သွားဖို့ မသင့်ဘူးဆရာ၊ နားဝင်အောင် ပြောပါဦး'



ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

'ကျုပ်ကြိုးစားကြည့်ပါ့မယ်'

....၀....

'မင်းရဲ့ကြိုးစားမှုကို ကျုပ်သိပါတယ်'

နယ်စားကြီးအသံ ထွက်ပေါ်လာ၏။

ရှောင်ကွမ်းက နယ်စားကြီးအား ကြည့်လိုက်၏။ နယ်စားကြီးမှာ အသက်ငါးဆယ်ခန့်ရှိ၏။

နသယ်စပ်တွင် ဆံပင်အချို့ဖြူနေ၏။ မြင့်မားသော အရပ်ကြောင့် အနည်းငယ်ပိန်သည် ထင်ရ၏။

လူတိုင်းလေးစားရသည့် ဥပမိရှုပ်ကို ပိုင်ဆိုင်ထားပေသည်။

နယ်စားကြီးက ဆက်ပြောလိုက်၏။

'မင်းရဲ့တာဝန်လေးစားမှုကိုယုံကြည်လို့ ဒီရာထူးမှာခန့်ထားခဲ့တာပဲ'

ရှောင်ကွမ်းက....

'ဟုတ်ကဲ့၊ ကျွန်တော်က နယ်စားကြီးအတွက် စိုးရိမ်လို့ ပြောမိတာပါ'

နယ်စားကြီးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

'ဘာစိုးရိမ်စရာရှိသလဲ၊ ကျုပ်ဂေဟာနဲ့တရားရုံးဟာ လမ်းတစ်ဘက်ထိပ်အထိပဲ ကွာဝေးတယ်၊ ကျုပ်ဒီလောက် အကွာအဝေးလေးကို မြင်းလှည်းနဲ့ မသွားချင်ပါဘူး'

ရှောင်ကွမ်းက သက်ပြင်းချလိုက်၏။

'နယ်မြေအခြေအနေကို နယ်စားကြီး သိပါတယ်၊ အားလုံးဟာ အာဏာအတွက် နယ်စားကြီးကို ဒုက္ခမပေးဘူးလို့ မပြောနိုင်ပါဘူး၊ ရန်သူအတွက် အခွင့်အရေးရသွားမှာ စိုးလို့ပါ'

နယ်စားကြီးက....

'ကျုပ်အတွက် လုံခြုံရေးကို မင်းကိုယ်တိုင် တာဝန်ယူထားပြီပဲ'

ရှောင်ကွမ်းမှာ ပါးစပ်ပိတ်သွား၏။

ထိုစဉ် ဂေဟာအတွင်းသို့ တရားသူကြီးနှင့် တပ်မှူးကြီးတို့ ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

နယ်စားကြီးက....

'ကဲ...တို့သွားကြစို့'

...၀....



ရှောင်ကွမ်းက လမ်းကို တစ်ချက်အကဲခတ်လိုက်၏။

လမ်းမပေါ်တွင် လူသွားလူလာ သုံးလေးယောက်ခန့်သာ ရှိ၏။ လမ်းမှတစ်နေရာတွင် မိန်းကလေးတစ်ယောက် ရပ်နေသည်။

မည်သူမျှ အန္တရာယ်မရှိဟုယူဆလိုက်၏။ သို့သော် သတိမပြတ်စေဘဲ လိုက်လာခဲ့၏။ နယ်စားကြီးသည် ခေါင်းမာသူ ဖြစ်သည်။

ဆယ်ရက်လျှင်တစ်ကြိမ် တရားရုံးသို့ လမ်းလျှောက်သွားလေ့ရှိသည်ကို လူတိုင်းသိပြီး ဖြစ်၏။

ထို့ကြောင့် နယ်စားကြီးအား လုပ်ကြံချင်သူသည် ထိုအခွင့်အရေးကို အရယူမည်မှာ သေချာလှပေသည်။

ရှောင်ကွမ်းအနေနှင့် အမြဲလိုပင် ထိုအချိန်ကို ရင်တမမနှင့် စောင့်ကြပ်နေရလေသည်။

ယခုလည်း နယ်စားကြီးတို့နေအိမ်မှ ကပ်လိုက်ရင်း အန္တရာယ်ကို ကာကွယ်ရန် သတိအပြည့်ထားနေရ၏။

ရှေ့တွင် နယ်စားကြီး၊ တရားသူကြီးနှင့် တပ်မှူးကြီးတို့က နယ်ပယ်အခြေအနေကို ဆွေးနွေးရင်း လျှောက်သွားနေကြသည်။

တဖြည်းဖြည်း လမ်းမအလယ်သို့ ရောက်ရှိလာ၏။

ယခုအထိ မည်သည့်အန္တရာယ်မှ မတွေ့ရသေးပါ။ လမ်းမအလယ်ရှိ မိန်းကလေးသည်ရပ်ရင်း အဝေးသို့ငေးနေ၏။

သူမ၏ အဝါရောင်ဝတ်စုံသည် လေနှင့်အတူ လွင့်မျောနေ၏၊ မိန်းကလေးသည် ချောမောသော မိန်းကလေးတစ်ဦး ဖြစ်ကြောင်း အကဲခတ်လိုက်မိ၏။

တဖြည်းဖြည်း နယ်စားကြီးတို့လူစုမှာ မိန်းကလေးအနီးသို့ ရောက်ရှိလာ၏။

ထိုစဉ် မိန်းကလေး၏ဝတ်ရုံကြားမှ ဓားတစ်လက် ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

'သတိထား'

ရှောင်ကွမ်းက အော်ဟစ်လိုက်ပြီး လက်တစ်ချက် ဝေ့ယမ်းလိုက်၏။

ဓားပါးလေးသုံးလက်က မိန်းကလေးထံသို့ ပစ်လွှင့်သွားလေတော့သည်။

'အင့်'

မိန်းကလေးမှာ ဓားထုတ်ရုံသာ ထုတ်နိုင်ပြီး မလှုပ်ရှားနိုင်တော့ပါ။

ရှောင်ကွမ်း၏ ဓားပါးများက မိန်းကလေး၏ခန္ဓာကိုယ် အနှံ့အပြားသို့ စိုက်ဝင်သွားလေသည်။

မိန်းကလေး၏လက်မှဓားမှာ လွတ်ကျသွားပြီး လမ်းမပေါ်သို့ တဖြည်းဖြည်းလဲကျသွား၏။

ကိုယ်ရံတော်များက ချက်ချင်းပင် နယ်စားကြီးကို အားဝိုင်းရံ ကာ ခေါ်သွားကြလေသည်။



ရှောင်ကွမ်းက ပတ်ဝန်းကျင်ကို မလွှတ်တမ်း အကဲခတ်လိုက်သည်။

နောက်ထပ် မည်သည့်ရန်သူကိုမျှ မတွေ့ရပါချေ။

....o....

နယ်စားကြီးက သက်ပြင်းချလိုက်၏။

သူသည် ခေါင်းကိုလေးပင်စွာ ခါယမ်းလိုက်၏။

'ဒီမိန်းကလေးဟာ ကျုပ်ကိုလုပ်ကြံတာ မဖြစ်နိုင်ပါဘူး'

ရှောင်ကွမ်းက....

'ဒီအဖြစ်အပျက်က တကယ်ဖြစ်ပျက်ခဲ့ပြီပဲ နယ်စားကြီး'

နယ်စားကြီးက ...

'ခက်တာက ကျုပ် ဒီမိန်းကလေးကို မသိဘူး၊ ဒီမိန်းကလေးဟာ ကျုပ် မဟုတ်တဲ့ တခြားသူကြီးနဲ့ တပ်မှူးတို့ကို လုပ်ကြံတာ ကော မဖြစ်နိုင်ဘူးလား'

ရွှေဝင်ကုမ်းက....

'အားလုံး ဖြစ်နိုင်ပါတယ်'

နယ်စားကြီးက....

'မင်း စိတ်ပူပန်နေပုံ ရတယ်'

ရွှေဝင်ကုမ်းက....

'ဒီမိန်းကလေးဟာ ကျွမ်းကျင်သူ မဟုတ်လို့သာ လုပ်ကြံမှု မအောင်မြင်ခဲ့တာပဲ၊ နောက်တစ်ကြိမ်ဒီလို အခွင့်အရေးမျိုးမပေးသင့်ပါဘူး'

နယ်စားကြီးက...

'ကျုပ် တစ်သက်လုံး အစဉ်အလာကို မခု လုပ်ကြံမှု ပေါ်ပေါက်လာမှ ပြင်ရမယ် ဆိုရင် ကျုပ် သွေး ကြောင်ရာကျနေမယ်ဗျ'

ရွှေဝင်ကုမ်းက ပါးစပ် ပိတ်သွား၏။

နယ်စားကြီးက...

'မင်း အခု ကိစ္စကို ဘယ်လို ယူဆထားသလဲ'

ရွှေဝင်ကုမ်းက....

'နယ်စားကြီးရဲ့ မှုန်ဂိုတွေနဲ့ ငြိမ်းချမ်းရေးအစီအစဉ်ကိုမကျေနပ်တဲ့ အုပ်စုရဲ့ လက်ချက်လဲ ဖြစ်နိုင်ပါတယ်'

နယ်စားကြီးက သက်ပြင်းချလိုက်သည်။

'ကျုပ်ရဲ့ နယ်မြေ အေးချမ်းရေးအတွက် မှုန်ဂိုတွေနဲ့ ငြိမ်းချမ်းရေး ဆောင်ရွက်တာပါ၊ ဒါထက် မိန်းကလေး ဘယ်သူဆိုတာ သိပြီလား'

ရွှေဝင်ကုမ်းက နယ်စားကြီးအား စိုက်ကြည့်ရင်း ပြောလိုက်၏။

[illegible]
အမှတ် ၁၅/ [illegible]
တောင် ၄ [illegible]
ရုန်း ၂၁၇၆၆

'လျှုဝမ်းအော့'

'လျှုဝမ်းအော့ ဟုတ်လား'

လေ့ဟန်ကျိုး၏ အံ့အားသင့်သော အသံဖြင့် ထွက်ပေါ်လာ၏။

အရက်ဆိုင်ရှင်က....

'ဟုတ်တယ်၊ အဲဒီ မိန်းကလေးက နယ်စားကြီးတို့ကိုမှလုပ်ကြံနိုင်ခဲ့တဲ့ သေသဲ့သွားတယ်ဗျ'

လေ့ဟန်ကျိုးက သက်ပြင်း အသာချလိုက်၏။

သူ၏ ရင်ထဲ၌ မိန်းကလေး၏ အပြုအမူကို နားမလည်အောင်ဖြစ်နေမိလေသည်။ သူ၏ မျက်စိထဲ၌ မိန်းကလေး၏ ရုပ်သွင်ကို ပြန်လည် မြင်ယောင်လာမိ၏။

ထို့အတူ မိန်းကလေး၏ စကားသံများကို ပြန်လည် ကြားယောင်မိလေသည်။ မိန်းကလေးသည် သိုင်းပညာ ကျွမ်းကျင်ပုံမရပါ။

အဘယ်ကြောင့် အသက်စွန့်ကာ လုပ်ကြံရန် ကြိုးပမ်းရပါသနည်း။ သူ့အား လာရောက် ငှားရမ်းခြင်းသည် နယ်စားကြီးတို့အား လုပ်ကြံရန်ပင်လော...

နယ်စားကြီးတို့နှင့် မိန်းကလေးသည် မည်သည့် ရန်ငြိုးများ ရှိနေပါသနည်း။ သူသည် တွေးရင်း မေးခွန်းများ အစီအရီ ပေါ်ထွက်လာလေသည်။

ပဟေဠိတစ်ပုဒ်ကို အဖြေထုတ်နေရသလိုပင်...

လှေဟန်ကျိုးမှာ အရက်ခွက်ကို မော့ချလိုက်၏။ သူသည် မိန်းမလေး၏ ကျန်ရစ်ခဲ့သော ငွေများကို ပြန်ပေးရန် မိန်းမလေးနောက်မှ လိုက်လာခဲ့ခြင်း ဖြစ်၏။

ယခု မိန်းမလေးကား သေဆုံးသွားချေပြီ။

သူ၏ ကိစ္စ ပြီးပြတ်သွားပြီ ဖြစ်၏။ သူမှာ အိမ်သို့သာ ပြန်ရန် စဉ်းစားလိုက်လေသည်။

ကျသင့်ငွေကို ရှင်းပေးပြီး ဆိုင်ထဲမှ ထွက်လိုက်၏။

'အွန့်'

ထိုစဉ် ဆိုင်းတွင်း ဝင်လာသူ တစ်ဦးနှင့် တိုက်မိ သွားလေသည်။

'မတော်လို့ပါ'

ထိုလူမှာ တောင်းပန်ရင်း ဆိုင်တွင်းသို့ ဝင်ရောက် သွား၏။ လှေဟန်ကျိုးမှာ....

မျက်မှောင်ကြုတ်သွား၏။

ဆိုင်တွင်း ဝင်သွားသူကို သေသေချာချာ ကြည့်လိုက် မိလေသည်။ အဝတ်အစားများက နွမ်းလှ၏။

မုတ်ဆိတ်၊ ပါးသိုင်းမွေးများ ရှိ၏။ ထိုလူ၏ မျက်နှာကို သူ တွေ့ဖူးသည်ဟု ထင်မိ၏။ မည်သည့် နေရာတွင် တွေ့ဖူးကြောင်း သူမှာ စဉ်းစား မရပါ။

လှေဟန်ကျိုးက ဆက်၍စဉ်းစားမနေတော့ဘဲ တည်းခိုခန်းသို့ ပြန်လာခဲ့လေသည်။



သူသည် မိန်းမလေး၏ ငွေများကို ထုတ်ယူလိုက်၏။ သေဆုံးသွားပြီ ဖြစ်သော မိန်းမလေးအတွက် ကောင်းမှု တစ်ခုခုပြုလုပ်ပေးမည်ဟု တွေးတောလိုက်၏။

ထိုစဉ် ငွေများကြား၌ စာရွက်ခေါက် အလေး တစ်ခုကို အမှတ်မထင် တွေ့မြင်လိုက်လေသည်။

လှေဟန်ကျိုးက မရည်ရွယ်ဘဲ စာရွက်ကလေးကို ဖွင့်ကြည့်လိုက်၏။

လျှူဝမ်းအော့....

ကျုပ် ချန်ကျွန်းကို လာခဲ့မယ်။

ကျူးယု။

ဟု ရေးသားထားသည်ကို တွေ့လိုက်ရ၏။

လှေဟန်ကျိုး၏ မျက်လုံးအစုံ ပြူးကျယ်သွား၏။

'ကျူးယု....ကျူးယု'

သူသည် တီးတိုးရေရွတ်လိုက်၏။

သူ၏ မှတ်ဉာဏ်များအတွင်း ကျူးယု ဟူသော အမည်ကို ရုတ်ခြည်း ပြန်ပြောင်း သတိရလိုက်၏။

ထိုကျူးယုဆိုသော လူသည် သူ အရက်ဆိုင်မှ အထွက်တွင် တိုက်မိခဲ့သောလူ ဖြစ်ကြောင်းလည်း တစ်ခဏအတွင်း ပြန်လည် သတိရသွားလေတော့သည်။

လှေဟန်ကျိုး၏ မျက်ခုံးအစုံက အပေါ်သို့ မြင့်တက်သွားသည်။

'အင်း....အခြေအနေက စိတ်ဝင်စားစရာပဲ'

သူသည် လျှုဝမ်းအောင်၏ပြဿနာကို စိတ်ဝင်စားလာ၏။ အိမ်သို့ပြန်ရန် အစီအစဉ်ကို ဖျက်လိုက်၏။

ကျူးယုနှင့်တွေ့ဆုံရန် စဉ်းစားလိုက်၏။ ကျူးယု မည်သို့သော လူစား ဆိုသည်ကို သူ ကောင်းစွာ နားလည်လာ၏။

ကျူးယုနှင့် တွေ့ဆုံခြင်းသည် အန္တရာယ်မှသေးလှကြောင်းသည်း တွေးတောမိလိုက်လေတော့သည်။

....o....

ည...

တိမ်များက လကြွေးအား ဖုံးအုပ်ထား၏။

လွှေဟန်ကျီးက ပြတင်းပေါက်ကို တွန်းဖွင့်လိုက်၏။

အေးစိမ့်သောလေက တစ်ချက် တိုက်ခတ်လာ၏။

လွှေဟန်ကျီးက ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်ပြီး ပြတင်းပေါက်မှ အပြင်ဘက်သို့ ခုန်ထွက်လိုက်၏။



ထို့နောက် အမှောင်ထုအတွင်းသို့ တိုးဝင်လိုက်လေသည်။

ကျူးယု တည်းခိုနေသောနေရာကို စုံစမ်းထားပြီးသည်မို့ သူက ထိုတည်းခိုခန်းဘက်သို့သာ ဦးတည်ထွက်ခဲ့၏။

လမ်းတွင် ရဲမက်အချို့ ကင်းလှည့်နေသည်ကို တွေ့လိုက်ရသဖြင့် အမှောင်ထုအတွင်း အသာအကွယ်ယူကာ ပုန်းခိုနေလိုက်၏။

ရဲမက်များက အကျော်ဖြတ်သွားမှ ဆက်၍ ထွက်လာခဲ့လေသည်။ ညဉ့်နက်နေပြီဖြစ်၏။ အိမ်တိုင်းလိုလို မီးများ ငြိမ်းသတ်ထားပြီဖြစ်၏။

လွှေဟန်ကျီးက အမှောင်ထုအတွင်း သွက်လက်စွာ လှုပ်ရှားလာခဲ့ရာ မကြာမီ တည်းခိုခန်းဆီသို့ ရောက်ရှိလာလေသည်။

လွှေဟန်ကျီးက ခြေလှမ်းများ ရပ်တန့်လိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်၏။

အရာရာသည် ပကတိ တိတ်ဆိတ် ငြိမ်သက်လျက်ရှိနေ၏။

လွှေဟန်ကျီးက တည်းခိုခန်းအနီး ချဉ်းကပ်လိုက်၏။

ခြေတစ်ချက် ဆောင့်လိုက်ရာ သူ၏ခန္ဓာကိုယ်သည် တည်းခိုခန်း အဓေပါ ထပ်သို့ ရောက်ရှိသွားလေသည်။

ထိုစဉ်မှာပင်....

'အား....'

နာကျင်စွာ အော်ဟစ်လိုက်သံသည် တိတ်ဆိတ်ငြိမ်သက်နေသော ညဉ့်ယံကို ထိုးဖောက် ထွက်လာလေသည်။

လွေဟန်ကျိုးမှာ ရင်ထိတ်သွား၏။

သူသည် အမြန်ပင် အသံကြားရာ အခန်းဆီသို့ ပြေးသွားလိုက်၏။ အခန်းတံခါးကပွင့်လျက်....။

ကြမ်းပြင်တွင် လူတစ်ယောက် လဲကျနေ၏။ ထိုလူမှာ ကျူးယုပင် ဖြစ်ပါသည်။ လွေဟန်ကျိုးက ကျူးယုအား ပွေ့ထူလိုက်၏။

'ကျူးယု....ကျူးယု

ကျူးယုက နာကျင်သောဝေဒနာကို ခံစားရင်းက မျက်လုံးဖွင့်လာ၏။ ကျူးယု၏ ရင်ဝ၌ ဓားရှည်တစ်လက် စိုက်ဝင်နေသည်။

လွေဟန်ကျိုးက ကျူးယု မကြာမီ သေဆုံးတော့မည် ဖြစ်ကြောင်း နားလည်လိုက်၏။ ထို့ကြောင့် အလောတကြီး မေးလိုက်၏။

'ကျူးယု၊ ခင်ဗျား လျှုဝမ်းအော့နဲ့တွေ့ဖို့ ဘာကြောင့်ချိန်းဆိုတာလဲ'

ကျူးယု၏ လေသံသဲ့သဲ့ ထွက်ပေါ်လာ၏။

'စွန်ရဲ နယ်စားဂေဟာထဲဝင်သွား'

လွေဟန်ကျိုး မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျား ဘာပြောတာလဲ'

ကျူးယုက ထပ်ပြောလိုက်၏။

'စွန်ရဲ နယ်စားဂေဟာထဲရောက်....'

လွေဟန်ကျိုးက....

'လျှုဝမ်းအော့နဲ့ ဘာကြောင့်ချိန်းတာလဲ'



ကျူးယုက ထိုစကားသာ ထပ်ပြောပြန်၏။

'စွန်ရဲ နယ်စားဂေဟာထဲရောက်'

လွေဟန်ကျိုးမှာ စိတ်မရှည်ဖြစ်လာ၏။

ထိုစဉ် တည်းခိုခန်းဆီသို့ ပြေးလွှားလာနေကြသော ရဲမက်များ၏ ခြေသံများနှင့် စကားသံများကို ကြားလိုက်ရလေသည်။

လွေဟန်ကျိုး၏ခန္ဓာကိုယ် တောင့်တင်းသွား၏။

သူ ဤနေရာတွင် ဆက်မနေသင့်တော့ပါ။ အန္တရာယ်၏အငွေ့အသက်များကို ခံစားလိုက်ရ၏။

ထိုစဉ် ခြေသံများက လှေကားအတိုင်း ထွက်ပေါ်လာ၏။ လွေဟန်ကျိုးမှာ ကျူးယုအား ကြမ်းပြင်ပေါ် ပြန်ချလိုက်ပြီး မျက်နှာကျက်ပေါ် ခုန်တက်လိုက်၏။

ထို့နောက် အမိုးကို ထိုးခွဲလိုက်ပြီး ခေါင်မိုးပေါ်မှတစ်ဆင့် အပြင်သို့ ခုန်ချလိုက်သည်။

ရဲမက်အချို့က သူ့အား လှမ်းတွေ့သွားလေသည်။

'ဟိုမှာ....ဟိုမှာ'

'ဟေ့-မပြေးနဲ့၊ ရပ်စမ်း'

အော်ဟစ်သံများနှင့်အတူ ပြေးလွှားလာကြ၏။

လွေဟန်ကျိုးမှာ အချိန်မဆိုင်းဘဲ အမှောင်ထု အတွင်းသို့ တိုးဝင်ကာ ထွက်ပြေးသွားလေသည်။

'လိုက်ဟ....မလွတ်စေနဲ့'

'ဟေ့....ဟိုဘက်က ဖြန့်ပြီးလိုက်'

ဩသံပေးသံများနှင့်အတူ ရဲမက်များက နောက်မှပြေးလိုက်လာကြသည်။

လေ့ဟန့်ကျိုး ရှင်ထိတ်သွား၏။

ရဲမက်များ မိသွားလျှင် သူမည်သို့မျှ ဖြေရှင်းရမည်မဟုတ်တော့ပေ။

ထို့ကြောင့် ကိုယ်ဖော့ပညာကိုသုံးကာ အစွမ်းကုန် ပြေးလွှားလိုက်၏။

သူသည် အချိန်အတန်ကြာ မလှုပ်ရှားဘဲ နေခဲ့သော်လည်း သူ၏ ကိုယ်ဖော့ပညာ ယုတ်လျော့ခြင်း မရှိသေးသည်ကို တွေ့လိုက်ရ၏။

နောက်ဆုံး သူသည် ရဲမက်များအား မြက်ညှိခြုံဖြတ်ထားနိုင်ခဲ့လေတော့သည်။

....o....



ကြူးစိန်က သက်ပြင်းချလိုက်သည်။

'အံ့ဩစရာပဲ'

ရှောင်ကွမ်းက....

'ဘာဖြစ်လို့လဲ'

ကြူးစိန်က....

'ကျူးယု တောင်က လွတ်လာတာ မကြာသေးဘူး၊ အခု သူ ဒီကိုရောက်လာမှ အသက်ခံလိုက်ရပြီ'

ရှောင်ကွမ်းက....

'နှစ်ရက်အတွင်း ပြဿနာနှစ်ခု ဖြစ်ပွားတာ ကောင်းတဲ့ ဂူဏ္ဏမဟုတ်ဘူးဗျ'

ကြူးစိန်က...

'ကျူးယု ကိစ္စတော့ ရှင်းမှာပါ'

ရှောင်ကွမ်းက....

'ဘာဖြစ်လို့လဲ'

ကြူးစိန်က....

'ကျူးယု ဘယ်လိုလူမျိုးလဲဆိုတာ ခင်ဗျားသိမှာပဲ'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

ကျူးယု အကြောင်းကို ဤနယ်မြေတွင် မသိသူရှိမည် မထင်ပါ။

လွန်ခဲ့သော ဆယ့်ငါးနှစ်ကျော် ကာလများက ကျူးယုသည် အလွန်ကျော်ကြားခဲ့ပေသည်။

ထိုကာလများသည် မွန်ဂိုများနှင့် စစ်မက်ဖြစ်ပွားနေသော ကာသတများပင်ဖြစ်၏။

ကျူးယုသည် မွန်ဂိုသစ္စာခံ အဖွဲ့အစည်းဖြစ်သည်။

စွန်ရဲ့အဖွဲ့မှ ဒုတိယခေါင်းဆောင်ပင် မဟုတ်ပါလား....

မွန်ဂိုများကို မောင်းထုတ်နိုင်ပြီး စွန်ရဲ့အဖွဲ့ပြိုကွဲကာ ကျူးယုတို့ကိုလည်း တရားဥပဒေဘောင်အတွင်းသို့ အရောက်ပို့နိုင်ခဲ့၏။

ယခုမှ ကျူးယု ထောင်မှထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

ကြူ စိန်က ဆက်ပြောလိုက်၏။

'ကျူးယုလိုလူမျိုးကို မျိုးချစ်သိုင်းသမားတွေက လက်ပိုက်ကြည့် နမှာ မဟုတ်ဘူးဗျ'

ရှောင်ကွမ်းက...

'ကျူ ယုကို မျိုးချစ်သိုင်းသမားတွေက လုပ်ကြံသွားတယ်လို့ဆိုချင်တာလား'

ကြူးစိန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ရှောင်ကွမ်းက....

'ဘာပဲဖြစ်ဖြစ် ဒါဟာ လူသတ်မှုပဲ'

ကြူးစိန်က သက်ပြင်းချလိုက်၏။

ရှောင်ကွမ်းက ဆက်ပြောလိုက်သည်။

'လူတစ်ယောက်မှာ ဘယ်လိုပဲ အပြစ်ရှိနေ ရှိနေ တရားလက်လွတ် သတ်ဖြတ်တာမျိုး ကျုပ်က လက်ပိုက် ကြည့်နေနိုင်မှာမဟုတ်ဘူး'

ကြူးစိန်က....

'ခင်ဗျားက ဒီကိစ္စ စုံစမ်းမယ် ဟုတ်လား'



ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ဒီကိစ္စမှာ ခင်ဗျားနဲ့ကျုပ် အမြင်ချင်းမတူဘူး၊ ကျုပ်က ကျူးယုကို မျိုးချစ်သိုင်းသမားတွေ လုပ်ကြံတယ်လို့ မယူဆလို့ ဘဲ'

ကြူးစိန်က မျက်မှောင်ကြုတ်သွား၏။

'ခင်ဗျားက ဘာကြောင့် ဒီလိုမယူဆရတာလဲ'

ရှောင်ကွမ်းက....

'ကျူးယုရဲ့ သိုင်းပညာအဆင့်ကို ခင်ဗျားသိသလား'

ကြူးစိန်က....

'သူဟာ တစ်ချိန်က ခွန်လွန်ဂိုဏ်းမှာ ခြောက်နှစ်လောက် ပညာသင်ခဲ့ဖူးတယ်လို့ သိရတယ်၊ သူ့ရဲ့ဓားပညာဟာ ထက်မြက်မှာတော့ သေချာတယ်'

ရှောင်ကွမ်းက ပြုံးလိုက်သည်။

'အခု သူ့သေပုံကို မင်းတွေ့တယ်မဟုတ်လား၊ သူ့ရဲ့ရှေ့တည့်တည့်က တိုက်ခိုက်သွားခဲ့တယ်၊ အခန်းထဲမှာ တိုက်ပွဲဖြစ်တဲ့ လက္ခဏာ မတွေ့ရဘူး'

ကြူးစိန်က သက်ပြင်းချလိုက်၏။

'ကျူးယုကိုသတ်တဲ့လူဟာ ကျူးယုနဲ့သိတဲ့လူလို့ ခင်ဗျားက ဆိုချင်တာလား'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ကျူးယုကို သတ်တဲ့လူဟာ ကျူးယုနဲ့ သိကျွမ်းရမယ်၊ ဒါကြောင့် တစ်ချက်တည်း အပိုင်လုပ်ကြံနိုင်ခဲ့တာပဲ၊ ဒီလူဟာလဲ တစ်ချိန်က မွန်ဂိုသစ္စာခံဖြစ်ရမယ်လို့ ကောက်ချက်

ဆွဲယူရင် ကျုပ်တို့နယ်မြေမှာ မွန်ဂိုသစ္စာခံ အင်အားစုတွေရှိနေတာ ထင်ရှားနေပြီ'

ကြူးစိန်က....
'ဒါ မဆန်းပါဘူး'

ရှောင်ကွမ်းက....
'ဘာဖြစ်လို့လဲ'

ကြူးစိန်က....
'နယ်စားကြီးကိုယ်တိုင် မွန်ဂိုတွေကို အလျှော့ပေးဆက်ဆံနေတာကိုး'

ရှောင်ကွမ်းက သက်ပြင်းချလိုက်၏။

'နိုင်ငံရေးဟာ ရှုပ်ထွေးပါတယ်ဗျာ၊ ကျုပ်တို့အလုပ်ပဲ ကျုပ်တို့လုပ်ကြတာပေါ့'

....●....



နေရောင်ခြည်မှာ ဇရပ်ပေါ်သို့ ထိုးကျနေ၏။

ဇရပ်ပျက်တစ်ခုဖြစ်၏။

ဇရပ်ပျက်၏ ထောင့်တစ်နေရာ ကြမ်းပြင်ပေါ်ဝယ် လူတစ်ယောက် လဲလျောင်းနေသည်။

နေရောင်ခြည်က ထိုလူ၏မျက်နှာပေါ်သို့ ထိုးကျလာမှ ထိုလူနိုးလာခဲ့သည်။

ထိုလူမှာ လေ့ဟန်ကျိုးပင် ဖြစ်ပါသည်။

လေ့ဟန်ကျိုးက တစ်ချက်သန်းဝေပြီး ထထိုင်လိုက်၏။

'ငါ ဘာဆက်လုပ်ရမလဲ'

သူ၏ခေါင်းထဲသို့ အစတွေးက ပထမဆုံး ဝင်ရောက်လာ၏။

လျူဝမ်းအော၏ ဆက်သွယ်မှုများက သူ့အား စိတ်လှုပ်ရှားစေသည် မဟုတ်ပါလား။

ငြိမ်သက်စွာနေခဲ့သော သူ့ဘဝတွင် ပထမဆုံးအကြိမ် စိတ်လှုပ်ရှားလာခဲ့ရပြီဖြစ်သည်။

သူကိုယ်တာလည်း လှုပ်ရှားရခြင်းကို နှစ်သက်သူတစ်ဦးဖြစ်နေသည် မဟုတ်ပါလား။

သူသည် ထိုပြဿနာကိုဖြေရှင်းရန် တွေးတောလိုက်မိ၏။

'စွန်ရဲ'

လေ့ဟန်ကျိုးက တီးတိုးရေရွတ်လိုက်၏။

စွန်ရဲကို သူ ကောင်းစွာ သိသည် မဟုတ်ပါလော။

စွန်ရဲသည် လူတစ်ယောက်ကို ရည်ညွှန်းသလို၊ ထိုလူခေါင်းဆောင်သော အဖွဲ့အစည်းကိုလည်း ရည်ညွှန်းပေသည်။

မွန်ဂိုစစ်ပွဲတွင် စွန်ရဲအဖွဲ့သည် အတော်ပင်နာမည်ကြီးခဲ့၏။ သို့သော် စွန်ရဲ ရုတ်တရက် သေဆုံးသွားပြီးနောက်တွင် မွန်ဂိုများလည်း ဆုတ်ခွာသွားရသလို၊ စွန်ရဲအဖွဲ့မှာလည်း ပျက်စီးသွားခဲ့၏။

ယခု ကျူးယုသေခါနီးတွင် စွန်ရဲသည် နယ်စားဂေဟာထဲ ရောက်နေသည်ဟု ပြောခဲ့၏။

သေဆုံးသွားသည်မှာ ကြာပြီဖြစ်သော စွန်ရဲက မည်သို့ နယ်စားဂေဟာထဲ ရောက်ရှိပါမည်နည်း။

ကျူးယုက အယောင်အတမ်းနှင့် ပြောသွားခြင်းလော။

သေဆုံးသွားသော စွန်ရဲ မဟုတ်ဘဲ အခြားသူတစ်ဦးလော။

လေ့ဟန်ကျုံးက ထရပ်လိုက်၏။

သူသည် လျူဝမ်းအော့၏ငွေများ ပြန်ယူပြီး ထိုကိစ္စကိုစုံစမ်းရန် ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

....ဝ....



အရက်ဆိုင်ကလေးအတွင်း....

လေ့ဟန်ကျုံးမှာ အရက်သောက်နေ၏။

သူသည် ပြဿနာအား မည်သည့်နေရာမှစတင်စုံစမ်းရမည်ကို တွေးတောနေမိ၏။

ကျူးယုသေဆုံးပုံကို စဉ်းစားကြည့်လိုက်၏။

ကျူးယုအား သတ်သွားသူသည် ကျူးယုနှင့် သိကျွမ်းသူတစ်ဦး ဖြစ်မည်ဟု သူ၏အတွေ့အကြုံအရ သိလိုက်၏။

ထိုလူသည် ကျူးယု တံခါးဖွင့်ပေးစဉ်ပင် ကျူးယုအား နှုတ်ပိတ်လိုက်ခြင်းဖြစ်သည်ကိုလည်း သိနေ၏။

စွန်ရဲသည် အသက်ရှင်နေသလော....

စွန်ရဲအဖွဲ့ အစည်း ရှင်သန်နေဆဲလော....

လေ့ဟန်ကျုံးက အရက်ခွက်ကို မော့သောက်လိုက်၏။

သူ့ထံ ပြဿနာ သယ်ဆောင်လာသူမှာ လျူဝမ်းအော့ဆိုသော မိန်းမလေးပင်ဖြစ်သည်။

သူက လျူဝမ်းအော့၏စကား ဆုံးအောင် နားမထောင်မိသည်ကို နောင်တရမိ၏။

လျူဝမ်းအော့ထံမှသာ သူ အကြောင်းစုံသိခဲ့ရလျှင်ပြဿနာများကို သူ သိခွင့်ရခဲ့မည် ဖြစ်၏။

ယခုအချိန်မှတော့ ဘာမှမတတ်နိုင်တော့ပါ။

ရုတ်တရက် သူက လူတစ်ယောက်ကို သတိရလာ၏။

'ခိုမင်းသား....'

လျူဝမ်းအော့အား သူ့ထံ စေလွှတ်လိုက်သူသည် ခိုမင်းသားပင် မဟုတ်ပါလော။

ခိုးခင်းသားနှင့်တွေ့လျှင် လျှုဝမ်းအောင်၏ အကြောင်းမှာ သိနိုင်သည်ဟု တွေးမိ၏။ အတွေးဆုံးသည်နှင့် ရှတ်ခြည်း ထရပ်လိုက်ပြီး ကျသင့်ငွေကို ရှင်းပေးလိုက်၏။

ထို့နောက် အရက်ဆိုင်အတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

....o....

ကျန်ကျီးမြို့....

ကျန်ကျီးမြို့သည် ချန်ကျန်းနယ် အတွင်း မြို့ကြီးလေးမြို့အနက် တစ်မြို့အပါအဝင် ဖြစ်ပါသည်။

ကျန်ကျီးမြို့သည် ချန်ကျန်းနယ်စား ရုံးစိုက်သည်။

ချန်ကျီးမြို့၏ တောင်ဘက်တွင် တည်ရှိပေသည်။

ကျန်ကျီးမြို့စားဂေဟာ....

မြို့အလယ်တွင်တည်ရှိပြီး သိပ်ကြီးမားခြင်း မရှိပါ။

မြင်းလှည်းတစ်စီး အရှိန်ပြင်းစွာ မောင်းနှင်လာလေသည်။



မြင်းလှည်းသည် မြို့စား ဂေဟာအနီး ရောက်သည်အထိ အရှိန်မလျော့ပါချေ။

ဂေဟာစောင့်ရဲမက်များက မြင်းလှည်းကိုမြင်သည်နှင့် တံခါးကို အသင့်ဖွင့်ပေးလိုက်သည်။

မြင်းလှည်းက ခြံဝင်းအတွင်း အရှိန်ဖြင့် မောင်းဝင်သွားပြီး ဂေဟာရှေ့ရောက်မှ ရုတ်တရက် ရပ်တန့်လိုက်သည်။

မြင်းလှည်းဘီးရပ်သံ ကျွီခနဲ ထွက်ပေါ်လာ၏။ မြင်းလှည်းတံခါးပွင့်သွားပြီး အသက်လေးဆယ်ကျော်ခန့် လူတစ်ဦး ဆင်းလာ၏။

ထိုလူမှာ မျက်နှာလေးထောင့်စပ်စပ်ဖြစ်ပြီး အဖိုးတန် ဝတ်စုံကို ဝတ်ဆင်ထား၏။

သူ၏ အဆောင်အဆောင်များက မြို့စားတစ်ဦးဖြစ်ကြောင်း ပြောပြနေ၏။

မှန်ပါသည်။

ထိုလူသည် ချန်ကျန်းနယ်အတွင်းရှိ မြို့စား ခုနစ်ဦး အနက် တစ်ဦးဖြစ်သော လျှုရင်စွေ့ပင် ဖြစ်ပါသည်။

ရဲမက်များက လျှုရင်စွေ့အား အရိုအသေပြုလိုက်သည်။ လျှုရင်စွေ့က ရဲမက်များအား ဂရုမထားဘဲ ဂေဟာထဲသို့ လှမ်းဝင်သွားလေသည်။

သူသည် သီးသန့်ခန်းဆီသို့ ဦးတည်လျှောက်ကာ ဝင်သွားလိုက်လေသည်။

သီးသန့်ခန်းတွင်း၌ ကျန်ကျိုးမြို့စားက အသင်သင့် စောင့်ဆိုင်းနေသည်။

လျူရှင်စွေ့က ကျန်ကျိုးမြို့စားနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်လေသည်။

ကျန်ကျိုးမြို့စားက....

'အလို....မြို့စားကြီး လျူရှင်စွေ့ မျက်နှာသုန်မှုန်ပြီး ဘယ်လိုဖြစ်လာတာလဲ'

ဟု မေးလိုက်သည်။

လျူရှင်စွေ့က....

'ကျုပ် အခုပဲ နယ်စားကြီးထံက ပြန်လာခဲ့တာဗျ'

ကျန်ကျိုးမြို့စားက မျက်မှောင်ကြုတ်သွား၏။

'ဆိုပါဦး၊ ဘာများထူးခြားသလဲ'

လျူရှင်စွေ့က မဲ့လိုက်၏။

'နယ်စားကြီးက မွန်ဂိုတွေဆီကို ချစ်ကြည်ရေးခရီး သွားမယ်လို့ သိခဲ့ရတယ်ဗျ'

ကျန်ကျိုးမြို့စားက ...

'နယ်စားကြီး ဘာသွားလုပ်မှာလဲ'

လျူရှင်စွေ့က....

'ကျုပ်လဲ မသိဘူး၊ သူဟာ မွန်ဂိုတွေနဲ့ ငြိမ်းချမ်းရေး အသံကောင်း အမြဲဟစ်နေတာပဲ မဟုတ်လား'

ကျန်ကျိုးမြို့စားက ဆက်ပြင်းချလိုက်သည်။



လျူရှင်စွေ့က....

'နယ်စားကြီးဟာ မွန်ဂိုတွေကို အလျှော့ပေးတယ်လို့ ကျုပ်ထင်တယ်၊ ခင်ဗျားကော ဘယ်လိုထင်သလဲ'

ကျန်ကျိုးမြို့စားက....

'သူဟာ အများလေးစားတဲ့ လူတစ်ယောက်ပါ၊ ဒါပေမယ့် ပျော့ညံ့....'

လျူရှင်စွေ့က နှာခေါင်းရှုံ့လိုက်၏။

'အပျော့ညံ့ဆုံး နယ်စားလို့သာ ပြောစမ်းပါဗျာ'

ကျန်ကျိုးမြို့စားက ပါးစပ်ပိတ်သွားသည်။

လျူရှင်စွေ့က ဆက်ပြောလိုက်သည်။

'တအယ်တော့ နှစ်နှစ်ဆယ်အတွင်း နယ်စား ငါးယောက် ပြောင်းလဲခဲ့တယ်၊ ကျန်တဲ့ နယ်စားအားလုံးဟာ မွန်ဂိုတွေကို ခပ်တင်းတင်း ဆက်ဆံခဲ့တယ်၊ အခု နယ်စား လက်ထက်ကျမှ အလျှော့ပေးနေတာ ကျုပ်တော့ ခံပြင်းသဗျ'

ကျန်ကျိုးမြို့စားက....

'ကျုပ်တို့နယ်ဟာ မွန်ဂိုနယ်စပ်နဲ့ ဆက်စပ်နေတဲ့ နယ်မြေပဲ၊ မွန်ဂိုတွေရဲ့ ကျူးကျော်မှုကို တန့်တားနေရတဲ့ ကျုပ်တို့ နယ်သူနယ်သားတွေ ပင်ပန်းကြတာ အမှန်ပဲ'

လျူရှင်စွေ့က....

'တောင်းပန်ပါဗျာ၊ ဆွေးကြောင်တဲ့ နယ်စားရဲ့ လက်သုံးစားတွေ ရှက်ပြုမနေစမ်းပါနဲ့'

ကျန်ကျိုးမြို့စားက ခေါင်းခါယမ်းလိုက်၏။

'စိတ်ထဲရှိသိုင်း ပြောသင့်မသား၊ နေပြည်တော်ရဲ့ အာဏာဟာ ဘာမှမရှိတာ ခင်ဗျားလဲ အသိပဲ၊ ဒီနယ်မြေမှာ နယ်စားကြီး ရဲ့ အာဏာကို ဘယ်သူလွန်ဆန်ဝံ့မလဲ'

လျူရင်စွေ့က ပါးစပ်ပိတ်သွား၏။

ကျန်ကျိုးမြို့စားကြီးက....

'တကယ်တော့နယ်စားကြီးအနားမှာရှိတဲ့အမတ်ကြီး စုဝှက်၊ တရေးသူကြီးနဲ့ ဘပ်မှူးကြီး၊ ဒီသုံးယောက် တစ်ဦးဦးရဲ့ စနက်ပဲ ဖြစ်လိမ့်မယ်'

လျူရင်စွေ့က တွေဝေသွား၏။

ကျန်ကျိုးမြို့စားကြီးက....

'နယ်စားကြီးဟာပြည်သူတွေအပေါ် ဘယ်လို သြဇာညောင်းတယ်ဆိုတာ ခင်ဗျားလဲ သိမှာပဲ၊ သူဟာ မှန်ကို တော်လှန်ရေး ကာသလာ သူရဲကောင်း တစ်ဦးပဲ မဟုတ်လား'

လျူရင်စွေ့က ထိုင်ရာမှ ထလိုက်၏။

ကျန်ကျိုးမြို့စားကြီးက....

'သိပ်သိ တော့ ရူမနေနဲ့၊ကျုပ်တို့အားလုံးဟာနိုင်ငံကိုချစ်မြတ်နိုးကြတဲ့ လူတွေချည်းပါပဲ'



လျူရင်စွေ့က....

'ဟုတ်တယ်၊ ကျုပ်လဲ ရုတ်တရက်ဆိုတော့ စိတ်မထိန်းနိုင်ဘဲ ဖြစ်သွားလို့၊ ကဲ–ကျုပ် အချိန်ရှိတုန်း ပြန်လိုက်ဦးမယ်'

သူသည်ကျန်ကျိုးမြို့စားအားနှုတ်ဆက်ပြီးခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

....o....

ည....

အလင်းရောင်က မသဲမကွဲသာ ရှိနေ၏။

ရှိုးမှက်များ ထနေသည့် လမ်းကြားလေးထဲ၌ လမ်းသွားရန် ကျောက်တုံးများ တန်းစီခင်းထား၏။

ရှိုးမှက်ရနံ့က ပုပ်အက်အက် ထွက်နေ၏။

လမ်းတစ်ဘက်တစ်ချက်တွင်တဲအိမ်ကလေးများ ပြွပ်သိပ်ကာ တည်ရှိနေလေသည်။ ဤနေရာသည် ဆင်းရဲသားရပ်ကွက်တစ်ခုပင် ဖြစ်၏။

ညဉ့်နက်ပြီ ဖြစ်သောကြောင့် အိမ်တိုင်းလိုလို မီးမှိတ်ကာ တံခါးပိတ်ထားကြလေသည်။ ထိုစဉ်သီချင်းသံ ထွက်ပေါ်လာ၏။ အသံဝါကြီးနှင့် အောဲဟစ်ဆိုလိုက်သံ ဖြစ်၏။ သီချင်းသံရှင်သည် မူးနေဟန် တူ၏၊ အာလေးလျာလေးဖြင့်အော်၍ဆိုနေခြင်း ဖြစ်ပေသည်။

သီချင်းသံ ထွက်ပေါ်လာပြီး မကြာမီပင် လမ်းကြားလေးထဲသို့ လူတစ်ယောက် လှမ်းဝင်လာ၏။

ထိုလူမှာ ရှိဒွက်မနင်းဘဲ ခင်းထားသော ကျောက်တုံးများပေါ် ယိုင်တိယိုင်တိုင် လျှောက်ရင်း ဝင်လာ၏။

သူ၏ ခန္ဓာကိုယ်မှာ ယိမ်းယိုင်နေသဖြင့် ကျောက်တုံးများပေါ်မှ ချော်ကျတော့မည်ကဲ့သို့ ထင်ရ၏။

သို့သော် လမ်းတစ်ဝက်သာ ကျိုးလာ၏။ ထိုလူသည် ယိုင်တိယိုင်တိုင်နှင့်ပင် ကျောက်တုံးများပေါ်မှ လျှောက်လာ နိုင်ခဲ့ပေသည်။

ထို့နောက် တဲအိမ်ကလေးတစ်လုံးရှေ့တွင် ရပ်တန့်လိုက်ပြီး တံခါးကို တွန်းဖွင့်ကာ လှမ်းဝင်လိုက်၏။

ပါးစပ်မှလည်း သီချင်းဆို မပျက်ပင်....

ထိုလူသည် ခေါင်းတွင် ဆောင်းထားသော ဦးထုပ်ကိုလွှင့်ပစ်လိုက်ပြီးနောက် မီးအိမ်ကို ထွန်းညှိလိုက်၏။

မီးရောင်မှာ တဲငယ်အတွင်း ဖြာကျသွားလေသည်။ ထိုလူ၏ သီချင်းသံ ရုတ်ခြည်း ရပ်တန့်သွား၏။

ပုဂ္ဂလိက
အမှတ် ၁၅/...



မျက်လုံးများကလည်း ပြူးကျယ်သွားခဲ့လေသည်။ တဲထောင့်ရှိ ခုတင်ပေါ်ဝယ် လူတစ်ယောက် လဲလျောင်းနေ၏။

မျက်နှာကို ကြီးမားသော ပါးခမောက်နှင့် အုပ်ထားသောကြောင့် မတွေ့ရပါချေ။

ထိုလူက နှာခေါင်းရှုံ့လိုက်ပြီး....

'မင်း ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ကျုပ်အိမ်ထဲ ဝင်နေရတာလဲ' ဟု မေးလိုက်၏။

ခုတင်ပေါ် အိပ်နေသူက ပြန်မဖြေပါ။

ထိုလူက ဒေါသ ထွက်သွား၏။

'ကျုပ်ခိုမင်းသားကို ဂရုမစိုက်တဲ့ နေရင် မင်း ဒီခုတင်ပေါ်မှာတင် အသက် သေဆုံးသွားရမယ်'

သူ၏ စကားအဆုံးတွင် ရယ်မောသံ ထွက်ပေါ်လာ၏။

ခုတင်ပေါ်မှ လူက အားရပါးရ ရယ်မောလိုက်ပြီး....

'ခိုမင်းသားက ခုထက်ထိ အပြောကြီးလှချည်လား'

ခိုမင်းသားက ဒေါသ ပိုထွက်သွား၏။

'ကျုပ် အပြောကြီးတာ ဟုတ်မဟုတ် မင်း သိရအောင် ထလိုက်ပါ၊ မဟုတ်ရင် မင်းတစ်ယောက် သေသွားရမယ်'

ခုတင်ပေါ်မှ လူက....

'မင်းက ကျုပ်ကိုသတ်နိုင်စွမ်းရှိလို့လား'

ခိုမင်းသားက ဘာမှမပြောတော့ပါ။

လျှပ်တစ်ပြက် ရှေ့ကျွမ်းထိုးလိုက်ပြီး ခုတင်ပေါ်မှလူအား ခြေထောက်နှင့် နင်းချလိုက်၏။

'ဝုန်း'

ခုတင် ကျိုးကျသွား၏။

ခမောက်နှင့်လူက စားပွဲတွင် ထိုင်လျက်သား ရှိနေ၏။

ခိုမင်းသားက ချက်ချင်းပင် လက်ဝါးနှင့် ခြေထောက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

သူ၏ပုံဟန်သည် အရက်မူးနေဟန် စိုးစဉ်းမျှ မရှိတော့ပါ။ တိုက်ခိုက်မှုများက လျင်မြန်သွက်လက်လွန်းလှ၏။

သို့သော် သူ၏တိုက်ခိုက်မှုများက ခမောက်နှင့်လူအား တစ်ချက်မျှ မထိခိုက်ပါချေ။

သိုင်းကွက်ဆယ်ကွက်မျှ တိုက်ခိုက်ပြီးနောက် ခိုမင်းသားက တိုက်ခိုက်မှုကို ရပ်တန့်လိုက်၏။

သူ၏မျက်နှာမှာလည်း ဖြူးဖြည်းဖြည်းဖြစ်လာ၏။

'လေ့ဟန်ကျိုး၊ မင်းက တကယ်ပဲ ပြန်ထွက်လာပြီကိုး'

ဟု အားရဝမ်းသာ ပြောလိုက်လေတော့သည်။

မှန်ပါသည်။

ခမောက်နှင့်လူမှာ လေ့ဟန်ကျိုးပင် ဖြစ်ပါသည်။ လေ့ဟန်ကျိုးက ခမောက်ကို တွန်းရုံရှိ ချိတ်တွင်ပစ်ကာ ချိတ်လိုက်၏



ခိုမင်းသားက လေ့ဟန်ကျိုးရှေ့တွင် ဝင်ထိုင်လိုက်၏။

'ဘာကိစ္စလဲ၊ ကျုပ်ဘာကူညီရမလဲ'

ဟု မေးလိုက်လေသည်။

လေ့ဟန်ကျိုးက....

'လျှိုဝမ်းအော့'

ခိုမင်းသားက မျက်မှောင်ကြုတ်သွား၏။

'ဒြော် မင်းက လျှိုဝမ်းအော့နဲ့ တွေ့လာခဲ့ပြီကိုး၊ သူ့ အလုပ်ကို မင်းလက်ခံလိုက်သလား'

လေ့ဟန်ကျိုးက သက်ပြင်းချလိုက်၏။

သူက ခေါင်းကို ညင်သာစွာ ခါလိုက်ပြီး....

'လက်မခံခဲ့ဘူး သူ့ အလုပ်ဘာဆိုတာ နားမထောင်ပဲ သူ့ကို မောင်းထုတ်လိုက်တယ်၊ အခုတော့ ဒီမိန်းကလေး သေသွားပြီဗျ'

ခိုမင်းသား၏ မျက်လုံးများ ပြူးကျယ်သွား၏။

'ဘယ်....ဘယ်လို လျှိုဝမ်းအော့ သေပြီဟုတ်လား'

လေ့ဟန်ကျိုးက....

'ဟုတ်တယ်'

သူက လျှိုဝမ်းအော့ သေဆုံးသွားပုံကို ပြန်ပြောပြလိုက်၏။

ခိုမင်းသားက စကားဆုံးအောင် နားထောင်ပြီးနောက် မှတ်ချက်ချလိုက်ပြီးလေသည်။

'ဒီမိန်းကလေးက စိတ်မှ မှန်ရဲ့လား'

လှေသူဟန်ကျိုးက…

'ဒါက အကြောင်း မဟုတ်ပါဘူး'

ခိုမင်းသားက…

'ဘာက အကြောင်းလဲ'

လှေသူဟန်ကျိုးက…

'ဒီမိန်းကလေး သေဆုံးသွားပေမယ့် ပြဿနာတွေ ရှိနေသေးတယ်လို့ ကျုပ်ထင်တယ်'

ခိုမင်းသားက…

'ခင်ဗျားက သူ့အလုပ်ကို လက်မခံဘဲနေပြီး အခုမှ ဘာလို့ စိတ်ဝင်စား နေရတာလဲ'

လှေသူဟန်ကျိုးက ပခုံးတွန့်လိုက်၏

ခိုမင်းသားက…

'ခင်ဗျား ကျုပ်ဆီက ဘာသိချင်လို့လဲ'

လှေသူဟန်ကျိုးက တစ်လုံးချင်း ပြောလိုက်လေသည်။

'လျှဝမ်းအော့ အကြောင်း'

ခိုမင်းသားက အံ့အားသင့်သွား၏။



'ခင်ဗျားက သူသေပြီးမှ သူ့အကြောင်းသိချင်တာ အတော်ဆိုးတာပဲ'

လှေသူဟန်ကျိုးက ခိုမင်းသားအား စိုက်ကြည့်လိုက်၏။

'မင်းသား သူ့ကိုကျုပ်ဆီညွှန်လိုက်တာဆိုရင် ကျုပ် မင်းဆီကို ရောက်လာမှာမဟုတ်ပါဘူး'

….၀….

ခိုမင်းသားက အရက်ခွက်ကို စားပွဲပေါ် ပြန်ချလိုက်၏။

'လျှဝမ်းအော့ကို ကျုပ်လဲ မသိဘူးဗျ'

လှေသူဟန်ကျိုးက ခိုမင်းသားအား စိုက်ကြည့်လိုက်၏။

ခိုမင်းသားက ဆက်ပြောလိုက်၏။

'သူက အတော်ဆုံး လူသတ်သမားကို လိုက်ရှာနေတာ၊ အခကြေးငွေကလဲ မြိုးမြိုးမြက်မြက်ပေးမယ်လို့ ပြောခဲ့တယ်၊ သူပြောတာတွေကတော့ ဒီလောက်ပါပဲ'

လေ့ဟန်ကျိုးက....

'သူပြောတာ ပြောပြပါဦး'

ခိုမှင်းသားက....

'အဲဒီလျှုဝမ်းအော့ဆိုတဲ့မိန်းကလေးဟာ တစ်စုံတစ်ယောက်နဲ့ ရန်ဖြိုးကြီးမားခဲ့ပုံ ရတယ်ဗျ'

လေ့ဟန်ကျိုးက သက်ပြင်းချလိုက်၏။

ခိုမင်းသားသည် အာမျှသိဟန်မတူပါ။

ထိုစဉ် ခိုမင်းသားက ဆက်ပြောလိုက်၏။

'သူ့စာအားထဲမှာ ရယ်စရာ ကောင်းတာတော့ တစ်ခုပါတယ်'

လေ့ဟန်ကျိုးက....

'ဘာများလဲ'

ခိုမင်းသားက....

'သူဟာ စွန်ရဲကိုသတ်ချင်နေတယ်'

လေ့ဟန်ကျိုး၏ မျက်ခုံးအစုံက အပေါ်သို့ မြင့်တက်သွားသည်။

ခိုမင်းသားက ရယ်မောရင်း ပြောလိုက်၏။

'စွန်ရဲ သေသွားတာ နှစ်ပေါင်းမနည်းတော့ပါဘူး၊ သေပြီးတဲ့လူကိုမှ သတ်ချင်နေတာ မထူးဆန်းဘူးလားဗျ'



လေ့ဟန်ကျိုးက သက်ပြင်းအသာချလိုက်၏။

'မင်းက ဒီမိန်းကလေးကို ရှူးနေတယ်လို့ မထင်ဘူးလား'

ခိုမင်းသားက....

'မထင်ခဲ့ဘူး၊ ဒါကြောင့် ခင်ဗျားဆီကို လွှတ်လိုက်တာပေါ့၊ အခုမှ ဒီမိန်းကလေးဟာ ရှူးနေမှန်း သိရတော့တယ်'

လေ့ဟန်ကျိုးက တွေဝေသွား၏။

လျှုဝမ်းအော့သည် မိုက်မဲစွာဖြင့် နယ်စားကြီးတို့လူစုအား လုပ်ကြံရန်ကြိုးပမ်းရင်း သေဆုံးသွားခြင်း ဖြစ်၏။

သူက ရူးသွပ်နေဟန်မတူပါ။

သူမသည် စွန်ရဲကိုသတ်ချင်နေသည်ဟု သိရ၏။ ကျူးယုက လည်း နယ်စားဂေဟာအတွင်း စွန်ရဲရှိနေသည်ဟူသော အဓိပ္ပာယ် သက်ရောက်သည့်စကားတို့ကို ပြောခဲ့၏။

လေ့ဟန်ကျိုး၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တောင့်တင်းသွား သည်။

စွန်ရဲ တစ္ဆေခြောက်ပြီလော....

ခိုမင်းသားက....

'တစ်ခုတော့ရှိတယ်ဗျ၊ ဒီမိန်းကလေးရဲ့အမည် လျှုဝမ်းအော့ ဆိုတာ တစ်ချိန်က ရှိခဲ့ဖူးတယ်'

လေ့ဟန်ကျိုးက ခိုမင်းသားအား ကြည့်လိုက်၏။

ခိုမင်းသားက....

'တစ်ချိန်က စွန်ရဲအဖွဲ့အစည်းထဲမှာ လျှိုဝမ်းအော့ဆိုတဲ့ အမျိုးသမီးတစ်ယောက် ရှိခဲ့တယ်၊ သူဟာ စွန်ရဲရဲ့လူယုံခုနစ်ယောက်ထဲက တစ်ယောက်အပါအဝင်ပဲ'

လေ့ဟန်ကျုံးမှာ အလွန်စိတ်ဝင်စားသွားလေသည်။

သူသည် မထင်မှတ်ဘဲ ရှုပ်ထွေးလှသည့် ပြဿနာအစကို ဆွဲကိုင်မိပြီဟုလည်း ခံစားလိုက်ရ၏။

ခိုမင်းသားက ဆက်ပြောလိုက်၏။

'ခင်ဗျား ဘာလုပ်မလဲ'

လေ့ဟန်ကျုံးက....

'ကျုပ် စွန်ရဲကိစ္စ စုံစမ်းမယ်'

'ကျုပ်စွန်ရဲကိစ္စ စုံစမ်းမယ်'

ခိုမင်းသားက....

'စွန်ရဲ သေခဲ့တာကြာပြီပဲ၊ ဒါကို လူတိုင်းသိကြတာပဲ မဟုတ်လား'

လေ့ဟန်ကျုံးက....

'အခု ပြဿနာတွေဟာ စွန်ရဲနဲ့ ပတ်သက်နေတယ်၊ ပထမစွန်ရဲ မဟုတ်ရင်လဲ၊ စွန်ရဲအဖွဲ့က လက်ကျန်လူတွေက အစည်းလုံးစွာ ရှိနေတာဖြစ်ရမယ်'



ခိုမင်းသားက....

'ခင်ဗျားက စွန်ရဲအဖွဲ့ ပြန်လှုပ်ရှားလာတယ် ထင်လို့လား'

လေ့ဟန်ကျုံးက....

'ကျူးယုကို မတွေ့ရင် ဒီအတွေး ကျုပ်တွေးမိမှာ မဟုတ်ဘူးဗျ'

ခိုမင်းသားက....

'ခင်ဗျားက လျှိုဝမ်းအော့ ကိစ္စကို လက်မှမခံခဲ့ဘဲ ဘာလို့ ဝင်စွက်မှာလဲ'

လေ့ဟန်ကျုံးက....

'လျှိုဝမ်းအော့က ကျုပ်ကို ငွေတွေပေးထားခဲ့တာ၊ ဒီငွေနဲ့ တန်အောင်အလုပ်၊ လုပ်ရမယ်ဗျ'

သူ့စကားသည် ဆင်ခြေဆက်သက်ဖြစ်ကြောင်း သိလိုက်၏။ သူကိုယ်တိုင်က စိတ်ဝင်စားနေခဲ့ပြီ မဟုတ်ပါလား....

ခိုမင်းသားက သက်ပြင်း ချလိုက်သည်။

'ကျုပ်ဘာကူညီ ရမှာလဲ'

လေ့ဟန်ကျုံးက...

'လျှိုဝမ်းအော့အကြောင်း စုံစမ်းပေးပါ'

ခိုမင်းသားက....

'ဘယ်လျှို မ်းအော့လဲ'

လေ့ဟန်ကျူိးက....

'နှစ်ယောက် စလုံးပဲ'

ခိုမင်းသားက ခေါင်ညိတ်လိုက်၏။

'ကောင်းပါပြီ၊ ကျုပ်စုံစမ်းထားလိုက်ပါ့မယ်'

....၀....

ရှောင်ကွမ်းက အခန်းတွင်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ ကြူးစိန်က အဝေးသို့ ငေးမောနေ၏။

ရှောင်ကွမ်းက....

'ကျူးယု အဆက်အသွယ်တွေကို စုံစမ်းလို့ရပြီလား'

ကြူးစိန်က....

'ကျူးယုဟာ အသတ်ခံရမယ့်နေ့မတိုင်မီ တစ်ရက်က ရောက်လာတာပါ၊ သူဟာ ဘယ်သူနဲ့မှ တွေ့ဆုံသွားခဲ့ဟန် မတူပါဘူး၊ ကျုပ် ကြိုးစားပြီး စုံစမ်းနေဆဲပါပဲ'



ရှောင်ကွမ်းက မျက်မှောင်ကြုတ်လိုက်ပြီး....

'ကျူးယုအကြောင်း ကျုပ်တို့ ပြည့်ပြည့်စုံစုံ သိထားရင် စုံစမ်းလို့ ပိုလွယ်မယ်ဗျ'

ကြူးစိန်က....

'မှတ်တမ်းတွေထဲမှာ ကျူးယုအကြောင်း ရှိပါတယ်၊ ဒါပေမယ့် ဘာဘချီဝမ်ဆီကို သွားမေးလိုက်ရင် ပိုပြီး ရှင်းသွားလိမ့်မယ်'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်ပြီး....

'ကောင်းတယ်၊ ကျုပ်တို့ သွားစေးကြစို့'

....၀....

အဘိုးအိုတစ်ယောက်....

အသက် ခုနစ်ဆယ်ကျော်ခန့် ရှိ၏။

သူသည် ပန်းခြံအတွင်း ပန်းပင်သေးများကို ပေါင်းသင်နေ၏။ ထိုအဘိုးအိုသည် ဘာဘချီဝမ်ပင် ဖြစ်၏။

ဤမြို့တွင် သူ့ကို မသိသူမရှိဆလို၊ သူက မသိသေးတဲ့ လူလဲ မရှိသလောက် ရှားပါးပေသည်။

ဤအဘိုးအိုသည် ဤမြို့ကလေး၏ အာဏာသား ခေါင်းဆောင်အဖြစ် အနှစ် နှစ်ဆယ်မျှ အမှုထမ်းခဲ့သူ မဟုတ်ပါလား။

'အဟမ်း....'

ရှောင်ကွမ်းက ချောင်းတစ်ချက် ဟန့်လိုက်၏။

ချိဝမ်က ရှောင်ကွမ်းအား တွေ့မြင်သွား၏။

'ဩော်....ရှောင်ကွမ်းပါလား၊ ကိစ္စရှိလား'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

ချိဝမ်က အာမျှ ဆက်မမေးတော့ဘဲ လက်ဆေးပြီး အိမ်ကလေးထဲသို့ ခေါ်သွားလေသည်။

'ဆို....ဘာကိစ္စလဲ'

ရှောင်ကွမ်းက သူ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ပြန်လည်ပြောပြလိုက်လေသည်။

ချိဝမ်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

ရှောင်ကွမ်း စကားဆုံးသောအခါမှ မေးလိုက်၏။

'မင်းက စွန်ရဲ့အဖွဲ့ လှုပ်ရှားမှုစလာတယ်လို့ ယူဆထားတယ် ဟုတ်လား'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်၊ ကျူးယု သေပုံသေနည်းအရ ကျူးယုကို သတ်တဲ့လူဟာ ကျူးယုနဲ့အလွန်ရင်းနှီးတဲ့လူ ဖြစ်ပါလိမ့်မယ်'

ချိဝမ်က....

'မင်းယူဆတာ မဆိုးပါဘူး၊ ကဲ....ကျုပ် ဘာကူညီရမလဲ'

ကြူးစိန်က ကြားဖြတ်ပြောလိုက်သည်။

'ကျူးယုအကြောင်း သိချင်လို့ပါ'

ချိဝမ်က မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်သည်။ အတန်ကြာမှ တစ်လုံးချင်း ပြောချလိုက်သည်။

'ကျူးယုဟာ စွန်ရဲ့အဖွဲ့ရဲ့ ဒုတိယခေါင်းဆောင်ပဲ၊ စွန်ရဲ့လူယုံ ခုနစ်ယောက်အနက် တစ်ယောက်အပါအဝင်ပဲ၊ သူဟာ စွန်ရဲ့ မသေခင်ကလေးမှာပဲ အဖမ်းခံလိုက်ရတယ်၊ နေပြည်တော် အကျဉ်းထောင်မှာ ပြစ်ဒဏ်ပေးခံရတယ်'

ချိဝမ်က ပြုံးရင်း ဆက်ပြောလိုက်သည်။

'သူဟာ ထောင်ထဲမှာ အလွန်အေးချမ်းပြီး စည်းကမ်းနဲ့အညီ နေထိုင်ခဲ့တယ်၊ ဒါပေမယ့် သူလွတ်မယ့် နေ့မတိုင်ခင် ဆယ်ရက်မှာ သူဟာ ထောင်ထဲမှာ ရန်ဖြစ်ပြီး နောက်တစ်ရက် ထပ်ကျခဲ့တယ်'

ရှောင်ကွမ်းတို့က စိတ်ဝင်စားစွာဖြင့် နားထောင်နေကြလေသည်။

ချိဝမ်က ဆက်ပြောလိုက်သည်။

'ကျူးစုဟာ နှစ်စေလို့ လွတ်ခါနီးမှာပဲ နောက်ထပ် ပြဿနာတစ်ခု ပေါ်လာပြီး ထောင်သုံးနှစ် ထပ်ကျခဲ့တယ်၊ စုစုပေါင်း ဆယ့်လေးနှစ်ပဲ

ရှောင်ကွမ်းက အံ့အားသင့်သွားသည်။

'ရှိးမှ ရှိးရဲ့လား'

ချိုဝမ်က....

'ဟုတ်တယ်၊ ကျုပ်လဲ ဒီလိုပဲ ယူဆတယ်၊ အခုလဲ ထွက်ခါနီးမှာ ပြဿနာ ထပ်ပေါ်ပြန်တယ်၊ ဒီတစ်ခါတော့ သူနဲ့မပတ်သက်ကြောင်း သက်သေပြနိုင်လို့ သူလွတ်လာခဲ့တာပဲ'

ရှောင်ကွမ်းက....

'ဒါဆိုရင် သူ့ကို တစ်စုံတစ်ယောက်က ထောင်ထဲမှာ ကြာရှည်နေရအောင် ဖန်တီးနေသလိုပါလား'

ချိုမ်က ခေါင်းညိတ်လိုက်သည်။

'အေး....မင်းလိုပဲ အာဏာပိုင်တွေက ယူဆမိလို့ ဒီတစ်ကြိမ် အပြစ်မကျဘဲ လွတ်လာခဲ့တာပဲ'

ရှောင်ကွမ်းက....

'သူလွတ်လာတာ သေဖို့ဖြစ်သွားတယ်'

ချိုမ်က မောသွားဟန်ဖြင့် ရေနွေးတစ်ခွက် ငှဲသောက်လိုက်သည်။

ရှောင်ကွမ်းက....

'ကျူးယုကို ဘာကြောင့် နှုတ်ပိတ်ချင်နေရတာလဲ'

ချိုမ်က ပခုံးတွန့်လိုက်၏။

ရှောင်ကွမ်းက....

'ကျုပ် ရအောင်စုံစမ်းမယ်'။



ချိုဝမ်က ခေါင်းညိတ်လိုက်သည်။

'ဒါထက် နယ်စားကြီးတို့ကိုလုပ်ကြံတဲ့မိန်းကလေးက ဘယ်သူ ကယ်ဝါဆိုတာ သိပြီလား'

ရှောင်ကွမ်းက....

'မိန်းကလေးအမည် လျူဝမ်းအော့ဆိုတာကလွဲလို့ ဘာမှ မသိရပါဘူး၊ နယ်စားကြီးတို့နဲ့ ရန်ငြိုးရှိပုံ မရပါဘူး၊ သူဟာ စိတ်ရှုးပေါက်နေတဲ့ တစ်ယူသန်မိန်းကလေးတစ်ယောက် ဖြစ်နိုင်ပါတယ်'

ချိုဝမ်က....

'သူ့နာမည်က လျူဝမ်းအော့ ဟုတ်လား'

ရှောင်ကွမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ဘာဘ၊ ဒီမိန်းကလေးကို သိလို့လား'

ချိုဝမ်က မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်၏။

'ကျုပ် ဒီနာမည်ကို ကြားဖူးတယ်ဗျ'

ရှောင်ကွမ်းက....

'ဘယ်မှာ ကြားဖူးတာလဲ'

ချိုဝမ် သက်ပြင်းချလိုက်၏။

'နေဦး၊ ကျုပ် စဉ်းစားဦးမယ်'

ရှောင်ကွမ်းက အလိုက်သိစွာဖြင့် စကားမပြောဘဲ ထိုင်နေလိုက်၏။

အတန်ကြာမှ ချိုဝမ်က ခေါင်းခါယမ်းရင်း....

'ကျုပ် လောလောဆယ် စဉ်းစားမှုရသေးဘူး'

'ဘဘ အေးအေးဆေးဆေးသာစဉ်းစားပါ၊ ကျုပ် နောက် တစ်ခေါက်ပြန်လာခဲ့မယ်'

သူသည် ချိုမ်အား ဂါရဝပြုပြီး အိမ်ကလေးထဲမှ ထွက်လာ ခဲ့လေတော့သည်။

....၀....

မြို့စားဂေဟာ....

ဂေဟာသည် ကြီးကျယ်ခန်းနားခြင်း မရှိပါ။

ထည်ဝါစွာ ပြင်ဆင်ထားခြင်း မရှိပါ။

ဂေဟာထဲ၌ မြို့စား လျှုရင်စွေ့က ခေါက်တုံ့ခေါက် အမ်းလျှောက်နေလေသည်။

သူ၏ရှေ့တွင် လူရွယ်နှစ်ယောက်က ဒူးထောက်နေ၏။



ထိုလူနှစ်ယောက်မှာ ဝမ်ပေ့နှင့် ဝမ်ကျို့တို့ပင် ဖြစ်၏။ ဝမ်ပေ့နှင့် ဝမ်ကျို့တို့မှာ နာမည်ဆင်တူသော်လည်း ညီအစ်ကို များ မဟုတ်ပါ။

မြို့စား လျှုရင်စွေ့၏ ဘယ်ညာလက်ရုံးများ ဖြစ်ကြပေ သည်။

လျှုရင်စွေ့က....

'ဝမ်ပေ့'

'အမိန့်ရှိပါ မြို့စားကြီး'

လျှုရင်စွေ့က....

'ကျုပ်တို့နယ်စားကြီးရဲ့ခြေလှမ်းကို စောင့်ကြည့်ခဲ့တာ ဘယ် အခြေအနေရှိပြီလဲ'

ဝမ်ကျို့ မျက်လုံးပြူးသွား၏။

သူက ထိုအကြောင်းများ ယခုမှသိရသည် မဟုတ်ပါလား။

ဝမ်ပေ့က....

'အခြေအနေ ထူးခြားမှုတော့ မရသေးပါဘူး၊ ဒါပေမယ့် နယ်စားကြီးရဲ့ မှန်ကိုခရီးစဉ်မှာတော့ ထူးခြားလာနိုင်တယ်လို့ ယူဆရပါတယ်'

လျှုရင်စွေ့ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'ဝမ်ကျို့ အံ့သြနေသလား'

ဝမ်ကျို့ ခေါင်းညိတ်လိုက်သည်။

'မှန်ပါ မြို့စားကြီး'

လျှုရှင်စွေ့က....
'ကျုပ်တို့က နယ်စားကြီးရဲ့လုပ်ရပ်တွေကို စုံစမ်းနေတာဟာ အလွန် အန္တရာယ်ကြီးလှပါတယ်၊ ဒါကြောင့် မပေါက်ကြားဖို့ လိုမယ်'

ဝမ်ကျိုက ခေါင်းတွင်တွင်ညိတ်လိုက်၏။

လျှုရှင်စွေ့က...
'ဝမ်ပေ့၊ ကျုပ်တို့ ဒီခရီးစဉ်အတိုင်း ဆက်ပြီး စုံစမ်းပါ ကျုပ်တို့မြေကို မှန်ဂိုတွေ လက်ထဲ မရောက်အောင် အစွမ်းကုန် ကာကွယ်ရမယ်'

ဝမ်ပေ့က....
'စိတ်ချပါ မြို့စားကြီး၊ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစား ဆောင်ရွက်ပါ့မယ်'

—၀—



အခန်းတစ်ခုအတွင်း....
မီးရောင်က မှိန်မှိန်တလေးသာရှိ၏။
မီးရောင်သည် မသဲကွဲသောအလင်းရောင်ကိုသာ ပေးနိုင်စွမ်း ရှိပေသည်။ ထိုမသဲမကွဲအလင်းရောင်အောက်၌ လူနှစ်ယောက် ထိုင်နေ၏။

ထိုလူနှစ်ဦး၏မျက်နှာကို သဲကွဲစွာ မမြင်ရပါ။

'ကျူးယု သေသွားပြီ'

လူတစ်ဦးက သက်ပြင်းချလိုက်သည်။

ပထမလူက ဆက်ပြောလိုက်သည်။
'သူ့အတွက် စိတ်မကောင်းမဖြစ်ပါနဲ့၊ သူဟာ အန္တရာယ်ဗျ'
ထိုအသံသည် အတန်ဝဲ၏။

ဒုတိယလူက....
'ကျုပ် နားလည်ပါတယ်၊ ဒါထက် ဟိုမှာကော အားလုံး အသင့်ဖြစ်ပြီလား'

ပထမလူက....
'မကြာခင် အဆင်သင့်ဖြစ်တော့မှာပါ၊ ခင်ဗျားကော....'

ဒုတိယလူက ...
'ကျုပ်ဘက်က အားလုံး အဆင်သင့်ပါပဲ'
ပထမလူက....
'ကောင်းတယ်၊ ဒါထက် ရဲမှု ဆိုတဲ့လူကို သိသလား'

ဒုတိယလူက အတန်ကြာစဉ်းစားပြီးမှ....
'ဘာလို့ မေးတာလဲ'

ပထမလူက....
'ကျုပ်ယုတာ လျှို့ဝှက်အောနဲ့ ရဲမှုတိုက်ကို တွေ့ဖို့ ရောက်လာတာဗျ'

ဒုတိယလူက....
'လျှို့ဝှက်အော့ သေပြီပဲ'

ပထမလူက....
'ရဲမှ မသေသေးဘူး၊ သူ ဘယ်သူလဲ'
ဒုတိယလူက....
'သူက ကျုပ်ယု့ရဲ့ မိတ်ဆွေပဲ'
'အန္တရာယ်ရှိသလား'
'အရာအားလုံးဟာ အန္တရာယ်ဖြစ်လာနိုင်တာပဲ'

ပထမလူက....
'ကောင်းပြီ၊ ကျုပ် ရဲမှုကို ရှင်းပစ်လိုက်ပါမယ်'

ဒုတိယလူက ..
'ပိုပိုရရ ရှိပါစေ'

ပထမလူက ရယ်မောလိုက်ပြီး....

'ကျုပ်ရဲ့ အလုပ်မှာ ဘယ်တုန်းကမျှ မပိရိတာ ရှိခဲ့လို့လဲ စိတ်ချပါ၊ ရဲမှု နောက် သုံးရက် အတွင်း သေဆုံးသွားစေရမယ်'



ဒုတိယလူက....
'ကောင်းပြီ ကျုပ် သွားမယ်'
သူသည် အိမ်တံခါးကို အသာဟကာအပြင်ဘက်သို့အကဲခတ်ကြည့်လိုက်၏။ ပြီးမှ အမှောင်ထုအတွင်း တိုးဝင် သွားလေတော့သည်။

....●....

သစ်သား အိမ်အလေး တစ်လုံး....
အိမ်ထဲ၌ လူတစ်ယောက်ခေါက်တုံ့ ခေါက်ပြန်လမ်းလျှောက်နေ၏။ သူ၏ မျက်နှာပေါ်တွင် စိုးရိမ်ပူပန်နေဟန် ပေါ်နေ၏။
'အင်း....ကျုပ်ယု ရောက်လာဖို့ကောင်းပြီ၊ ဘာလို့ နောက်ကျနေရတာလဲ'
ဟု ညည်းတွားလိုက်၏။
သူ၏ အိမ်သည် ချုံကျိန်းနယ်စပ် ဂေဟာနှင့် နှစ်ရက်ခရီးအကွာ ရွာလေး တစ်ရွာတွင် တည်ရှိ၏။

သူသည် ကျူးယု သေဆုံး သွားသည်ကို မသိသေးပါ။ ကျူးယုနှင့် ချိန်းဆိုထားသဖြင့် မျှော်နေခြင်း ဖြစ်ပါသည်။

ချိန်းထားသည်ထက် အတော် နောက်ကျနေသည့် အတွက် စိတ် ပူပင်လာ၏။

'ကျူးယု ပြောဖူးတယ်၊ သူ့မှာ အန္တရာယ် ဝိုင်းနေတယ်တဲ့၊ အခုလဲ အန္တရာယ်နဲ့ တွေ့နေပြီလား'

ထိုလူသည် ရဲမုပင်ဖြစ်ပါသည်။

ရဲမုမှာ တွေးရင်း ကျောထဲမှ အေးစိမ့်လာသလိုခံစားရသည်။

သူသည် အိမ်ကလေးထဲတွင် မနေရဲသလို ဖြစ်လာ၏။ နောက်ဆုံး သူက အိမ်အနောက်ဘက်မှ အသာ လျှိုထွက်လာပြီး မနီးမဝေးရှိ တောင်ကုန်းလေးပေါ် ပြေးတက်လိုက်၏။

ထိုတောင်ကုန်းလေးပေါ်မှ အိမ်ဘက်သို့ ချောင်းကြည့်လိုက်၏။ သူ့ကိုယ်သူ သူရဲဘော ကြောင်လွန်းသည် ဟုလည်း အတွေးက ရုတ်တရက် ဝင်ရောက်လာ၏။

ပုန်းနေရာမှ အိမ်ကလေးဘက်သို့ ပြန်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....

'ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသဖြင့် ရဲမုမှာ အလိုလိုပင် ချုံ့ကွယ်နောက်သို့ ပုန်းအောင်းလိုက်လေသည်။

မြင်းစီးသမား သုံးယောက်မှာ ရဲမု၏ အိမ်ရှေ့အရောက်တွင် ရပ်တန့်လိုက်ပြီး လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်၏။

'တောက်'

ခံပြင်းစွာ တောက်ခေါက်လိုက်၏။

'သူ ဒီက ထွက်သွားတာ မကြာသေးဘူး'

တစ်ယောက်က ပြောလိုက်၏။

မြင်းစီးသမားက ...

'ဟုတ်တယ်၊ ကျုပ်တို့ အမီလိုက်ကြရအောင်'



အိမ်တံခါးကို ကန်ဖွင့်လိုက်ပြီး အိမ်တွင်းသို့ ပြေးဝင်သွားသည်ကို တွေ့လိုက်ရလေသည်။

ရဲမုမှာ ခြေဖျားလက်ဖျားများ အေးစက်သွား၏။ အန္တရာယ်သည် သူ့တံသို့ ဝင်ရောက် လာပြီ မဟုတ်ပါလော...

ရဲမုမှာ အလွန် ထိတ်လန့်သွား၏။ သူသည် နောက်သို့တရွေ့ရွေ့ ဆုတ်ရင်း ထွက်ပြေးသွားလေတော့သည်။

....o....

ကျန်တစ်ဦးက....

'ကောင်းတယ်၊ မင်းတို့နှစ်ယောက် တစ်လမ်းကသွား၊ ကျုပ်က တစ်လမ်း ခွဲရှာမယ်'

မြင်းစီးသမားက....

'တွေ့ရင်'

ကျန်လူက လက်ဖြင့် ဝေ့ယမ်းပြလိုက်ပြီး....

'ဒီသမင်းဆီ ပို့ လိုက်ရုံပေါ့'

မြင်းစီးသမားနှစ်ယောက်က လျင်မြန်စွာ ထွက်ခွာသွား၏။

ကျန်တစ်ဦးက ရဲမှူး၏ အိမ်တွင် မွှေနှောက် ရှာဖွေလိုက်၏။

မကြာမီ ရဲမှူး ရေးမှတ်ထားသော မှတ်စုများကို တွေ့လိုက်၏။ သူသည် ထိုမှတ်စုများကို အင်္ကျီအိတ်အတွင်း ထိုးထည့်ကာ ဆက်လက် ရှာဖွေလိုက်၏။

အတန်ကြာမှ ရှာဖွေခြင်းကို ရပ်တန့်ကာ အိမ်တွင်းမှ လှမ်းထွက်လိုက်၏။ ထို့နောက် မြင်းနှင့် ထွက်ခွာ သွားလေတော့သည်။

....၀....



'ဂျောက်....ဂျလော....က်ဂျောက်'

ပေသီး တွက်သံက တဂျောက်ဂျောက် မြည်နေ၏။

ဆံပင်များ ဖွေးဖွေးဖြူနေသော အဘိုးအို တစ်ယောက်က ပေသီးကို တွက်ရင်း ရှေ့မှ ထိုင်နေသူအား တတွတ်တွတ် ပြောနေ၏။

အဘိုးအို၏ ခုံပေါ်တွင် အမွေးတိုင်သုံးတိုင် ပူး၍ ထွန်းညှိထားပေသည်။

အဘိုးအို၏ နောက်တွင် အဝတ်ဖြူ တစ်စ ချိတ်ဆွဲထား၏။ ထိုအဝတ်ဖြူပေါ်ဝယ် အနီရောင် စာလုံးများဖြင့် မြင်သာအောင် ရေးသားထားပေသည်။

'သံဒပေသီး ဗေဒင်'

မကြာမီ သူ၏ ဗေဒင်ဟောမှု ပြီးသွား၏။

ဗေဒင် တွက်သူက နှုတ်ဆက်ကာထွက်ခွာသွား၏။ ဗေဒင်ဆရာ အဘိုး အိုက မောသွားဟန်ဖြင့် နံဘေးရှိရေနွေးကရားမှ တစ်ခွက်ငှဲကာ မော့သောက်လိုက်၏။

ထိုစဉ် သူ၏ မျက်ဝန်းထောင့်မှ လူရိပ်တစ်ရိပ်ကို အမှတ်မထင် တွေ့မြင်သွား၏။ အဘိုးအိုက မျက်မှောင်ကြုတ်သွား၏။

ထိုလူ သစ်ပင်အောက်၌ ရပ်၍ သူ့အားအကဲခတ်နေသည်မှာ အတန်ကြာပြီ မဟုတ်ပါလော....

သူ သတိထား မိလိုက်စဉ်မှာပင် ထိုလူကအဘိုးအို၏ ရှေ့တွင် ဝင်ထိုင်လိုက်၏။ အဘိုးအိုက သက်ပြင်းချရင်း ထုံးစံအတိုင်း မေးမြန်း လိုက်လေသည်။

'ဘာ သိချင်သလဲ'

သူက မေးလာသူအား ကြည့်ရင်း မေးလိုက်ခြင်း ဖြစ်၏၊ ထိုလူ၏ အေးစက်သော မျက်လုံးများကို တွေ့သောအခါရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားလေသည်။

ထိုစဉ် ထိုလူထံမှ သေသံသဲ့သဲ့မျှ ထွက်ပေါ်လာ၏၊

'သံပေသီး သိုင်းသမားကနေ ဘယ်လိုဖြစ်လို့ သံပေသီးဗေဒင် ဖြစ်သွားရပါလိမ့်'

သံပေသီး သိုင်းသမား၏မျက်နှာ ကွက်ခနဲပျက်သွား၏။

'မင်း....မင်း ဘယ်သူလဲ'

ထိုလူက ရယ်မောလိုက်ပြီး....

'ခင်ဗျား ကျုပ်ကို တကယ်ပဲ မမှတ်မိတော့ဘူးလား'

သံပေသီးသိုင်းသမားက ထိုလူအား စူးစိုက်ကြည့်လိုက်၏၊ သူ၏မျက်နှာတွင် ထိတ်လန့်ဟန် ပေါ်သွား၏။

'လွှ....လွှဟန်ကျီး'

လွှဟန်ကျီးက သဘောကျစွာ ပြုံးလိုက်၏။

သံပေသီး သိုင်းသမားက...

'မင်း....မင်း ဘယ်လိုလုပ် ပြန်ပြီးထွက်ပေါ်လာရတာလဲ'

လွှဟန်ကျီးက....

'ကျုပ်က သိုင်းလောကထဲ မဝင်ရတော့ဘူးလားဗျ'



သံပေသီး သိုင်းသမားက —

'မင်း....မင်းနဲ့ကျုပ် ရန်ငြိုးရှိလို့လား'

လွှဟန်ကျီးက....

'ကျုပ်က ရန်ငြိုးနဲ့အလုပ်လုပ်သူမှ မဟုတ်ပဲ'

သံပေသီး သိုင်းသမား၏မျက်နှာ ဖြူလျော်သွား၏။

သူသည် ချက်ချင်းအံကြိတ်လိုက်ပြီး....

'မင်း ကျုပ်ကိုသတ်ဖို့ ဘယ်လောက်ရခဲ့သလဲ၊ ကျုပ်မင်းကို မနိုင်နိုင်ပေမယ့် အလွယ်တကူသတ်လို့ ရလိမ့်မယ်လို့ မထင်နဲ့'

လွှဟန်ကျီးက ရယ်မောလိုက်၏။

'ဟား....ဟား....ဟား၊ ခင်ဗျားက ကျုပ်ကိုအထင်လွဲနေတာပါလား'

သံပေသီးသိုင်းသမားက....

'မင်းရောက်လာရင် လူသတ်ဖို့ကလွဲပြီး ဘာရှိဦးမှာလဲ၊ ကျုပ်ဘာအထင်လွဲမှာလဲ'

လွှဟန်ကျီးက....

'ကျုပ် ဘယ်သူ့အလုပ်မှ လက်မခံတာ ရှစ်နှစ်ကျော်ပြီ ဒီကနေ့အထိပဲ'

သံပေသီးသိုင်းသမားက လွှဟန်ကျီး၏ စကားကြောင့် စိတ်အနည်းငယ် သက်သာရာရသွားလေသည်။

'ဒါဆို ဘာကြောင့် ကျုပ်ဆီလာရတာလဲ'

လေ့ဟန်ကျီးက....

'ကျုပ် ဒီမြို့အလေးကိုရောက်လာတော့ ခင်ဗျားကို ဗေဒင်ဆရာအဖြစ် တွေ့လိုက်လို့ပါ၊ ကဲ...ကျုပ်တို့ တစ်နေရာရာမှာ စကားပြောရအောင်'

....၀

လေ့ဟန်ကျီးက....

'ခင်ဗျား ဗေဒင်ဆရာ ဟန်ဆောင်ထားတဲ့ကိစ္စကို ကျုပ်မသိချင်ပါဘူး'

သံပေသီးက....

'သိချင်လဲ ကိစ္စမရှိဘူး၊ ဒါဟာ လျှို့ဝှက်တဲ့ကိစ္စတစ်ခုတော့ မဟုတ်ဘူးဗျ'

လေ့ဟန်ကျီးက....

'ခင်ဗျားကိုတွေ့ရတော့ ကျုပ် မ်းသာသွားတယ်'



'ဘာဖြစ်လို့လဲ'

'ဒီနယ်မြေမှာ ခင်ဗျားလောက်သတင်းစုံတဲ့လူ မရှိလို့ပဲ'

သံပေသီးက သက်ပြင်းချလိုက်၏။

'မင်းဘာသိချင်သလဲ'

လေ့ဟန်ကျီးက ကြက်ကြော်ကို ကိုက်လိုက်ပြီးမှ....

'လျှိုဝမ်းအော့'

ဟု တစ်လုံးချင်း ပြောလိုက်၏၊

သံပေသီးက မျက်မှောင်ကြုတ်သွား၏။

'လျှိုဝမ်းအော့ ဟုတ်လား'

လေ့ဟန်ကျီးက...

'ဟုတ်တယ်၊ စွန်ရဲရဲ လူယုံတွေထဲက လျှိုဝမ်းအော့ ကြောင်းပဲ'

သံပေသီးက သက်ပြင်းချလိုက်၏။

စွန်ရဲ...

စွန်ရဲကို သူဓောင်းစွာ ကြားဖူး၏။

ဒီနယ်မြေတွင် စွန်ရဲအကြောင်းကြားဖူးသူ မည်သူမျှရှိမည် င်ပါချေ။

အားလုံးပင် စွန်ရဲကိုသိကြ၏။

သို့သော် ထိုသိခြင်းသည် လူကိုသိခြင်းမဟုတ်။

အမည်ကိုသာ သိခြင်းဖြစ်ပေသည်။ စွန်ရဲအဖွဲ့ ကျော်ကြားခဲ့သော ကာလအတွင်း စွန်ရဲဆိုသူအား တွေ့ဖူးသူတစ်ယောက်မျှ မရှိခဲ့ပါ။

စွန်ရဲသည် ရက်စက်ကြမ်းကြုတ်သလောက် လျင်မြန်ပါးနပ် လှပေသည်။

သံပေသီးက....

'မင်းက ဘာကြောင့် ကျုပ်ကိုမှ လာမေးရတာလဲ'

လှေဟန်ကျီးက....

'တစ်ချိန်က စွန်ရဲအဖွဲ့ကိုဖြိုခွဲဖို့ ခင်ဗျားက သဲကြီးမဲကြီး ကြိုးစားခဲ့ဖူးတာ သတိရမိလို့ပါ'

သံပေသီးက....

'စွန်ရဲကို သေသွားတဲ့အထိ ကျုပ်တစ်ခါမှ မမြင်ဖူးလိုက်ဘူး'

လှေဟန်ကျီးက....

'စွန်ရဲဟာ အမျိုးသားသစ္စာဖောက်တစ်ယောက် မဟုတ်ရင် အလွန် ချီးကျူးထိုက်တဲ့လူပါ၊ သူဟာ လုပ်ရည်ကိုင်ရည် ကြံရည်ဖန်ရည် အလွန်ပြည့်ဝတဲ့ လူတစ်ယောက်ပါပဲ၊ ပြီးတော့ အလွန် လျှို့ဝှက်တဲ့ လူတစ်ယောက်ဗျ'

သံပေသီးက....

'သူ့အကြောင်းတွေက ပြောမကုန်ပါဘူး'



လှေဟန်ကျီးက....

'သူနဲ့လျှုမ်းအောင့်တို့အကြောင်း ပြောပြပါလား'

သံပေသီးက ...

'မင်းက အခုချိန်မှ ဒီကိစ္စကို ဘာလို့ စိတ်ဝင်စားနေရတာလဲ'

လှေဟန်ကျီးက....

'ကျုပ်မှာကိစ္စနည်းနည်းရှိလို့ပါ'

သံပေသီးက ထိုကိစ္စအား လှေဟန်ကျီးကို ပြောမပြချင်မှန်း နားလည်လိုက်၏။

ထို့ကြောင့် ဆက်မမေးတော့ပါ။

သံပေသီးက....

'ကျုပ် မွန်ဂိုတော်လှန်ရေးကာလတစ်လျှောက် လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်အတွင်းမှာ စွန်ရဲအဖွဲ့ကို ဖြိုခွဲနိုင်ဖို့ အသေအလဲ ကြိုးစားခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ စွန်ရဲကြောင့် ကျုပ်တို့မျိုးချစ်သိုင်းသမား တွေ အထိအခိုက်များလွန်းလို့ပဲဗျ'

လှေဟန်ကျီးက နားစွင့်နေ၏။

သံပေသီးက....

'ကျုပ်ဘဝမှာ စွန်ရဲကို အပိုင်ဖမ်းစီးခွင့် တစ်ကြိမ်ပဲ ရခဲ့ပါတယ်ဗျာ

လှေဟန်ကျိုးက....

'ပြောပါဦး'

သံပေသီးက....

'အဲဒီတစ်ကြိမ်ပဲ ဇွန်ရဲဟာ လျှို့ဝှက်အောင်နဲ့အတူ ခရီးသွားမယ့် သတင်း အတိအကျရခဲ့တယ်ဗျ၊ အင်း....ဒီအကြောင်းတွေ ပြန်ပြောရရင်....

သူ၏အတွေးများက အတိတ်ကာလဆီသို့ ရောက်ရှိသွားလေသည်။

....o....

'မင်းရဲ့သတင်း သေချာရဲ့လား'

သံပေသီးက မေးလိုက်၏။

ဗျိုင်းဖြူက....



'သေချာတယ်၊ ကျုပ်ရဲ့ သွေးသောက်တစ်ဦးက ဇွန်ရဲအဖွဲ့ထဲ ထိုးနှောက်စုံစမ်းခဲ့တာပဲ'

သံပေသီးက ကျေနပ်စွာ ပြုံးလိုက်၏။

'ဒီတစ်ကြိမ် ဇွန်ရဲ ကျုပ်တို့လက်က မလွတ်စေရဘူး၊ ကျုပ်တို့ အစစအရာရာ စနစ်တကျ စီမံရမယ်'

သူသည် ပြောပြီး ထရပ်လိုက်၏။

နံရံမှ လိုက်ကာအား ဆွဲဖယ်လိုက်ရာ နယ်မြေတစ်ခုလုံး၏ အသေးစိတ် မြေပုံကြီးတစ်ချပ် ပေါ်ထွက်လာ၏။

သံပေသီးက ရရှိထားသော သတင်းအတိုင်း ခရီးစဉ်ကို မျဉ်းတားလိုက်လေသည်။

ဗျိုင်းဖြူက....

'ဒီခရီးစဉ်မှာ ဇွန်ရဲကို တိုက်ခိုက်ဖို့ အကောင်းဆုံး သုံးနေရာ ရှိတယ်'

သံပေသီးက....

'ဟုတ်တယ်'

ဗျိုင်းဖြူက....

ဘယ်နေရာ ရွေးမလဲ'

သံပေသီးက....

'ပထမဆုံး တိုက်ခိုက်ဖို့ နေရာဟာ ထောင်ဆုံးပဲ၊ ဒါပေမယ့် ကျန်နှစ်နေရာမှာလဲ အသင့်စီမံထားရမယ်'

ဗျိုင်းဖြူတာ....

'ကောင်းပြီ၊ ကျုပ်စီစဉ်ထားပါ့မယ်'

....၀....

မိုးဖွဲစလေးများ ကျနေ၏။

မိုးကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး အေးစိမ့်နေပေသည်။

မိုးဖွဲများကို ဂရုမစိုက်နိုင်တဲ့ သစ်ပင်များကြား၌ လူတစ်စု ရှိနေ၏။

စုစုပေါင်း ဆယ်ဦး....

ရှစ်ဦးမှာ လေးသမားများဖြစ်၏။

နှစ်ဦးမှာမူ သံပေသီးနှင့် ဗျိုင်းဖြူ တို့ပင် ဖြစ်ပါသည်။



သူတို့သည် ချမ်းအေးရမှန်ပင် မသိကြပါ။

ရှေ့တူရူသို့သာ ကြည့်နေ၏။

သူတို့ရှေ့တွင် တောင်ကမ်းပါး နှစ်ခုကို ဆက်ထားသော တံတားလေး တစ်ခုရှိ၏။

တံတားမှာ ပေသုံးဆယ်ခန့်သာ ရှည်လျားပေသည်။

တံတားအောက်တွင် ချောင်းတစ်ခုရှိ၏။

သံပေသီးက အခြေအနေကို နောက်ဆုံးအကြိမ်အဖြစ် တွက်ဆလိုက်၏။

စွန်ရဲတို့လူစု တံတားပေါ် ရောက်သည်နှင့် သူ၏လေးသမား ရှစ်ဦးကို အသင့်ပြင်ခိုင်းထားမည်။

တံတား အလယ်အရောက်တွင် စိတ်တိုင်းကျ ပစ်ခတ်နိုင်ပြီဖြစ်၏။

အကာအကွယ်မဲ့စွာ ကျဉ်းမြောင်းလှသော တံတားပေါ်ဝယ် စွန်ရဲမည်သို့မျှ လွတ်မြောက်နိုင်မည် မဟုတ်ပါ။

သူ၏ လေးသမားများက လက်ရွေးစင်များဖြစ်၏။

မြားအစင်း နှစ်ဆယ်ကို တစ်ခဏအတွင်း ပစ်လွှတ်နိုင်သူများသာ ဖြစ်ပေသည်။

သံပေသီးက ကျေကျေနပ်နပ် ပြုံးလိုက်၏။

ဤတစ်ကြိမ် သူက စွန်ရဲအား ကောင်းစွာသုတ်သင်နိုင်တော့မည် မဟုတ်ပါလား....

ဗျိုင်းဖြူမှာလည်း စိတ်လှုပ်ရှားနေ၏။

သူ၏ သွေးသောက် ညီ ဝမ်ကိုနှစ်ဦးမှာ စွန်ရဲ၏ သက်ချ က်ဖြ သေးဆုံးခဲ့ရလေသည်။

ယခု သူကလည်း စွန်ရဲအား ကောင်းစွာ သွေးကြွေးပြန်ဆ နိုင်တော့မည် မဟုတ်ပါလား။

—o—

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

သတင်းရထားသည့်အချိန်ပင် အနည်းငယ် ကျော်လွန်နေ ဖြစ်ပါသည်။ သံပေသီးမှာ စိတ်လှုပ်ရှားလာ၏။

လက်ဖဝါးတို့တွင် ချွေးစေးများ ပြန်လာလေသည်။

'ဗျိုင်းဖြူ ...သူတို့ လာပါဦးမလား'

ဗျိုင်းဖြူက မည်သို့ပြောရမှန်းမသိ ဖြစ်သွား၏။

ထိုစဉ်မှာပင်....

'ခွပ်-ခွပ်-ခွပ်-'



မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

ဗျိုင်းဖြူကိုယ်စား ဖြေပေးလိုက်သံပင်ဖြစ်ပါ၏။ သံပေသီး၏ ခန္ဓာကိုယ်မှာ တောင့်တင်းသွား၏။

ချက်ချင်းပင် ရှေ့သို့ စူးစိုက်ကြည့်လိုက်လေသည်။ မကြာမီပင် မြင်းသုံးစီးက မြင်ကွင်းထဲသို့ ဝင်ရောက်လာ၏။

မြင်းသုံးစီး၊ လူသုံးယောက်။

မြင်းစီးသူများ သုံးယောက်အနက် တစ်ဦးမှာ မိန်းကလေး ဖြစ်၏။ ထိုမိန်းကလေးမှာ လျှုဝမ်းအော့ပင် ဖြစ်သည်။

သူတို့ကြားသိထားသော သတင်းအရ လျှုဝမ်းအော့သည် အိမ်ထောင်ရှင် အမေလေးတစ်ယောက်မိခင် ဖြစ်၏။

သူမသည် စွန်ရဲအတွက်ကို တစ်ချိန်က ကယ်တင်ခဲ့ဖူးပြီး နောက် စွန်ရဲအဖွဲ့အတွင်း ရောက်ရှိခဲ့သူဖြစ်၏။

စွန်ရဲအဖွဲ့၏ လုပ်ရပ်များကို အမြဲ အတိုက်အခံပြုသူ တစ်ဦးလည်းဖြစ်ပေသည်။ ယောကျ်ားနှစ်ဦးအနက် တစ်ဦးမှာမုတ်ဆိတ်ဗလပျစ်နှင့် ဖြစ်သည်။

ထိုသူသည် စွန်ရဲ၏ ငယ်သားသာ ဖြစ်၏။ ကျန်တစ်ဦးမှာမူ စွန်ရဲပင် ဖြစ်သည်။ စွန်ရဲသည် နက်ပြာရောင် ဝတ်စုံရှည်ကို ဝတ်ဆင်ထား၏။

မျက်နှာကို ပါဝါတစ်ထည်ဖြင့် စည်းနှောင်ထား၏။ ခါးတွင် ငွေဓားတစ်လက် ချိတ်ဆွဲထား၏။

စွန်ရဲသည် ခန္ဓာကိုယ်ထွားကျိုင်းလှပေသည်။ ကြည့်နေဆဲပင် စွန်ရဲတို့လူစုသည် တံတားသစ်ဘက်ထိပ်အနီးသို့ ရောက်ရှိလာ၏။

စွန်ရဲက မြင်းကို တုံ့ခနဲ ရပ်လိုက်ပြီး အခြေအနေကို အကဲခတ် ကြည့်ရှုနေလေသည်။ သံပေသီးမှာ မချင့်မရဲ ဖြစ်သွား၏။

'လာစမ်း....လာစမ်းပါဟ၊ စွန်ရဲ....မင်း တံတားပေါ် တက်လာခဲ့စမ်း'

ဟု စိတ်ထဲတွင် ကျိတ်၍ ရေရွတ်နေ၏။

ထိုစဉ် စွန်ရဲက လက်တစ်ဘက် ဝေ့ယမ်းလိုက်၏။

သူ၏ငယ်သား မုတ်ဆိတ်နှင့်လူက တံတားကို အလျင် ကျော်ဖြတ်ရန် ရှေ့တက်လာလေသည်။

စွန်ရဲနှင့် လျှုဝမ်းအော့တို့က ငယ်သားနှင့် သုံးလှမ်းမျှ ခွာပြီး လိုက်လာခဲ့လေသည်။

စွန်ရဲမှာ အန္တရာယ်အနံ့ကို ရနေသည့်အလား ပတ်ဝန်းကျင်ကို မလွှတ်တမ်း အကဲခတ်၍ လိုက်ပါလာလေသည်။

သံပေသီးက အခြေအနေကို စောင့်ကြည့်နေလိုက်၏။ စွန်ရဲ၏ ငယ်သားမှာ တံတားအလယ်သို့ ရောက်ရှိလာ၏။

သံပေသီးက လက်တစ်ဘက်သာ ဝေ့ယမ်းလိုက်သည်။

လေးသည်တော် ရှစ်ယောက် မြားများ တရစပ် ပစ်လွှတ်လိုက်ကြတော့သည်။



'ဝှစ်-ဝှစ်-ဝှစ်-'

မြားများက ပလူပျံ တက်လာ၏။

မြားတံတိုင်းသည် စွန်ရဲထံသို့သာ ဦးတည်နေ၏။ စွန်ရဲမှာ လျှပ်တစ်ပြက် မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

အကာအကွယ်မဲ့သွားသော မြင်းများက မြားချက်ကြောင့် လဲကျသွား၏။ သံပေသီးက မြားမိုးရွာရန် အမိန့်ပေးလိုက်၏။

လေးသမားများကလည်း အဆက်မပြတ် ပစ်လွှင့် နသည်။ စွန်ရဲမှာ ထိတ်လန့်သွား၏။

သူသည် နှုတ်ခြည်းပင် လျှုဝမ်းအော့ကို ဖမ်းချုပ်ကာ သူ၏ရှေ့မှ ကာကွယ်လိုက်၏။

မြားအစင်းသုံးဆယ်ကျော်မျှ လျှုဝမ်းအော့၏ ခန္ဓာကိုယ်တွင် နုပြုံ စိုက်ဝင်သွားလေသည်။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် သံပေသီးတို့လူစုပင် မှင်သက်မိသွားလေသည်။

စွန်ရဲမှာ တဒင်္ဂလေးကိုပင် ကောင်းစွာ အသုံးချလိုက်၏။ တံတားပေါ်မှ ချောင်းတွင်းသို့ ခုန်ချသွားလေသည်။

သံပေသီးက သတိဝင်လာသည်။

'ဟေ့-မလွှတ်စေနဲ့'

သူနှင့် ဗျိုင်းဖြူတို့က သတိပေး အော်ဟစ်ရင်း တောင်ကမ်းပါးပေါ်မှ အောက်သို့ ပြေးဆင်းလာခဲ့၏။

စွန်ရဲကိုကား မတွေ့ရတော့ပါ။

ရေစီးနှင့် အတူ မျောပါ လွင့်ပါးမြောက်သွားခဲ့ပြီ ဖြစ်ပါသည်။

သံပေသီးမှာ ကြိတ်မနိုင်ခဲမရဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

....ဝ....

လေ့ဟာန်ကျိုးက....

'သူက သူ့အသက်အတွက် လျှို့ဝှက်အောင်ကို ခေါးစခံလိုပ်သွားတာပေါ့'

သံပေသီးက....

'သိပ်မှန်တာပေါ့၊ ဒီလောက် တစ်ကိုယ်တော်း ဆန်တဲ့လူမျိုး ကျုပ် တစ်ခါမှ မတွေ့ဖူးပါဘူး'

လေ့ဟာန်ကျိုးက....

'နောက်ပိုင်းကော ဘာဖြစ်သေးလဲ'



သံပေသီးက....

'မွန်ဂိုတွေဟာ အရှုံးနဲ့ပြန်ဆုတ်နေရတဲ့အချိန် တိုက်ပွဲတစ်ခုမှာ စွန်ရဲကျဆုံးသွားတယ်၊ သူ့အလောင်းကို သူ့လူယုံနှစ်ဦးက သယ်ဆောင်သွားပြီး နေလ တောင်ထိပ်မှာ မြှုပ်နှံခဲ့တယ်၊ စွန်ရဲသေဆုံးပြီး မကြာခင်ပဲ စွန်ရဲအဖွဲ့ဟာလဲ ပြိုကွဲသွားတာပါပဲ'

လေ့ဟာန်ကျိုး....

'စွန်ရဲ လူယုံနှစ်ယောက်က ဘယ်သူတွေလဲ'

သံပေသီးက....

'ကျူးယု....

လျှို့ မ်းအော့....

တီးအတိုးအို....

ထူတော်ကျား....

အပြုံးမျက်နှာ....

ချန်တော့နဲ့ ချန်ရှင်တို့ပဲ'

လေ့ဟာန်ကျိုးက မှတ်သားလိုက်၏။

သံပေသီးက....

'စွန်ရဲ တိုက်ပွဲမှာကျသွားတော့ ချန်တော့နဲ့ ချန်ရှင်တို့အား သယ်ဆောင် သင်္ဂြိုဟ်လိုက်တာပဲ'

လေ့ဟာန်ကျိုးက....

'ချန်တော့နဲ့ချန်ရှင် ရှိသေးလား'

သံပေသီးက....

'သူတို့နှစ်ယောက်ဟာ တိုက်ပွဲတစ်ခုမှာ အသေရမိခဲ့တယ်ဗျ'

လှေဟန်ကျိုးက....

'တီးအဘိုးအိုတို့ကော'

သံပေသီးက....

'စွန်ရဲအဖွဲ့ ပြိုကွဲသွားပြီးကတည်းက သူတို့လဲ ဇာတ်မြှုပ်သွားခဲ့တယ်'

လှေဟန်ကျိုးက ထရပ်လိုက်သည်။

'ကျုပ်ကို စိတ်ရှည်သက်ရှည် ပြောပြတာ ကျေးဇူးတင်ပါတယ်ဗျာ'

သူသည် သံပေသီးအားနှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

....○....



'မင်း ရောက်လာပြီလား'

ချိုမ်၏အသံ ထွက်ပေါ်လာ၏။

ရှောင်ကွမ်းက ဦးညွှတ်လိုက်ပြီး....

'ဘာဘ စဉ်းစားလို့ ရပြီထင်ပါတယ်'

ဟု မေးလိုက်လေသည်။

ချိုမ်က ခေါင်းညိတ်လိုက်၏။

'သတိရပါပြီ'

ရှောင်ကွမ်း၏မျက်လုံးအစုံက ဝင်းသက်သွား၏။

'လျှို့ဝှမ်းအော့ဟာ ဘယ်သူလဲ'

ချိုမ်က....

'အခုသေဆုံးသွဲ့မိန်းကလေးတော့မသိဘူး၊ ကျုပ်သိတဲ့လျှို့ဝှမ်းအော့ဟာ စွန်ရဲရဲ့ လူယုံပဲ'

'ဗျာ....'

ရှောင်ကွမ်းက အံ့အားသင့်သွား၏။

ချိုမ်က ဆက်ပြောလိုက်သည်။

'ကျုပ် မှတ်မိသလောက်ဆိုရင် တိုက်ပွဲတစ်ခုမှာ စွန်ရဲဟာ သူ့အသက်လွှတ်အောင် လျှို့ဝှမ်းအော့ကို သေစေခဲ့တယ်'

ရှောင်ကွမ်း မျက်ခွောင်ကြုတ်သွား၏။

သူ၏စုံစမ်းမှုသည် စွန်ရဲနှင့် ပတ်သက်ဆက်နွယ်နေပြီ မဟုတ်ပါလား။

ချိုမ်က....

'ကျုပ်ယူဆချက် တစ်ခုရှိတယ်'

'ဟုတ်ကဲ့....ပြောပါ'

'အခု လျူဝမ်းအော့ဟာ တစ်ချိန်က လျူဝမ်းအော့ရဲ့သမီး ဖြစ်နိုင်တယ်'

ရှောင်ကွမ်းက ပို၍ အံ့အားသင့်သွား၏။

ချိဝမ်က ဆက်ပြောလိုက်သည်။

'လျူဝမ်းအော့မှာ သမီးတစ်ယောက် ရှိပြီးတော့ အမေ တစ်ဦးလဲရှိခဲ့တယ်၊ အဲဒီအမေဟာ လျူဝှာလို့ ခေါ်တယ်၊ လျူဝမ်းအော့ သေဆုံးတဲ့သတင်းကြားတော့ လျူဝှာဟာ စွန်ရဲကို လုပ်ကြံဖို့ လှုပ်ရှားပြီး ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး၊ နောက်ဆုံး လျူဝှာလဲ ပျောက်ပြယ်သွားတယ်'

ရှောင်ကွမ်းက....

'ပြဿနာက ရှုပ်ထွေးလာပြီ'

ချိဝမ်က...

'ဟုတ်တယ်၊ လျူဝမ်းအော့ဆိုတဲ့ မိန်းကလေးဟာ အသေခံပြီး နယ်စားကြီးတို့ကို လုပ်ကြံတာဟာ သာမန်ရန်ညှိုးလောက်နဲ့ မဖြစ်နိုင်ဘူး'

ရှောင်ကွမ်းက....

'ဟုတ်ကဲ့၊ ဒါပေမယ့် စွန်ရဲဟာလဲ နယ်စားကြီးတို့မှ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ စွန်ရဲက သေဆုံးသွားတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီပဲ'

ချိဝမ်က...

'ကွင်းဆက်တွေပြတ်နေတယ်၊ အဲဒီကွင်းဆက်တွေကို ဆက်နိုင်အောင် မင်းကြိုးစားရလိမ့်မယ်'



ရှောင်ကွမ်းက...

'ဟုတ်ကဲ့၊ ကျုပ်ကြိုးစားမှာပါ'

ချိဝမ်က....

'ရသမျှသတင်းတွေကို ကျုပ်ကိုပြောပြပါ၊ ကျုပ်လဲတတ်နိုင်သလောက် ကူညီစဉ်းစားပေးပါ့မယ်'

ရှောင်ကွမ်းက ဝမ်းသာသွား၏။

ချိဝမ်သည် အလွန်အတွေ့အကြုံ ရင့်ကျက်သော အာဏာသား ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ထိုအာဏာကို ကောင်းစွာသိမြင်ခဲ့သူဖြစ်၏။

ချိဝမ်ကသာ ကူညီလျှင် သူ့အတွက် အလွန်အကျိုးရှိမည် မဟုတ်ပါလား။

'ကျေးဇူးတင်ပါတယ် ဘာဘ'

ချိဝမ်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

'ဒါထက် မင်းဘယ်ကစပြီး စုံစမ်းမလဲ'

ရှောင်ကွမ်းက....

'ဘယ်ကစရမှန်း မသိသေးဘူး'

ချိဝမ်က...

'အန္တရာယ်တော့ ကြီးတယ်၊ မင်းစွန်ရဲကိုပဲ ဦးတည်စုံစမ်းရလိမ့်မယ်'

ရှောင်ကွမ်းက....

'စွန်ရဲသေပြီ မဟုတ်လား'

ချိုမ်က....

'ဟုတ်တယ်၊ ကျုပ်ဆိုလိုတာက စွန်ရဲ့အဖွဲ့ အစည်းတစ်ခုလုံးကို အခုသအချ ပြန်ပေး လာဖို့ပဲ ပြီးတော့....'

သူက စကားမဆက်ဘဲ ရပ်တန့်လိုက်၏။

ရှောင်ကွမ်းက....

'ပြီးတော့ ဘာဆက်လုပ်ရမလဲ'

ချိုမ်က....

'လျှုိမ်းဒေါ့က နယ်စားကြီးကို လုပ်ကြံတာက ကျုပ်စိတ်ထဲ အနှောင့်အယှက်ဖြစ်နေတယ်၊ အဲ့ဒီနေ့ကိစ္စ အစအဆုံး ကျုပ်ကိုပြန်ပြောပါဦး'

ရှောင်ကွမ်းက အစအဆုံးပြောပြလိုက်၏။

ချိုမ်က ဘက်ပြင်းချလိုက်၏။

'နယ်စားကြီး၊ တရားသူကြီး၊ တပ်မှူးကြီး၊ အားလုံးဟာ အသက်ငါးဆယ်ကျော် ရှယ်တူတွေပဲ'

ရှောင်ကွမ်းက....

'ဘာဘာ သူတို့ကို သံသယဝင်နေလို့လား'

ချိုမ်က

'သံသယရှိလို့ ရယ်တော့ မဟုတ်ဘူး၊ စွန်ရဲ့အပေါ်အလွန်ရန်ငြိုးကြီးတဲ့ လျှုိမ်းဒေါ့က ဘာကြောင့် သူတို့ကိုလုပ်ကြံ ကြီးစားတယ်ဆိုတာ စဉ်းစားမရလို့ပဲ'

ရှောင်ကွမ်းက ချိုမ်၏ဆန္ဒကို နားလည်လိုက်၏။



'ကျုပ်....နယ်စားကြီးတို့ နောက်ကြောင်းကိုပါ စုံစမ်းခဲ့ပါမယ်'

ချိုမ်က....

'မင်းအတွက် အန္တရာယ်ကြီးမယ်နော်'

ရှောင်ကွမ်းက....

'ကိစ္စမရှိပါဘူး၊ စမိမှတော့ ကျုပ်နောက်ပြန်မဆုတ်တော့ပါဘူး'

ချိုမ်က....

'ကောင်းတယ်၊ မင်းကျုပ်နဲ့ အမြဲလာတွေ့ပါ'

ရှောင်ကွမ်းက ချိုမ်အား အရိုအသေပြုလိုက်ပြီး အိမ်ကလေးထဲမှ ထွက်လာခဲ့လေသည်။

....o....

'ရဲမှု လွတ်သွားတယ် ဟုတ်လား'

'ဟုတ်တယ်'

သက်ပြင်းချသံ ထွက်ပေါ်လာ၏။
လူနှစ်ဦးမှာ ကျောပေးရပ်နေကြ၏။

တစ်ဦးက အဝါရောင်ဝတ်ဆင်ထားပြီး တစ်ဦးကအပြာရောင် ဝတ်စုံဝတ်ဆင်ထား၏။

အပြာရောင်ဝတ်စုံနှင့်လူက စာအနည်းငယ် ဝဲပေးသည် သူကလက်ကိုပြန်လိုက်ရာ စာရွက်များပါလာ၏။

'ရဲမှုရဲ့ နေ့စဉ်မှတ်တမ်းပဲ'

အဝါရောင်လူက လှည့်မကြည့်ဘဲ လှမ်းယူလိုက်၏။

အပြာရောင်ဝတ်စုံနှင့်လူက—
'ရဲမှုဟာ ကျူးယုန့်သာမဟုတ်ဘူး၊ ထီးအဘိုးအိုတို့ကိုလဲ သိ တယ်'

'ဘာ'
အဝါရောင်ဝတ်စုံနှင့်လူ အသံထွက်ပေါ်လာ၏။
အပြာရောင်ဝတ်စုံနှင့်လူက—
'ရဲမှုဟာ ထီးအဘိုးအိုတို့လူစုကို ဇာတ်မြှုပ်ပေးခဲ့တဲ့ အ လူတစ်ယောက်ပဲ'
အဝါရောင် ဝတ်စုံနှင့်လူ၏လက်များ တဆတ်ဆတ်တုန် သည်။



'အပြိုင်းမျက်နှာ'

'ဟုတ်တယ်၊ သူ့ကိုလဲ ဇာတ်မြှုပ်ပေးခဲ့တာပဲ'

'ဒါဆို ဒီလူတွေရှိသေးတယ်ပေါ့'

အပြာရောင်လူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူတို့ရှိသေးတယ်လို့ ယူဆနိုင်စရာအကြောင်း တွေရှိတယ်'

အဝါရောင်လူက သက်ပြင်းချလိုက်၏။

အပြာရောင်လူက....

'သူတို့သာ ခင်ဗျားကို တွေ့သွားခဲ့ရင် တအယ့်ကို အန္တရာယ် ပဲဗျ'

အဝါရောင်လူက....

'ဟုတ်တယ်၊ သူတို့ဟာ အန္တရာယ်အပေးနိုင်ဆုံးပဲဗျ'

အပြာရောင်လူက....

'ခင်ဗျား ဘယ်လိုလုပ်မလဲ'

အဝါရောင်လူက...
'သူတို့ကို ရှင်းပစ်ရမှာပေါ့'

အပြာရောင်လူက....
'လွယ်ပါ့မလား'

အဝါရောင်လူက....

'ဓါး ခင်ဗျားလုပ်နေကြပဲ၊ ရဲမှုကိုတွေ့အောင် ရှာကျန်တဲ့လူတွေရဲ့ သဲလွန်စကိုရအောင် ဖော်ထုတ်ပြီးတော့ လက်စတုံးပစ်လိုက်'

အပြာရောင်လူက....

'အချိန်တော့လိုမယ်'

အဝါရောင်လူက....

'သိပ်ကြာလို့ မဖြစ်ဘူး'

အပြာရောင်လူက....

'ကျိုတင်စာကွယ်တဲ့အနေနဲ့ ခင်ဗျား အပြင်ကိုသိပ်မထွက်နဲ့ ဒါမှ ဖြစ်မယ်'

အဝါရောင်လူက....

'ကျုပ်က ထွက်နေကျ ဆိုတော့....'

အပြာရောင်လူက....

'ဒီအခြေအနေအတွင်း တတ်နိုင်သမျှ သိုသိုသိပ်သိပ် နေပါ၊ ဒါမှ ခင်ဗျားကို စာယ်လူကာယ်ဝါဆိုတာ မဖော်ထုတ်နိုင်မှာ'

အဝါရောင်လူက အတန်ကြာ စွေ့ဝေသွား၏။

ပြီးမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး....



'ကောင်းပြီလေ၊ ခုနစ်ရက်ထက်တော့ ကျုပ်က လူမြင်ကွင်းထဲက ဖျောက်လို့ရမှာမဟုတ်ဘူး'

ဟု ပြောလိုက်၏။

အပြာရောင်လူက....

'ခုနစ်ရက်ဆိုလဲ မဆိုးပါဘူး၊ ဒီရက်အတွင်း ကျုပ် ရဲမှုကို ရအောင် ကြိုးစားပါမယ်'

အဝါရောင်လူက....

'ကောင်းပြီ၊ ကျုပ်သွားမယ်'

....ဝ....

ရှောင်ကုမ်းမှာ နယ်စားကြီး၊ ဝရားသူကြီးနှင့် ဝပ်မှူးကြီးတို့၏ နောက်ကြောင်းများကို ပြန်လည်လေ့လာလိုက်သည်။

ချန်ကျန်းနယ်သည် နယ်စားအပြောင်းအလဲအများဆုံး နယ်တစ်နယ် ဖြစ်ပေသည်။ နှစ်နှစ်ဆယ်ကျော်အတွင်း နယ်စားလေးဦး ပြောင်းလဲခဲ့ပေသည်။

လက်ရှိနယ်စားကြီး အာဏာရလာသည်မှာ သုံးနှစ်ဝန်းကျင်သာ ရှိသေးသည်။ နယ်စားကြီးသည်လုပ်ရည်ကိုင်ရည် ထက်မြက်သူ ဖြစ်သည်။

သုံးနှစ်အတွင်း တစ်နယ်လုံးသြဇာလွှမ်းသွားအောင် ဆောင်ရွက်နိုင်ခဲ့သည်။

နယ်စားကြီး၏ နောက်ကြောင်းမှတ်တမ်းများတွင် ရှာဖွေကြည့်ရာ ရိုးရှင်းလှပေသည်။

နယ်စားကြီးသည် ကြွယ်ဝသောမျိုးရိုးမှဆင်းသက်လာခဲ့၏၊ ယခု မိဘများမှာ မွန်ဂိုတော်လှန်ရေးကာလတွင် သေဆုံးသွားခဲ့ကြပြီ ဖြစ်သည်။

နယ်စားကြီး၏ ပထမပိုင်းဘဝများကား မထင်ရှားလှပါ။ သာမန်သာ ဖြစ်သည်။

မွန်ဂိုတော်လှန်ရေး ပြီးဆုံးပြီးနောက်တွင် သူသည် အမှုထမ်းရင်း ကြိုးစားမှုကြောင့် ရာထူးများ တစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့ခြင်း ဖြစ်ပေသည်။

မည်သို့မျှ သံသယဝင်စရာ မရှိပါချေ။



တပ်မှူးကြီး---

တပ်မှူးကြီးမှာလည်း သံသယဝင်စရာမရှိပါ။ သူ၏သက်တမ်းတစ်လျှောက် ရဲမက်အဖြစ် အမှုထမ်းခဲ့သူဖြစ်သည်။

သူ၏ကြိုးစားမှုကြောင့် တပ်မှူးကြီး ရာထူးရလာခြင်းဖြစ်၏။ တစ်ခုရှိပေသည်။

တပ်မှူးကြီးသည်လည်း နယ်စားကြီး အာဏာရချိန်မတိုင်မီလေးကမှ တပ်မှူးကြီးဖြစ်လာခြင်း ဖြစ်ပေသည်။

တရားသူကြီး---

တရားသူကြီးကို ရှောင်ကွမ်း ကောင်းစွာသိ၏။ တရားသူကြီးသည် ရှောင်ကွမ်း၏ ဇာတိမှ ဖြစ်သည်။

သူသည် အလွန်ဖြောင့်မတ်၏။ တရားစီရင်ရာတွင် မည်သူ့မျက်နှာကိုမျှ ကြည့်တတ်သူ မဟုတ်ပေ။

သို့သော် သူသည် မွန်ဂိုများအား တော်လှန်ခုခံလိုသူတစ်ဦး မဟုတ်ပါချေ။

နယ်စားကြီး၏ မွန်ဂိုငြိမ်းချမ်းရေးအစီအစဉ်ကို တက်ကြွစွာထောက်ခံနေသူတစ်ဦး ဖြစ်ပေသည်။

မည်သို့ဆိုစေကာမူ---

မှတ်တမ်းများအရ ထိုလူသုံးယောက်စလုံး သံသယဖြစ်ဖွယ်ရာ တစ်ဦးတစ်ယောက်မျှ မရှိပါချေ။

ရှောင်ကွမ်းက မှတ်တမ်းများကို ပြန်ပိတ်လိုက်၏။

သူ၏အတွေးများက စွန်ရဲအကြောင်းသို့ ရောက်ရှိသွား၏။

စွန်ရဲသည် လျှို့ဝှက်သူ၊ ထူးဆန်းသူ၊ ကြောက်မက်ဖွယ်ကောင်းသူတစ်ယောက်ဖြစ်သည်။ သေဆုံးပုံမှာမူ ရိုးစင်းလှသည်ဟု တွေးလိုက်မိသည်။

သူသည် ရုတ်ခြည်း ခုန်ထလိုက်သည်။ ခြေလှမ်းများက ချိုဝမ်၏ အိမ်သို့ ဦးတည်နေလေတော့သည်။

....o....

ချိုဝမ်အား အရက်ခွက်ကို ငှဲ့ပေးလိုက်သည်။

'ညကြီးမင်းကြီးရောက်လာတာ အကြောင်းထူးရှိသလား'

ရှောင်ကွမ်းက....

'ကျုပ် နယ်စားကြီးတို့ရဲ့ မှတ်တမ်းတွေ စစ်ဆေးကြည့်ပြီးပါပြီ'



ချိုဝမ်က....

'ဘာထူးခြားသလဲ'

ရှောင်ကွမ်းက....

'ဘာမှ မထူးခြားပါဘူး'

ချိုဝမ်က....

'အကြောင်းထူးမရှိဘဲ မင်း ကျုပ်ဆီ ရောက်လာမှာ မဟုတ်ပါဘူး'

ရှောင်ကွမ်းက....

'ကျုပ် တစ်ခုတွေ့မိလို့ပါ'

'ပြောပါဦး'

'စွန်ရဲဟာ လျင်မြန်ဖျတ်လတ်ပြီး ကြောက်စရာကောင်းတဲ့လူဆိုတာ ဟုတ်ကော ဟုတ်ရဲ့လား'

ချိုဝမ်က....

'အမှန်ပဲ၊ ဘာဖြစ်လို့လဲ'

ရှောင်ကွမ်းက....

'စွန်ရဲလို အလွန်ကြောက်စရာကောင်းသူ၊ လျှို့ဝှက်သူတစ်ဦးဟာ ဘာကြောင့်များ မထင်ရှားတဲ့ တိုက်ပွဲတစ်ခုမှာ ကျဆုံးသွားရတာလဲ'

ချိုဝမ်၏ မျက်လုံးအစုံ ပြူးကျယ်သွား၏။

သူသည် စားပွဲခုံအစား တစ်ချက်ပုတ်လိုက်၏။

'စုန်း'

'မှန်လိုက်လေ၊ ဒီအတွေးမျိုး ကျုပ်တစ်ခါမှ မတွေးမိခဲ့ဘူး'

ရှောင်ကွမ်းက....

'ကျုပ်အတွေးက မှန်ချင်မှ မှန်ပါလိမ့်မယ်'

ချီဝမ်က....

'ဒါပေမယ့် စဉ်းစားစရာပဲ၊ အဲဒီတိုက်ပွဲဟာ ကျုပ်တို့ရဲ့မျက်စေ့နဲ့ ဖြစ်ပွားတဲ့တိုက်ပွဲလေးတစ်ခုပဲကွ၊ စွန်ရဲသေဆုံးတာဟာ သဘာဝမကျတာတော့ အမှန်ပဲ'

ရှောင်ကွမ်းက....

'ကျုပ် ဘာဆက်လုပ်ရမလဲ'

ချီဝမ်က....

'မင်းလုပ်စရာ တစ်ခုပဲရှိတယ်'

'ပြောပါ'

'နေလတောင်ကိုသွား စွန်ရဲရဲ့အုတ်ဂူကိုဖွင့်ကြည့်ဖို့ပဲ'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်သည်။

'ကျုပ်အမြန်ဆုံး သွားစစ်ဆေးပါမယ်၊ ဒါပေမယ့် နေ့ခက်နှစ်ရက်လောက်မှ သွားနိုင်မယ်၊ နယ်စားကြီးအတွက် လုံခြုံရေးကိစ္စတွေ ရှိသေးလို့'



ချီဝမ်က....

'ကျုပ်အသက်ကြီးရင့်နေလို့ မင်းကို ကိုယ်ထိလက်ရောက် မကူညီနိုင်တာ ခွင့်လွှတ်ပါဗျာ'

ရှောင်ကွမ်းက....

'ကိစ္စမရှိပါဘူး ဘဘ၊ ဒီလောက်ကူညီနေတာပဲ ကျေးဇူးတင်လှပါပြီ'

....၆....

ရင်အစုံမှာ ဖောင်းလိုက်ပိန်လိုက် ဖြစ်နေ၏။

မောဟိုက်လွန်းသောကြောင့် အသက်ရှူသံက ကျယ်လောင်စွာ ထွက်ပေါ်နေ၏။

အဘန်ကြာမှ ရင်အစုံမှာ ငြိမ်သက်လာ၏။ ရဲမှုက လဲလျောင်းနေရာမှ ထထိုင်လိုက်၏။

သူသည် ခြေဦးတည့်ရာ ပြေးလာခဲ့ခြင်း ဖြစ်၏။ မည်သည့်နေရာသို့ရောက်နေမှန်း မသိပါ။

သူသိသည်က အသက်ဘေးမှ လွတ်ရန်သာဖြစ်၏။ ရန်သူများ သူ့နောက်လိုက်မလာသော်လည်း တစ်နေ့ သူ့ထံရောက်လာနိုင်သည်ဟု တွေးမိနေ၏။

ရဲမှုက သက်ပြင်းချလိုက်၏။

'ရန်သူ ဘယ်သူလဲ'

သူမသိပါ။

ထိုလူစုသည် သူ့အားသတ်ရန် ရောက်လာခြင်း ဖြစ်သည်ကိုမူ သူကအလိုလိုသိနေ၏။ ရဲမှုက ခေါင်းအေးအေးထားကာ တွေးတောလိုက်၏။

သူသည် ကျူးယု၏ မိတ်ဆွေဖြစ်ကြောင်း သိသူအလွန် နည်းပါးလှပေသည်။

သူနှင့်ကျူးယုသည် ငယ်စဉ်ကတည်းက မိတ်ဆွေများ ဖြစ်သော်သည်း တွေ့ဆုံမှု အလွန်နည်းပါးလှ၏။

ကျူးယု ထောင်ကျပြီးနောက်တွင် ပို၍အဆက်အသွယ် ပြတ်သွားခဲ့၏။

ကျူးယု ထောင်မှလွတ်လာခြင်းကိုပင် ကျူးယုကဆက်သွယ်လာမှ သိလိုက်ရခြင်းဖြစ်၏။

သူသည် ကျူးယု၏မိတ်ဆွေဖြစ်သော်လည်း ကျူးယုကဲ့သို့ မွန်ဂိုသစ္စာခံစွန်ရဲ့အဖွဲ့အစည်းနှင့် မပတ်သက်ခဲ့ပါ။



သူ့အား လုပ်ကြံမည့်သူများသည် မျိုးချစ်သိုင်းသမားများ မဟုတ်နိုင်ဟု တွေးမိသော်လည်း အတွေးက မသေချာသေး ဖြစ်နေ၏။

သူသည် ကျူးယု၏မိတ်ဆွေများကို ဇာတ်မြှုပ်နေနိုင်ရန် ဘဝသစ်များ ဖန်တီးပေးခဲ့၏။

ယခု သူ၏ဘဝသည်လည်း မလုံခြုံတော့ပါ။ သူ့အတွက် ဘဝသစ်တစ်ခု လိုအပ်နေပြီဖြစ်၏။

သူက အန္တရာယ်ကိုမမျှော်လင့်မိသည့်အတွက် ဘဝသစ်များ ကြိုတင်ဖန်တီးထားခြင်း မရှိပါ။

သူ့အတွက် ကူညီပေးမည့်သူ လိုအပ်နေပြီ ဖြစ်ပါသည်။ မည်သူက သူ့အားကူညီနိုင်ပါမည်နည်း။

ရဲမှုမှာ တွေးရင်း တွေးရင်း လူတစ်ယောက်အား သတိရလာ၏။ သူ၏မျက်နှာပေါ်တွင် စိတ်သက်သာရာ ရသွားဟန်များ ပေါ်ထွက်လာလေသည်။

စိတ်သက်သာသွားမှပင် သူ၏ဗိုက် အလွန်ဆာလောင်နေပြီ ဖြစ်ကြောင်း သတိထားလိုက်မိ၏။

ရဲမှုကထရပ်လိုက်ပြီး သစ်ပင်များကြားတိုးဝှေ့ကာ လျှောက်သွားလိုက်လေသည်။

မကြာမီ အဝေးတစ်နေရာတွင် မီးခိုးအူတက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ရဲမှုက ဝမ်းသာသွား၏။

မီးခိုးရှိလျှင် လူရှိမည်ဖြစ်၏။

လူရှိလျှင် အစားအသောက်ရှိမည် ဖြစ်၏။

ထိုနေရာသို့ရောက်လျှင် သူ့အတွက်ပြဿနာတစ်ခု ဖြေရှင်းလိုက်နိုင်မည်ဖြစ်၏။

ထိုနေရာတွင် မြင်းတစ်ကောင်သာဝယ်၍ရပါက သူ့အတွက် အားလုံးအဆင်ပြေသွားပြီဟုလည်း တွေးလိုက်မိ၏။

ထို့နောက် ရဲမှတ မီးခိုးတွေ့သော နေရာဆီသို့ ဦးတည် လျှောက်သွားလိုက်လေတော့သည်။

...o...

လေ့ဟာန်ကျိုးမှာ ပြဿနာများကို ဖင်တစ်ပြန် ခေါင်းတစ်ပြန် စဉ်းစားနေလေသည်။

သူသိရသောအချက်များကို ချရေးထား၏။ လျှုဝမ်းအော သည် စွန်ရဲ၏လူယုံဖြစ်၏။ စွန်ရဲသည် သူ့အတွက် လျှုဝမ်းဆေ အား စတေးခဲ့၏။



စွန်ရဲသည် တစ်ကိုယ်ကောင်းသမားဖြစ်၏။

ရက်စက်သလောက် လျင်မြန်ပါးနပ်၏။ လျှုဝမ်းအော့သည် စွန်ရဲအားမကျေနပ်ပါ။

သူမသည် စွန်ရဲအားသတ်ဖြတ်ပေးရန် မိမိအားလာရောက် ငှားရမ်းခဲ့ပေသည်။

သူမသည် နယ်စားကြီးတို့အား လုပ်ကြံရန်ကြိုးစားရင်း သေဆုံးသွားလေသည်။

ကျူးယုသည် စွန်ရဲ၏လူယုံဖြစ်၏။

စွန်ရဲမသေသမီ ကျူးယုအဖမ်းခံရပြီး ထောင်ကျခဲ့၏။ ထောင်မှ လွတ်လာလာချင်း သေဆုံးရ၏။

သေခါနီးတွင် စွန်ရဲသည် နယ်စားဂေဟာထဲရှိကြောင်း ပြောခဲ့၏။

လေ့ဟာန်ကျိုးမှာ သူရေးသားထားသော အချက်အလက်များကိုကြည့်ရင်း တစ်စုံတစ်ရာကို တွေ့မြင်လိုက်၏။

သူက မျက်မှောင်ကြုတ်သွား၏။

'ကျူးယုက စွန်ရဲ နယ်စားဂေဟာထဲမှာရှိတယ်လို့ ပြောတယ်၊ လျှုဝမ်းအော့က စွန်ရဲကို လုပ်ကြံချင်တယ်၊ လျှုဝမ်းအော့ဟာ နယ်စားကြီးကို လုပ်ကြံချင်တယ်'

သူက သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

'ငါ့ရဲ့ အောက်ချက်သာ မမှားဘူးဆိုရင် စွန်ရဲဟာ နယ်စားကြီးတို့ လူစုထဲက ဖြစ်ရမယ်'

လွှေဟန်ကျိုးက ချက်ချင်းပင် ခေါင်းခါယမ်းလိုက်၏။

စွန်ရဲက သေပြီပဲ၊ ဘယ်လိုလုပ် နယ်စားဂေဟာထဲမှာ ရှိရမှာလဲ'

သူသည် ထိုင်ရာမှ ထလိုက်၏။

အခန်းတွင်း ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်၏။

'အကြောင်းအရာနှစ်ခုဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေပါလား၊ တစ်ခုမှန်ရင် တစ်ခုမှားရမယ်'

'ကျူ ယုနဲ့ လျူဝမ်းအောင့်တို့ ပြောစကား မှန်ရင် စွန်ရဲဟာ မသေသေးဘူး'

'ဒါမှမဟုတ် စွန်ရဲကိုယ်စား လူတစ်ယောက်လား'

'မဖြစ်နိုင်ဘူး၊ စွန်ရဲကိုယ်တိုင်ပဲ'

'ဒါဆိုရင် စွန်ရဲသေတာမှားယွင်းရမယ်၊ စွန်ရဲသေတာမှန်ရင် သူတို့ မှားရမယ်၊ ငါ ဘာဆက်လုပ်ရမလဲ'

သူသည် အတန်ကြာ စဉ်းစားပြီးမှ ဆုံးဖြတ်ချက်တစ်ခု ချလိုက်နိုင်သေသည်။



'ဟုတ်ပြီ၊ စွန်ရဲ တကယ်သေတာ ဟုတ်၊ မဟုတ် စုံစမ်းကြည့်ဖို့ လိုလာပြီ'

....၀....

လယ်တဲတစ်လုံး....

တဲနောက်ဘက်မှ မီးခိုးများ အူထွက်နေခြင်း ဖြစ်၏။

ရဲမုံ တဲအနီးရောက်သောအခါ တဲအတွင်းမှ မွှေးပျံ့သော ဟင်းနံ့ကို ရလိုက်လေသည်။

ဝမ်းဗိုက်တွင်းမှလည်း တကြုတ်ကြုတ်မြည်လာလေသည်။ ထိုစဉ်....

'ရပ်နေစမ်း'

ဟိန်းဟောက်သံ ထွက်ပေါ်လာ၏။

ရဲမုံက လှည့်ကြည့်ရာ လှံရှည်ကိုင်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။

လယ်သမားနှင့် တူပေသည်။

ရဲမှုက ဦး ညွှတ်လိုက်၏။

'ကျုပ် ရန်သူမဟုတ်ပါဘူး၊ ခရီးသွားတစ်ဦးပါ၊ လမ်းမှား ပြီး ဒီကို ရောက်လာတာပါ'

လယ်သမားက ယုံကြည်ဟန် မပြပေ။

ရဲမှုမှာ တစ်ကိုယ်လုံး ညစ်ပတ်နေပြီး အဝတ်အစားများထ လည်း စုတ်ပြတ်နေသည် မဟုတ်ပါလား။

ရဲမှုက ပြုံးလိုက်ပြီး....

'ကျုပ် လူကောင်းတစ်ယောက်ပါဗျာ၊ ကျုပ် အလွန်ဆာနေ လို့ စားစရာ...'

လယ်သမားက မဲ့လိုက်၏။

'စားစရာ မရှိဘူး'

တုံးတိတိ ဖြေလိုက်၏။

ရဲမှုက....

'ကျုပ် အလကား မစားပါဘူး၊ တန်ရာတန်ကြေး ပေးပါ့ မယ်ဗျာ'

လယ်သမားက....

'ခင်ဗျားက ပေးနိုင်လို့လား'



ရဲမှုက အိတ်ထဲ လက်နှိုက်လိုက်၏။

ရွှေတုံးကလေးတစ်တုံး ပါလာ၏။

သူက လယ်သမားအား ရွှေတုံးကလေး ပစ်ပေးလိုက်ပြီး....

'ထမင်း တစ်နပ်စာအတွက်....'

လယ်သမား၏ မျက်လုံးများ တောက်ပသွား၏။

ထိုရွှေတုံးကလေးတစ်တုံးသည် ထမင်း တစ်နပ်စာမကပါ။ သူတို့ တစ်နှစ်နီးပါး ရှန်းကန်ရှာဖွေမှ ရသည့် ငွေအရေအတွက် မျှပင် ဖြစ်နေ၏။

လယ်သမားက ရဲမှုအား ကြည့်လိုက်၏၊ ရဲမှု၏ လက်ချောင်း များတွင် ဝတ်ဆင်ထားသော လက်စွပ်များကို တွေ့မြင်သွား လေသည်။

အဖိုးတန်ရတနာများပင် မဟုတ်ပါလော။

လယ်သမားက....

'ကြွပါ ကြွပါ ကျုပ်တို့ ဒေသက အလွန် ဆင်းရဲလေတော့ ထမင်းတစ်နပ် အလကား မကျွေးနိုင်တာကို ခွင့်လွှတ်ပါ'

ရဲမှုက ဘာမှ မပြောဘဲ တဲအတွင်း ဝင်လိုက်၏။

တဲအတွင်း၌ နောက်ထပ် လူတစ်ဦးကို တွေ့ရ၏၊ လယ်သမား က ထမင်းပွဲ ပြင်ပေးပြီး ထိုလူကို ခေါ်ကာ အပြင်သို့ထွက်သွား လေသည်။

ရဲမုက ထမင်းဟင်းများကို အားရပါးရ စားသောက်ရင်းမှ ရုတ်တရက် အန္တရာယ်၏ အငွေ့အသက်များ ရလိုက်လေသည်။

သူက ထမင်းကို လက်စသတ်လိုက်ပြီး ပြတင်းပေါက်မှအသာ ချောင်းကြည့်လိုက်၏။

လယ်သမားနှင့်အတူ အခြား လယ်သမား သုံးယောက်တို့ သည်။ လှံ ရှည် ကိုယ်စီဖြင့် တဲအနီး တရွေ့ရွေ့ ချဉ်းကပ်လာ သည်ကို တွေ့လိုက်ရလေသည်။

ရဲမုက သက်ပြင်း ချလိုက်သည်။ သူ၏အပေးအကမ်းရက်ရော မှုက အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေကြောင်း နားလည် လိုက်၏။

ဆင်းရဲလှသော လယ်သမား တစ်စုသည် သူ့အား သတ်၍ ရွှေငွေများယူရန် ကြံစည်နေပြီ မဟုတ်ပါလော....

ရဲမုက ချက်ချင်းပင် တဲထုတ်တန်းပေါ် ခုန်တက်လိုက်၏။ ထို့နောက် ခေါင်းမိုးကို အသာ ထိုးဖောက်ကာ အမိုးပေါ်သို့ တက်လိုက်၏။

သူ ခေါင်မိုးပေါ် ရောက်ချိန်၌ လယ်သမား တစ်စုအ အိမ်တွင်းသို့ ရောက်ရှိလာကြပြီ ဖြစ်၏။

ရဲမုကို မတွေ့သောကြောင့် တစ်ယောက်တစ်ပေါက် စကား သံများ ဆူညံစွာ ထွက်ပေါ်လာ၏။



ထို့နောက် အားလုံး အပြင်သို့ အပြေး ထွက်သွား ကြလေ သည်။ ရဲမုလည်း ခေါင်မိုးပေါ်မှ အသာ ခုန်ဆင်းလိုက်ပြီးလယ် သမားများနှင့် ဆန့်ကျင်ဘက်သို့ အမြန်ဆုံး ပြေးသွား လိုက်လေ တော့သည်။

....၀....

နေလတောင်....

မည်သူက ဤတောင်အား နေလတောင်ဟုအမည်ပေးခဲ့သည် မသိပါ။ တောင်သည် ပေ ငါးရာကျော်ခန့်သာ မြင့်မား၏။

ကျောက်တောင်ကုန်း တစ်ခုဖြစ်ပြီး တောင်ပေါ် တစ်ခုလုံး တွင် ကျောက်တုံး ကျောက်ခဲများသာ ပြည့်နက်နေ၏။

သစ်ပင်ဟူ၍လည်း ချုံနွယ်များမှအပ အခြား မရှိပါချေ။ လေ့ဟန်ကျိုးမှာ တောင်ခြေတွင် ခြေတွဲရပ်လိုက်ပြီးတောင်ပေါ် တစ်ချက် မော့ကြည့်လိုက်၏။

လူသူ အရိပ်အယောင်မျှ မရှိပါ။ အလွန်ခေါင်သော နေရာတစ်ခုပင် ဖြစ်၏။

လေ့ဟန်ကျိုးက အချိန်ကို တစ်ချက် သတိထားလိုက်၏။

ညနေစောင်းနေပြီဖြစ်၏။ မကြာမီ နေဝင်တော့မည် ဖြစ်သည်။ နောက်တစ်နေ့မှ တောင်ပေါ်တက်ရကောင်းနိုး စဉ်းစားလိုက်၏။

'အို ရှုပ်ပါတယ်၊ အချိန်ဆွဲနေတာ မကောင်းပါဘူး'

သူသည် ရေရွတ်လိုက်ပြီး တောင်ပေါ်သို့ တက်လာခဲ့လေသည်၊ သူ တောင်ထိပ်ပေါ် ရောက်သောအခါ နေဝင်သွားပြီ ဖြစ်၏။

ပတ်ဝန်းကျင် တစ်ခုလုံး မှောင်မည်း သွားလေသည်၊ လေ့ဟန်ကျိုးက လ,ထွက်အောင်စောင့်ရင်းအနားယူရန်စဉ်းစားလိုက်လေသည်။

ထို့နောက် သူက ကျောက်တုံးကြီး တစ်ခုပေါ် တက်ကာ အနားယူလဲလျောင်းလိုက်လေသည်။

o....



ညဉ့်နက်လာပြီဖြစ်၏။

လထွက်လာပြီဖြစ်ပါသည်။

လရောင်သည် ပတ်ဝန်းကျင်ကို အေးမြသော အလင်းရောင် လွှမ်းခြုံပေးနေ၏။

လေ့ဟန်ကျိုးမှာ အိပ်ပျော်နေရာမှ နိုးလာ၏။

သူသည် ခါးတစ်ချက် ဆန့်လိုက်ပြီး ကျောက်တုံးပေါ်မှ ခုန်ဆင်းလိုက်၏။ နှစ်ခြိုက်စွာ အိပ်လိုက်ရသောကြောင့် အားအင်များ ပြည့်ဖြိုးသွားသလို ခံစားလိုက်ရလေသည်။

လေ့ဟန်ကျိုးက လရောင်အောက်မှပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်ရှုလိုက်၏၊ တောင်ထိပ်မှာ ပေ နှစ်ရာပတ်လည်ခန့်မျှ ကျယ်ဝန်း၏။

ကွက်လပ်သက်ကျောက်တုံးကျောက်ခဲများက ပိုများနေ၏။ လေ့ဟန်ကျိုးက ရှေ့ဆက်လျှောက်ရင်း ရှာဖွေကြည့်လိုက်၏။

သူ တွေ့ချင်သော အရာအား သိပ်ရှာလိုက်ရပါ။ လရောင်အောက်တွင် ထင်ရှားစွာ တွေ့မြင်လိုက်ရ၏။

ဆယ့်ငါးပေပတ်လည်ခန့် ကွက်လပ် အလယ်တွင် ဂူတစ်ခု ရှိနေသည် မဟုတ်ပါလော။

လေ့ဟန်ကျိုးက ဂူကို အကဲခတ်ကြည့်လိုက်၏။ ဂူအပေါ်တွင် စွန်တည်ကောင်ပုံ သစ်သားပန်းပုရုပ်တင်ထား၏။

ပန်းပုသက်ရာမှာ အဝ်မဘန် ကောင်းမွန်ပေသည်။

ဂူမှာ ကျောက်တုံးခဲလေးများဖြင့် ပြုလုပ်ထားခြင်းဖြစ်၏။

လေှ့ဟန်ကျူိးအား....

'မိတ်ဆွေ....ကျုပ်အာ မိတ်ဆွေကို နှောင့်ယှက်ချင်လို့ မဟုတ်ပါဘူး'

ဟု တီးတိုးပြောလိုက်ပြီး ဂူအနီး ထိုင်ချလိုက်၏။

ခါးမှ ဓားကိုထုတ်ကာ ကျောက်တုံးအလေးများကိုကလော်ထုတ်လိုက်လေတော့သည်။

....၀....

'ဂစ်....'

ညငှက်တစ်ကောင်က စူးရှစွာ အော်ရင်း ပျံသန်းသွား၏။ လေနုအေးက တစ်ချက် ဝေ့ယမ်းတိုက်ခတ်လာ၏။

အချိန်များ တရွေ့ရွေ့ ကုန်လာခဲ့ပြီ ဖြစ်သည်။

လေှ့ဟန်ကျူိး၏ ခန္ဓာကိုယ်ပေါ်တွင် ချွေးများအား ရွှဲနစ်နေ၏။



သူသည် ဂူကို အတော်ပင် ဖြိုဖျက်လိုက်နိုင်ပြီဖြစ်၏။

ကြောခင် စွန်ရဲ၏အခေါင်းကို တွေ့ရတော့မည်ဟု ယုံကြည်မိလေသည်။

ထိုစဉ်မှာပင် ပေါ့ပါးသော ခြေသံတစ်ချက်ကို ကြားလိုက်ရ၏။

လေှ့ဟန်ကျူိးက ရုတ်ခြည်း နောက်လှည့်လိုက်၏။

အဖြူရောင် အရိပ်တစ်ခု....။

ကျောက်တုံးများကြား ရွေ့လျားနေ၏။

လေှ့ဟန်ကျူိးမှာ ကြက်သီးများ ထသွား၏။ ရင်လည်းထိတ်သွားလေသည်။

ထိုစဉ် အေးစက်သောစကားသံ ထွက်ပေါ်လာ၏။

'အာခြောင်နဲ့ ဂူကို စူးဆွနေရတာလဲ၊ သေတဲ့သူရဲ့ဝိညာဉ်ကိုမှ အေးအေးဆေးဆေး နေခွင့် မပေးချင်ရတာလဲ'

လေှ့ဟန်ကျူိးက ကြောက်စိတ်ကို ဖယ်ရှားလိုက်၏။

'ခင်ဗျား ဘယ်သူလဲ'

အဖြူရောင်အရိပ်က....

'မင်း ဒီကဲ အမြန်ဆုံးထွက်သွားပါ၊ မဟုတ်ရင် မင်း သေရမယ်'

လေှ့ဟန်ကျူိးက ထိုလူရိပ်၏စကားကို အရေးမစိုက်ဘဲဂူကိုဆက်လက်တူးဆွရန် ဟန်ပြင်လိုက်၏။

ထိုစဉ် အဖြူရောင်ရိပ်က ရှေ့သို့တိုးထွက်လာပြီး....

'ပြောမရတာ ဘာပေလဲ'

ဟု ခေါ်ခေါက်ရင်း လက်ငါးချောင်းဖြင့် ကုပ်ဆွဲချလိုက်လေသည်။

'ဝှိ...'

လေ့ဟန်ကျိုးက ကျွမ်းစွာ အမြန်ရှောင်တိမ်းပေးလိုက်၏။

သူ မြင်လိုက်ရချိန်တွင်ပင် အဖြူရိပ်က လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လာပြန်၏။

လေ့ဟန်ကျိုးက ရှောင်တိမ်းရင်း အကဲခတ်လိုက်၏။

ထိုလူသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားရုံမက မျက်နှာကိုလည်း အဖြူရောင်အဝတ်ဖြင့် စည်းနှောင်ထား၏။

သူ၏လက်များသည် ပိန်လှီလှ၏။ သို့သော် လက်သည်းများက ခြောက်သက်မခန့်မျှရှည်လျားပြီး နက်မှောင်နေ၏။

အဖြူရောင်အရိပ်က သူ၏ရှည်လျားသော လက်သည်းများကို အသုံးပြုကာ တရကြမ်းတိုက်ခိုက်နေခြင်းဖြစ်ပေသည်။

လေ့ဟန်ကျိုးမှာ ရှောင်တိမ်းနေရပေသည်။

ဟစ်ကြိမ်တွင် ထိုလူ၏လက်သည်းများက ကျောက်တုံးကို ထိုးကုပ်မိသွား၏။



'ချမ်...'

ကျောက်တုံးပင် ပဲ့ထွက်သွားလေသည်။

လေ့ဟန်ကျိုးမှာ ထိတ်လန့်သွား၏။ ထိုလူအား ခပ်ပေါ့ပေါ့ တန်တန် သဘောထားလျှင် ဒုက္ခ ရောက်နိုင်ကြောင်းလည်း သိလိုက်၏။

လေ့ဟန်ကျိုးက...

'ဘာကြောင့် ကျုပ်ကို တိုက်ခိုက်နေရတာလဲ'

အဖြူရောင် ဝတ်စုံရှင်က....

'မင်းကရော ဘာကြောင့် အုတ်ဂူကို ဖျက်ဆီးရတာလဲ'

လေ့ဟန်ကျိုးက....

'ဒီအုတ်ဂူနဲ့ ခင်ဗျားက ဘယ်လိုပတ်သက်လို့လဲ'

အဖြူရောင်ဝတ်စုံရှင်က....

'ကျုပ်က အုတ်ဂူစောင့်တဲ့ ဝိညာဉ်တွေပဲ'

လေ့ဟန်ကျိုးက ရယ်မောလိုက်၏။

အဖြူရောင်ဝတ်စုံရှင်က....

'မင်းက မယုံကြည်ရင် မင်းကို အကြောင်းပြရသေးတာပေါ့'

သူသည် လက်နှစ်ဖက်ကို ဝေ့ယမ်းကာ တရကြမ်းတိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုများက ပြင်းထန်လှပေသည်။

သို့သော် လေ့ဟန်ကျိုးသည် ထိုသို့တိုက်ခိုက်မှုများနှင့် မကြာခဏ ကြုံတွေ့ခဲ့ဖူးသောသူ ဖြစ်၏။

သူ၏တစ်သက်တာတွင် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဖူးသည် မဟုတ်ပါလား။

လေ့ဟန်ကျိုးဟူသောအမည် ကြေးတန်းစားလောကအတွင်း ထင်ရှားခဲ့ခြင်းသည် အလကားတော့ မဟုတ်ပါချေ။

လေ့ဟန်ကျိုးကဝတ်စုံဖြူ၏တိုက်ခိုက်မှုများကို ဆယ်ကွက်ခန့် ရှောင်တိမ်းပြီးသည်နှင့် မည်သို့ပြန်လည်တိုက်ခိုက်ရမည်ကို နားလည်သဘောပေါက်သွား၏။

သူသည် ချက်ချင်းပင် လက်သီးဖြင့် တုန့်ပြန်တိုက်ခိုက်လိုက်လေသည်။

သူ၏လက်သီးသည် ဝတ်စုံဖြူ၏ရင်ဝသို့ တည့်မတ်စွာပင် ထိုးချမိသွားလေသည်။

'ဝုန်း'

ဝတ်စုံဖြူမှာ နောက်သို့လွင့်စဉ်သွား၏။

လေ့ဟန်ကျိုးက နောက်မှခုန်လိုက်ကာ ထပ်မံတိုက်ခိုက်လိုက်သည်။

ဝတ်စုံဖြူက ကျောက်တုံးများကြား လှိမ့်ဝင်သွားလေသည်။



လေ့ဟန်ကျိုးက နောက်မှအမီလိုက်ဝင်လိုက်၏။

ကျောက်တုံးကြား၌ ဝတ်စုံဖြူအား မတွေ့ရပါ။ ထိုစဉ် နောက်မှလေတိုးသံကြားလိုက်ရသဖြင့် မြေပေါ်အမြန်လှိမ့်ချလိုက်၏။

'ချွမ်း'

ကျောက်တုံးများ ပဲ့ထွက်သွား၏။

'ဟား....ဟား....ဟား'

ကြောက်မက်ဖွယ်ရယ်သံနှင့်အတူ ဝတ်စုံဖြူက တရကြမ်း တိုက်ခိုက်လာလေသည်။

လေ့ဟန်ကျိုးက မြေပေါ်နှစ်ပတ်မျှလှိမ့်ကာ ရှောင်တိမ်းလိုက်ပြီးနောက် ဓားကိုဆွဲထုတ်လိုက်၏။

တစ်ဆက်တည်းပင် ဓားကိုဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

လေ့ဟန်ကျိုး၏ဓားပညာသည် ရှုပ်ထွေးမှုမရှိပါ။

သူသည် ကြေးစားလူသတ်သမားဖြစ်၏။ ထို့ကြောင့် သူ၏ဓားချက်တို့သည် ရန်သူသေစေရန်သာ ဦးတည်တိုက်ခိုက်လေ့ရှိပေသည်။

ယခုလည်း ဓားကွက်သုံးကွက်အရောက်တွင် လေ့ဟန်ကျိုး၏ဓားက ဝတ်စုံဖြူ၏ပခုံးကို ခုတ်ချမိသွား၏။

ဝက်စုံဖြူကတစ်ချက်ညည်းတွားပြီး ကျောက်တုံးများကြား ခုန်ဝင်သွား၏။

လှေဟန်ကျိုးက....

'ဒီလိုပြေးလို့ လွတ်မတဲ့လား'

သူက အော်ဟောက်ရင်း ကျောက်တုံးများကြား ခုန်ဝင်လိုက်၏။

ထိုအခါ သူ့အား အသင့်စောင့်ကြိုတိုက်ခိုက်ခြင်းကို ခံလိုက်ရလေသည်။

လှေဟန်ကျိုးမှာ ခါးသုံးချက်မျှထုတ်ကာ ဟန့်တားလိုက်မှ ဝတ်စုံဖြူ၏တိုက်ခိုက်မှုကို ရပ်သွားစေခဲ့၏။

လှေဟန်ကျိုးက မျက်မှောင်ကြုတ်သွား၏။

စောစောက ဝတ်စုံဖြူကို သူကဒဏ်ရာရသွားအောင် တိုက်ခိုက်နိုင်ခဲ့၏။

ယခု ထိုဝတ်စုံဖြူသည် ဒဏ်ရာရဟန်မရှိပါ။ ဝတ်စုံဖြူက ရယ်မောလိုက်၏။

လှေဟန်ကျိုးက အံကိုတင်းတင်းကြိတ်ကာ ဓါးကိုဝေ့ယမ်းပြီး တိုက်ခိုက်လိုက်လေသည်။

ဝတ်စုံဖြူက ထိတ်လန့်သွား၏။

လှေဟန်ကျိုး၏ပြင်းထန်သော ဓါးချက်များကို တွေ့လိုက်ရသဖြင့် အလျင်အမြန် ရှောင်တိမ်းသော်လည်း နောက်ကျသွား၏။



လှေဟန်ကျိုး၏ လျင်မြန်ပြင်းထန်သော ဓါးချက်မှာ ဝတ်စုံဖြူ၏ရင်ဝသို့ ထိုးစိုက်သွားလေတော့သည်။

'အင့်'

ဝတ်စုံဖြူမှာ မသဲမကွဲညည်းတွားလိုက်ပြီး မြေပေါ်လဲကျသွားလေသည်။

လှေဟန်ကျိုးက....

'မင်းတို့က ကျုပ်ကိုလူသတ်ချင်စိတ်ပေါ်အောင် ဆွပေးနေတာကိုး'

ဟု ရေရွတ်လိုက်ပြီး ကျောက်တုံးများကြားမှ လှည့်ထွက်လိုက်၏။

အနေှာင့်အယှက်ကင်းသွားပြီဖြစ်၍ ဂူကိုဆက်တူးရန် စဉ်းစားလိုက်ပြီး ဂူရှိရာဘက် လျှောက်လာခဲ့၏။

ထိုစဉ် ဂူရှေ့မှတွေ့ရသောအရာကြောင့် လှေဟန်ကျိုးမှာ အလွန်ပင်ထိတ်လန့်သွားရလေသည်။

'မင်း....မင်း'

'ဟား... ဟား....ဟား'

ချောက်ချားဖွယ်ကောင်းသော ရယ်သံက လွင့်ပျံ့လာသည်။ စောစောက ဂူရှေ့ငယ် ဝတ်စုံဖြူက မားမားမတ်မတ် ရပ်နေသည် မဟုတ်ပါလား။

'မင်းက ကျုပ်ကိုသတ်လို့ မရပါဘူး'

အသံမှာ အေးစက်နေသည်။

ဝတ်စုံဖြူရှေ့သို့ တစ်လှမ်းချင်းတိုးလာသည်။

လွှေဟန်ကျိုး၏မျက်နှာ ဖြူရော်သွားသည်။

ကြက်သီးများ တဖြန်းဖြန်းထလာသည်။

သူ၏တစ်သက်တာဝယ် တစ်ခါမျှ မဖြစ်ပေါ်ခဲ့ဖူးသော ကြောက်စိတ်များ ဝင်ရောက်လာချေသည်။

ဝတ်စုံဖြူက စူးရှစွာရယ်မောရင်း ရှေ့တိုးလာနေသည်။

လွှေဟန်ကျိုးမှာ အလိုလို နောက်ဆုတ်လာမိသည်။

သူသည် ရုတ်ခြည်းပင် ကျောက်တုံးများကြား လှည့်၍ ပြေး ဝင်လိုက်သည်။

ကျောက်တုံးကြား၌ သူစောစောကသုတ်သင်ခဲ့သော ဝတ် ဖြူကား မရှိတော့ပါ။

ကြောက်စိတ်များက ပိုကဲလာသည်။

ဝတ်စုံဖြူ၏ ရယ်မောသံက ဆက်လက် ထွက်ပေါ်နေ ဖြစ်၏။

သူမည်သို့မျှ မနေရဲတော့ပါ။



မဇာချုံးများ ပြန့်လာသည်။

ချက်ချင်းပင် တောင်အောက်သို့ ပြေးဆင်းလာခဲ့လေတော့ သည်။

...၀...

'ပြေး....ပြေး....ပြေး'

လွှေဟန်ကျိုးမှာ တစ်ရှိန်ထိုး ပြေးလာခဲ့သည်။

အတန်ကြာမှ ဝတ်စုံဖြူ လိုက်ပါလာခြင်းမရှိသည်ကို သိရှိ လိုက်ပြီး ပြေးလွှားမှုကို ရပ်တန့်လိုက်သည်။

သူ၏ တစ်ကိုယ်လုံးတွင် ဇောချွေးနှင့် မောချွေးများ ရွှဲ နေသည်။

လွှေဟန်ကျိုးက သစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချ လိုက်သည်။

သူ၏ခြေထောက်များက ထိတ်လန့်မှု ကြောင့် တုန်ယင်နေသည် ဖြစ်သည်။ အတန်ကြာမှ စိတ်ကို တည်ငြိမ်အောင် စုစည်းလိုက်နိုင်သည်။

ဖြစ်ပျက်ခဲ့သမျှတို့ကို ပြန်၍ စဉ်းစားကြည့်လိုက်သည်။

'ဝတ်စုံဖြူတွေဟာ ဝိညာဉ်တွေပဲလား၊ တကယ်ပဲ သတိလို့ မသေဘူးလား'

လှေဟန်ကျိုးက ဆက်ပြင်းချလိုက်၏။

သူ၏အဖြစ်အပျက်များကို ပြောပြ၍ မည်သူ ယုံကြည်ပါမည်နည်း။ သူကမူ လက်တွေ့ဖြစ်၏။ သူ၏ဘဝတွင် နာနာဘာဝများ ရှိသည်ဟု တယ်သောအခါမှ လက်မခံခဲ့ပါ။

ယခုမူ လက်ခံရတော့မည့်သို့ ဖြစ်နေ၏။ လှေဟန်ကျိုးက ထရပ်လိုက်သည်။

သူက ထိုဝတ်စုံဖြူများသည် နာနာဘာဝများ ဟုတ်၊ မဟုတ် ထပ်မံ စမ်းသပ်ချင်မိ၏။

သို့သော် သူတစ်ယောက်တည်းပြန်မသွားဝံ့သလို ဖြစ်နေ၏ အတန်ကြာ ချီတုံချတုံ စဉ်းစားပြီးနောက် နေလတော၀န်း ဆန့်ကျင်ဘက်သို့သာ ဦးတည်သွားလိုက်လေတော့သည်။

...၀...



သံပေသီး ဓေဒင်....

အဖြူရောင် ဆိုင်းဘုတ်မှာ အဝေးမှပင် မြင်တွေ့နိုင်၏။ သံပေသီးသည် မှင်မှောင်းကောင်းစွာဖြင့် ထိုင်နေ၏။ ထိုစဉ် ဈေးသည်တစ်ဦးက တောင်းများ ထမ်းကာ ဖြတ်လျှောက်လာလေသည်။

သံပေသီး၏ ဆိုင်းဘုတ်ကို တွေ့သောအခါ ခေတ္တရပ်ကြည့်ပြီးနောက် သံပေသီးရှေ့သို့ ထိုင်လိုက်၏။

ထို့နောက် အသံဖြင့် မေးလိုက်သည်။

'အခြေအနေ ဘယ်လိုလဲ'

သံပေသီးက သူ၏ မေသီးကို တစ်ချောက်ချောက်နှင့် တွက်လိုက်ပြီးနောက်.....

'မှန်ဂိုစစ်တပ်တွေ လှုပ်ရှားမှု ဘာမှ မကြားရပါဘူး'

ဈေးသည်က....

'မှန်ဂိုတွေဟာ လျှို့ဝှက်အဖွဲ့တစည်းတစ်ခု ဖွဲ့စည်းထားတယ်လို့ သိရတယ်'

သံပေသီးက....

'ပြောပါဦး'

ဈေးသည်က...

'သတင်းအစအနပဲ ရသေးတယ်၊ ခင်ဗျား ဆက်စုံစမ်းပါ'

သံပေသီးက....

'အဲဒီ အဖွဲ့အစည်းအမည်ကော သိပြီလား'

ဈေးသည်က....

'မသိသေးဘူး၊ ရှင်တို့ရဲ့ ရည်ရွယ်ချက်က မျိုးချစ်သိုင်းသမား တွေကို အားနည်းအောင် လျှို့ဝှက်လုပ်ကြံဖို့ပဲ၊ ဒီဇာတ်ထဲမှာ မျိုးချစ်သိုင်းသမားလေးယောက် လုပ်ကြံခံရတယ်၊ လက်သည် ရှာမတွေ့ဘူး'

သံပေသီးက...

'ကောင်းပြီ... ကျုပ် စုံစမ်းပါ့မယ်၊ ကျုပ်တာဝန်ကထား'

စျေးသည်က....

'ကျုပ် ဆက်ပွားမယ်'

သံပေသီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း....

'စိတ်ချ၊ ကျုပ်နဲ့ တွေ့ကြသေးတာပေါ့'

စျေးသည်က ငွေစများ ခုံပေါ်တင်ပေးလိုက်ပြီး....

'ကျေးဇူးတင်ပါတယ်ဗျာ'

ဟု နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

....o....



ရဲမုမှာ နှစ်ရက်ခန့်သာ ဆက်လာပြီးနောက် ရွာကလေး တစ်ရွာသို့ ရောက်ရှိလာ၏။

သူသည် ဝတ်စုံတစ်စုံနှင့် မြင်းတစ်ကောင်ကို ဝယ်ယူလိုက်ပြီး ခရီးဆက်လာခဲ့၏၊ မကြာမီ ရဲမုမှာ မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသည်။

သူသည် တိုက်မြို့ကလေးတွင် ရိက္ခာများ ဝယ်ယူလိုက်ပြီး ဆက်လက် ခရီးထွက်လိုက်၏။

ထိုစဉ် သူ့အား လူတစ်ယောက်က တွေ့မြင်သွားသည်ကို သတိမပြုလိုက်မိပါချေ။

ထိုလူသည် သူ့အိမ်ကို လာရောက်စိုင်းရံသည့် မြင်းစီးသမား သုံးယောက်အနက် တစ်ယောက်အပါအဝင် ဖြစ်ပါသည်။

....o....

'ခွပ်–ခွပ်–ခွပ်–'

ရဲမှုမှာ မြင်းကို မနားတမ်း ခရီးဆက်ခဲ့ရာ ခရီး အတော်ပင် ပေါက်လာခဲ့လေသည်။

သူသွားလိုသောလူထံ ရောက်ရန် နှစ်ရက်ခန့်မျှသာ လိုပေတော့သည်။ ဤနှုန်းအတိုင်း ခရီးဆက်လျှင် နှစ်ရက်အတွင်း ရောက်ရှိသွားမည် ဖြစ်၏။

သို့သော် သူက မရပ်မနား ခရီးဆက်ချင်သော်လည်း မဖြစ်နိုင်ပါ။ မြင်းကို အနားပေးရဦးမည်ဖြစ်၏။

မြင်းကို မနားတမ်းခရီးနှင်လျှင် မကြာမီ မြင်းက အမောဆို့ကာ လဲကျသွားနိုင်သည် မဟုတ်ပါလား....

ရဲမှုက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ ညအမှောင်ထု အောက်ဝယ် နားခိုစရာနေရာ မတွေ့ပါ။

ရဲမှုက မြင်းကို အရှိန်လျှော့လိုက်ပြီး နားခိုရန် ဆက်လက် ရှာဖွေလိုက်၏။

မကြာမီ သူ၏ရှေ့ဘက်ယွန်းယွန်းဝယ် အဆောက်အအုံတစ်ခုကို ဝိုးတဝါး တွေ့လိုက်ရလေသည်။

ရဲမှုအ ဝမ်းသာသွား၏။



ထိုအဆောက်အအုံ 'အနီးရှိရာဘက်သို့ မြင်းကို ဦးတည်ပေး လိုက်လေတော့သည်။

....ဝ...

အရက်ဆိုင်အလေးအတွင်း....

လူငယ်တစ်ယောက်မှာ အရက်ကို ဇိမ်ခံသောက်နေ၏။

ထိုလူငယ်သည် အခြားသူမဟုတ်ပါ။

မြို့စားလျှူဒွဇ်စွေ့၏ လူယုံတစ်ဦးဖြစ်သော ဝမ်းပေ့ပင် ဖြစ်ပါသည်။

သူသည် မြို့စားကြီးလျှူရှင်စွေ့၏ တာဝန်ပေးချက်အရ နယ်စားကြီး၏ လုပ်ရပ်များကို လျှို့ဝှက်စွာစုံစမ်းရန် ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

ယခုလည်း လမ်းခုလှပ်တွင် အရက်ဆိုင်ဝင်ပြီး စနည်းနာနေခြင်း ဖြစ်၏။

အရက်ဆိုင်တွင်း၌ သိုင်းလောကသားနှစ်ဦးတူသူ နှစ်ဦးကို သတိထားမိလိုက်၏။

ထိုစဉ် အရက်ဆိုင်အတွင်းသို့ လူတစ်ယောက် အရေးကြီးသုတ်ပျာနှင့် ဝင်ရောက်လာ၏။

သိုင်းလောကသားနှင့်တူသူ နှစ်ဦးထံ လျှောက်သွားပြီး တီးတိုးပြောနေ၏။ စကားသံကို မကြားရသော်လည်း တင်းဆောင်ဆော်ဟန်တူ၏။

ချက်ချင်းပင် ထိုလူသုံးယောက်မှာ အရက်ဆိုင်အတွင်းမှ ထွက်ခွာသွားလေတော့သည်။

မ်းပေ့မှာ ထိုလူများအားကြည့်ရင်း စိတ်ထဲဝယ် တစ်မျိုးခံစားလိုက်ရလေသည်။

သူသည် ချက်ချင်းပင် အရက်ဖိုးကျသင့်ငွေကို ရှင်းပေးလိုက်လေသည်။

ထို့နောက် ထိုလူသုံးယောက်နောက်မှ မသိမသာ နောက်ယောင်ခံ လိုက်လာခဲ့လေတော့သည်။

....၈....



ညဥ့်နက်နေပြီဖြစ်၏။

ရဲမုတ အဆောက်အအုံအနီးရောက်မှ အဆောက်အအုံသည် ဘုန်းကျောင်းပျက် တစ်ခုဖြစ်ကြောင်း သိရှိလိုက်၏။

မြင်းကို ဘုန်းကျောင်းရှေ့တွင် လွှန်ထားလိုက်ပြီး ရဲမုတ ဘုန်းကျောင်းပေါ်သို့ တက်လာခဲ့လေသည်။

ဘုန်းကျောင်းကြမ်းပြင်မှာ ကျိုးပဲ့သည့်နေရာက ပျက်စီးနေပြီ ဖြစ်လေသည်။

လူသူ မရောက်သည်မှာ ကြာပြီဖြစ်၍ ကြမ်းပေါ်တွင် ဖုန်းများ အလိမ်းလိမ်း တက်နေလေသည်။

ရဲမုတ ဘုန်းကျောင်းအမိုးမှ တိုးဝင်နေသော လရောင်ဖြင့် သေသေချာချာ ကြည့်ရှုလိုက်၏။

ဘုန်းကျောင်းအတွင်း၌ စင်မြင့်ရှိသော်လည်း ရုပ်တုများတာ မရှိတော့ပါ။ ရဲမုတ ကြမ်းပြင်ကို လှဲကျင်းလိုက်၏။

ထို့နောက် ဒူးထောက်၍ ဆုတောင်းနေလေ၏။

အတန်ကြာမှ ရဲမုတ ကြမ်းပြင်တွင် လဲလျောင်းလိုက်လေသည်။

ခရီးကြမ်းကို ဆက်တိုက်နှင်ခဲ့ရသည်မို့ ကြမ်းပြင်နှင့်ခေါင်း ထိလိုက်သည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားလေတော့သည်။

....၁....

မည်မျှကြာအောင် အိပ်ပျော်မိသည်မသိ။

ရယ်သံများကြားမှ လန့်နိုးလာခဲ့လေသည်။

ထိုအခါ မီးရောင်ကို စတွေ့လိုက်ရ၏။ ဘုန်းကျောင်းနံရံတွင် မီးတုတ်တစ်ခုကို စိုက်ထား၏။

မီးရောင်ကြောင့် ဘုန်းကျောင်းပျက်တစ်ခုလုံး လင်းထိန်နေ၏။

ရဲမုက မျက်လုံးပွတ်ကြည့်လိုက်ရာ ရယ်မောနေသော လူသုံးယောက်၏မျက်နှာကို တွေ့မြင်လိုက်ရသည်။

ရဲမု၏မျက်နှာ ဖြူရော်သွားသည်။

ထိုလူသုံးဦး၏မျက်နှာကို သူမည်သည့်အခါမျှ မမေ့ပါ။

ထိုလူသုံးဦးသည် သူ၏အိမ်သို့ တိုက်ခိုက်ရန် ရောက်လာကြသူများပင် မဟုတ်ပါလော...

ရဲမုက...

'မင်းတို့ ဘယ်သူတွေလဲ'

သူက ဟန်ကိုယ့်ဖို့ ပြင်မေးလိုက်သည်။

ထိုလူသုံးယောက်က...

'ကျုပ်တို့က မိုးနဂါးညီနောင်ပဲ'

'ကျုပ်က ထိလုံ၊ သူက ထိစန်း၊ သူက ထီတောက်'

ဟု ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်ကြသည်။

ရဲမုက...

'ခင်ဗျားတို့ကို ကျုပ်မသိပါဘူး၊ ဘာကိစ္စရှိလို့လဲ'



ထိလုံက...

'မင်းက ကျူးယားရဲ့မိတ်ဆွေ ရဲမုမဟုတ်လား'

ရဲမုက ခေါင်းခါရန် ဟန်ပြင်လိုက်သည်။

သို့သော် ထိလုံက စကားဆက်လိုက်၏။

'မင်းနောက်ကို ကျုပ်တို့ အဆက်မပြတ် လိုက်နေခဲ့တာပဲ၊ မင်း ဘယ်မှပြေးမလွတ်ပါဘူး'

ရဲမုက...

'မင်းတို့နဲ့ကျုပ် ဘာရန်ငြိုးရှိလို့လဲ'

ထိလုံက...

'ကျုပ်သိချင်တာပြောပြရင် မင်းကို ကျုပ်တို့က အန္တရာယ်မပြုပါဘူး'

ရဲမုက အံကြိတ်လိုက်သည်။

'မင်းတို့ တိုက်ခိုက်လာတော့တော့ ကျုပ်က ကြောက်ရမှာလား'

ထိလုံက ရယ်မောလိုက်သည်။

'မင်းက ခေါင်းမာချင်တာကိုး၊ အသားနာမခံချင်နဲ့၊ ထီးအဘိုးအိုတို့ ဘယ်မှာလဲ ပြောစမ်း'

ရဲမု၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ထိလုံက ရဲမုအား စိုက်ကြည့်လိုက်၏။

'ရဲမု၊ မင်း အသက်မသေချင်ရင် ပြောစမ်း'

ရဲမုမှာ ထိတ်လန့်သွားသည်။

သူသည် ကျူးယု၏ မိတ်ဆွေဖြစ်သည်။

ကျူးယုအပေါ် သစ္စာရှိရပေမည်။

ထို့အတူ ကျူးယု၏ မိတ်ဆွေများအပေါ်တွင်လည်း သူ သစ္စာရှိရပေမည်။

ထိုးအတိုးအိုဘို့ လူစု၏ အသက်သည် သူ့ထံတွင် တည်နေကြောင်းလည်း ရုတ်ခြည်း သဘောပေါက်သွားသည်။

ရဲမုက ခုန်ထလိုက်သည်။

သူ၏လက်တွင်း၌လည်း ဓားတစ်လက်က အဆင်သင့်ပါလာလေသည်။

ထိုလုံက ရယ်မောလိုက်သည်။

'ဟား ...ဟား....ဟား ရဲမု၊ မင်းက အဒသခံချင်နေတာကိုး၊ ထိတောက် သူ့ကို နည်းနည်းဆုံးမလိုက်စမ်း'

ထိတောက်ဆိုသူက ဓားကိုဆွဲထုတ်ကာ ရှေ့သို့ တိုးထွက်လိုက်သည်။

ရဲမုက အံကို တင်းတင်းကြိတ်လိုက်၏။

'မင်းတို့ ကျုပ်ဆီက ဘာမှမသိရဘူးမှတ်ပါ'

သူသည် ဓားကိုဝေ့ယမ်းကာ စတင်တိုက်ခိုက်လိုက်သည်။ ရဲမုသည် ဓားပညာကျွမ်းကျင်သော သူတစ်ယောက် မဟုတ်ပါ။

ဓားပညာ အနည်းအကျဉ်းမျှသာ ကျွမ်းကျင်ပေသည်။

ထို့ကြောင့် ထိတောက်နှင့် ရင်ဆိုင်လိုက်သောအခါ သို့ ကွက် ဆယ်ကွက်အတွင်းပင်....



'ချမ်....'

ရဲမု၏ဓားမှာ အဝေးသို့ လွင့်စဉ်ထွက်သွား၏။

ထိတောက်က သဘောကျစွာ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား ရဲမု မင်းဓားတတ်နိုင်သေးသလဲ'

ရဲမု၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

ထိတောက်က ဓားကိုဝေ့ယမ်းလိုက်ပြီး....

'မင်း မပြောရင် သေတာထက် ဆိုးတဲ့ဝေဒနာကို ခံစားရလိမ့်မယ်'

ဟု အေးစက်စွာ ခြိမ်းခြောက်လိုက်၏။

ထိုစဉ် ...

'ဝှစ်....'

ဟူသော မြည်သံနှင့်အတူ အရာတစ်ခုက မီးတိုင်ကို ထိမှန်သွား၏။

မီးတိုင်မှာ ငြိမ်းသွားကြလေသည်။

ဘုကျောင်းပျက်အတွင်း ရုတ်ခြည်း မှောင်အတိကျသွားသည်။

ထိလုံက....

'ဟေ့... မီးအမြန်ထွန်းစမ်း'

ထိစန်းက မီးကို အမြန်ထွန်းညှိလိုက်၏။

အလင်းရောင်က ပြန်လည်ထွက်ပေါ်လာ၏။

တဒင်္ဂအတွင်း ပြောင်းလဲမှုများ ဖြစ်ပေါ်သွား၏။

ရှိမှုသည် မူလနေရာတွင် မရှိတော့ပါ။

တိတိကျကျဆိုရလျှင် ဘုံကျောင်းပျက်ထဲ၌ မရှိတော့ပါ ချေ။

ထိုတောက်ဆ....

'ရဲမှုပြေးပြီ'

ထိလုံတာ....

'တို့အားလုံး လူခွဲပြီးလိုက်မှ ဖြစ်မယ်၊ ဒီတစ်ခါတွေ့ရင် ကောင်းကောင်းနှိပ်စက်ပစ်မယ်'

သူတို့အ တစ်သောက်တစ်ခွန်းပြောရင်း ဘုံကျောင်းတွင်းမှ ပြေးထွက်သွားကြလေတော့သည်။

....о....



ရဲမှုမှာ မောပန်းလာ၏။

'ခ....ခဏ....ရပ်....ရပ်ပါဦး'

သူက မောဟိုက်သံနှင့် တားလိုက်၏။

သူ၏ဟန့်တားသံကြောင့် ရဲမှုအား ထက်ဆွဲပြေးလာသူ၏ ခြေလှမ်းများကို အရှိန်လျှော့လိုက်၏။

ရဲမှုမှာ အလွန်မောဟိုက်နေ၏။

ခြေလှမ်းများပင် မသယ်လိုတော့ပါ။

ခြေတရွတ်တိုက် ဖြစ်လာ၏။

'ဟော့....အားတင်းစမ်းပါ၊ ရန်သူတွေမိသွားလိမ့်မယ်'

ရဲမှုက....

'ကျုပ်ကို စာယ်တင်တာ ကျေးဇူးတင်ပါတယ်'

ထိုလူက....

'စကား နေခက်မှပြော၊ သွားနိုင်သလောက် ဆက်သွားရအောင်၊ ဒီလူသုံးယောက်စလုံးကို ကျုပ်က ခုခံနိုင်မယ်မထင်ဘူးဗျ'

ရဲမှုက စာမျှမပြောတော့ပါ။

သူသည် ရန်သူလက်ချက်နှစ်ဖို့ သေဆုံးရတော့မည်ဟုထင်ခဲ့၏။

သို့သော်....

ရှိတိထရက် မီးမှောင်ကျသွားပြီး လူတစ်ယောက်က လက်ဆွဲကာ ပြေးထွက်လာခဲ့ခြင်းဖြစ်၏။

ယခုမှ သူ့အားကယ်တင်လာသူကို သေချာစွာ ကြည့်လိုက်မိ၏။

ထိုသူမှာ လူငယ်တစ်ယောက်ပင်ဖြစ်၏။

ရဲမှုက...

'ကျုပ်က ရဲမှူးပါ၊ မင်းက ဘယ်သူလဲ'

လူငယ်က...

'ကျုပ်နာမည်က အရေးမကြီးပါဘူး'

ရဲမှုက...

'သင်ခြားလူအတွက် အရေးမကြီးပေမယ့် ကျုပ်အတွက် အရေးကြီးတယ်ဗျ၊ မင်းဟာ ကျုပ်ရဲ့ ကျေးဇူးရှင်ပဲ၊ နာမည်တော့ သိထားသင့်ပါတယ်'

လူငယ်က ပြုံးလိုက်ပြီး....

'ဝမ်ပေ့ပါ'

ရဲမှုက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး....

'ဒုက္ခပဲ'

လူငယ်က...

'ဘာဖြစ်လို့လဲ'



ရဲမှုက....

'ကျုပ်သွားမယ့် နေရာနဲ့ ဆန့်ကျင်ဘက်ကို ပြေးလာမိပြီဗျ'

ဝမ်ပေ့က ပြုံးလိုက်၏။

'ခင်ဗျား ဒီလူတွေနဲ့ ဘာရန်ငြိုးရှိလို့လဲ'

ရဲမှုက....

'ရန်ငြိုးမရှိပါဘူး၊ သူတို့က ကျုပ်ကိုအကျပ်ကိုင်ဖို့ ကြိုးစားနေကြတာပါ၊ ဒါပေမယ့် ကျုပ်သွားမယ့်နေရာကိုရောက်ရင်တော့ ကြောက်စရာမလိုတော့ပါဘူး'

ဝမ်ပေ့က....

'ကျုပ်သာ ကိစ္စမရှိရင် ခင်ဗျားကို လိုက်ပို့ပါတယ်'

ရဲမှုက...

'ကိစ္စမရှိပါဘူး၊ မင်းရဲ့ အခု ကူညီမှုကို ကျုပ် တစ်သက်လုံး အမှတ်ရနေမှာပါ'

ဝမ်ပေ့က....

'ကောင်းပြီ ဒါဆို ကျုပ် သွားလိုက်ဦးမယ်'

သူသည် ပြောပြီး သစ်ပင်များကြား ပြေးဝင် ပျောက်ကွယ်သွားလေသည်။

ရဲမှုမှာ နောက်ကြောင်း ပြန်မလှည့်ရဲပါ။

ထိုကောင်တို့ လူစုနှင့် တိုးလျှင် ဤတစ်ကြိမ် သူ ကံကောင်းတော့မည် မဟုတ်ပါ။

သူ သွားချင်သော နေရာအား ကွေ့ပတ်သွားရန် စိတ်ကူးလိုက်၏။ နှစ်ရက်နှင့် ရောက်မည့် ခရီးကို ခုနစ်ရက်ခန့် အချိန်ဖြုန်းကာ သွားလာရတော့မည် ဖြစ်၏။

သို့သော် သူ ဘာမျှမတတ်နိုင်ပါ။ ကံတရားအစီမံလှခြင်းပင် မဟုတ်ပါလား....

ရဲမှုက ခြေလှမ်းကျဲကျဲဖြင့် ခရီးကို စတင် လိုက်လေတော့သည်။

....o....

မီးရောင်က အခန်းတွင်း လင်းထိန်နေ၏။

အခန်းတွင်းသို့ လူတစ်ယောက် ဝင်လာ၏။ ထိုလူသည် အဝါရောင် ဝတ်စုံကို ဝတ်ဆင်ထား၏။



ထိုလူ၏ အရပ်မှာ မြင့်မားပေသည်။ ကျောပေး ထားသည့်အတွက် မျက်နှာကို မမြင်ရပါ။

အဝါရောင် ဝတ်စုံနှင့်လူက မီးအိမ်မှ အလင်းရောင်ကို လျှော့ချလိုက်၏။ ထို့နောက် မီးရောင် အကွယ်တွင် ဝင်ထိုင်လိုက်၏။

အမှောင်ရိပ်ကျသော နေရာမို့ သူ၏ မျက်နှာအား ကောင်းစွာ မမြင်ရသော်လည်း စူးရှတောက်ပသော မျက်လုံးအစုံကိုမူ တွေ့မြင်နေရပေသည်။

ထိုစဉ် လေတစ်ချက် ဝေ့ယမ်းတိုက်ခတ်လာ၏။ မီးအိမ်မှ အလင်းရောင်မှာ ယိမ်းနွဲ့သွား၏။

အခန်းတံခါးက ဖြည်းဖြည်းချင်း ပွင့်သွား၏။ အခန်းတွင်းသို့ အပြာရောင် ဝတ်စုံနှင့် လူတစ်ယောက် လျင်မြန်စွာ ဝင်ရောက်လာလေသည်။

ဤတစ်ကြိမ်တွင် အပြာရောင် ဝတ်စုံနှင့်လူအား မီးရောင်ဖြင့် သေချာစွာ တွေ့မြင်လိုက်ရ၏။

အသက် သုံးဆယ်ကျော်ခန့်သာ ရှိသော လူရွယ်တစ်ယောက် ဖြစ်၏။ မျက်လုံးမှေးပြီး မျက်နှာ နီစပ်စပ် ဖြစ်၏။

မေးရိုးကားပြီး လေးထောင့် ဆန်၏။ မျက်လုံးမှေးအောက်မှ မျက်စိအစုံတွင် ရက်စက်ကြမ်းကြုတ်မည့် အရိပ်လက္ခဏာရှိ၏။

ထိုလူရှယ်သည် ဟန်လူမျိုးတစ်ယောက် မဟုတ်ပါချေ မွန်ဂိုတစ်ယောက်သာ ဖြစ်ပါသည်။

အဝါရောင်လူက....

'ခန်ပေတူ မင်း သိပ် နောက်ကျတယ်'

မွန်ဂိုလူရှယ်၏ အမည်မှာ ခန်ပေတူ ဖြစ်၏။

ခန်ပေတူက....

'ဟုတ်တယ်၊ ကျုပ် ကိစ္စရှိလို့ နောက်ကျသွားတာ ခွင့်လွှတ်ပါဗျာ'

အဝါရောင်လူက....

'ထားပါတော့လေ၊ ကျုပ် အချိန် သိပ်မရတော့ဘူး၊ ရဲမှုကို မီပြီလား'

ခန်ပေတူက....

'မီခါနီးပါပြီ'

အဝါရောင်လူက....

'အမြန်ဆုံး ဆောင်ရွက်ပါ၊ ဒါထက် အခုတလော ဖြစ်ပျက်နေတဲ့ ကိစ္စတွေဟာ မင်းရဲ့ လက်ချက်ပဲလား'

ခန်ပေတူက...

'ဘာကိစ္စလဲ'



အဝါရောင်လူက....

'သိုင်းအမား အချို့ လုပ်ကြံခံရတဲ့ ကိစ္စပဲ'

ခန်ပေတူက မျက်မှောင်ကြုတ်လိုက်ပြီး....

'မဟုတ်ပါဘူး'

အဝါရောင်လူက တွေဝေသွား၏။

'ကျုပ်တို့ အကြံအစည် မအောင်မြင်ခင် ဘာမှမလှုပ်ရှားစေချင်ဘူး၊ မဟုတ်ရင် အနှောင့်အယှက်တွေ ပေါ်လာနိုင်တယ်'

ခန်ပေတူက...

'ကျုပ် နားလည်ပါတယ်'

အဝါရောင်လူက....

'ကျုပ်အတွက် ဘာအမှာ စကား ပါသလဲ'

ခန်ပေတူက....

'နောက် တစ်လပြည့်တဲ့ နေ့မှာကျုပ်တို့ဆီကိုလာလို့ရပါပြီ၊ အားလုံး အဆင်သင့် ဖြစ်နေပြီလို့ မှာလိုက်ပါတယ်'

အဝါရောင်လူ၏ မျက်လုံးများ တောက်ပသွား၏။

'ကောင်းပြီ အစီအစဉ်အတိုင်း ကျုပ် ဆောင်ရွက်မယ်'

ခန်ပေတူက....

'ဒါဆို ကျုပ် သွားမယ်'

'နေဦး'

ခန့်ပေတုကနောက်လှည့်လိုက်ပြီး....

'ခင်ဗျားဘာပြောစရာ ကျန်သေးလို့လဲ'

အဝါရောင်လူက....

'ရဲမှုနဲ့ ထီးအတိုးအိုတ္တိ လူစုံကို တစ်လအတွင်း ရှင်းပစ်နိုင်မှ ဖြစ်မယ်'

ခန့်ပေတုက ပြုံးလိုက်၏။

'စိတ်ချပါ၊ ဒီကိစ္စကို ကျုပ်ကိုယ်တိုင် စီမံ ဆောင်ရွက်မှာမို့ မပူပါနဲ့'

အဝါရောင်လူက...

'မင်းအကြောင်း ကျုပ် သိပါတယ်၊ အားလုံး ပိပိရိရိ ရှိပါစေ'

ခန့်ပေတုက ခေါင်းညိတ်လိုက်ပြီး အခန်းတွင်းမှ ထွက်ခွာသွားလေတော့သည်။

....o....



ညနေဆည်းဆာအချိန်....

နေမင်းက နီရဲသော သဏ္ဌာန်ဖြင့် မိုးကုပ်စက်ဝိုင်းအောက်သို့ ငုပ်လျှိုးဟန်ပြင်နေ၏။

ကောဝ်းကင်တစ်ခုလုံး ပုစွန်ဆီရောင် သန်းနေ၏။ လေ့ဟန်ကျိုးမှာ ဆည်းဆာအလှကို ငေးကြည့်နေသော်လည်း မခံစားမိပါ။

သူသည် ဝတီစုံ ဖြူများအား ကြောက်ရွံ့ပြီး ထွက်ပြေးလာခဲ့ရခြင်းကိုသာ တနုံ့နုံ့နှင့် ခံစားနေရ၏။

ဝတ်စုံဖြူများသည် ဝိညာဉ်များ ဖြစ်သည်ဟု လက်မခံနိုင်သော်လည်း သူ တွေ့ကြုံရသည့် အဖြစ်အပျက်များက သူ့အား ကြောက်ရွံ့စေသည် မဟုတ် မဟုတ်ပါလား....

လေ့ဟန်ကျိုးက ခေါင်းတစ်ချက် ကုတ်လိုက်၏။ ထို့နောက် အရက်ကို မော့သောက်လိုက်၏။ သူ ရှေ့စားပွဲတွင် အရက်အိုး အလွတ် သုံးလုံးခန့် ရှိ၏။

သူသည် နေ့လည်ကတည်းက အရက် ထိုင်သောက် နေခြင်း ဖြစ်၏၊ မူးလည်း အတော် မူးနေပြီ ဖြစ်သည်။

ထောင့်ကျ ကျစားပွဲတွင် ထိုင်သောက်ရင်း တွေးရင်းနှင့် တဖြည်းဖြည်း ခေါင်းစိုက်ကျလာ၏။

ညနေစောင်းလာသည်နှင့်အမျှ အရက်ဆိုင်ကလေးမှာ လူစည်ကားလာ၏။

ဆိုင်တွင်း၌ စကားသံများ ဆူညံနေလေသည်။

ထိုစဉ် ဆိုင်တွင်းသို့လူတစ်ယောက် ဝင်လာ၏။ ထိုလူက ဆိုင်ရှင်ရှိရာသို့ လျှောက်သွားလိုက်ပြီး....

'ဘဆိတ် ကျုပ်ကို ကူညီပါ'

ဆိုင်ရှင်က....

'ဘာ ကူညီရမှာလဲ'

ထိုလူက....

နေလတောင် ဘယ်နားမှာလဲ သိချင်လို့ပါ'

လွှဟန်ကျိုး၏ စိုက်ကျနေသောခေါင်းမှာ ချက်ချင်းထောင်သွားလေသည်။

အမူးလည်း အနည်းငယ် ပြေသွား၏။

နေလတောင်အား စုံစမ်းနေသူကို လှမ်းကြည့်လိုက်၏။ အသက်နှစ်ဆယ်ငါးနှစ်ခန့် ဝန်းကျင်သာရှိသော လူရွယ်တစ်ယောက် ဖြစ်၏။

ရုပ်ရည်ကြည့်ကောင်းပြီး ငွေမာန်အပြည့်အဝကိုလည်း တွေ့ရ၏။

လူရွယ်၏ ပြောဟန်ဆိုဟန် လှုပ်ရှားဟန်တို့မှာ ထက်မြက်သော သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရ၏။

လူရွယ်အား ဆိုင်ရှင်က လမ်းညွှန်ပြနေ၏။ လူရွယ်က သေချာစွာ မှတ်သားပြီး ဆိုင်ရှင်အား ဦးညွှတ်နှုတ်ဆက်ကာ ထွက်သွားလေသည်။

လွှဟန်ကျိုးမှာ လူရွယ်၏နောက်ကျောကို ကြည့်ရင်း မျက်မှောင်ကြုတ်သွား၏။



'ဒီလူရွယ် ဘယ်သူလဲ'

'နေလတောင်ကို ဘာကြောင့်စုံစမ်းတာလဲ....

'နေလတောင်မှာ ဘာလျှို့ဝှက်ချက်တွေ ရှိနေလဲ....

'ငါတွေ့ခဲ့တဲ့ ဓီညာဉ်ဖြူတွေ ရှိဦးမှာလား'

'ငါဒီလူရွယ်နောက်ကို လိုက်သွားကြည့်မလား'

သူ၏ခေါင်းတွင်းသို့ မေးခွန်းများ တန်းစီဝင်ရောက်လာ၏။ လွှဟန်ကျိုးမှာ ချက်ချင်းထရပ်လိုက်၏။

အရက်မူးနေသောကြောင့် ခန္ဓာကိုယ်ပင် တစ်ချက်ယိမ်းယိုင်သွား၏။

လွှဟန်ကျိုးက ခန္ဓာကိုယ်အားထိန်းရင်း လူရွယ်နောက်မှ နောက်ယောင်ခံလိုက်သွားလေသည်။

ဤလမ်းခရီးအား သူတစ်ကြိမ်ရောက်ခဲ့ဖူးပြီး ဖြစ်သည်။ ထို့ကြောင့် သူကကျွမ်းကျင်စွာပင် နောက်ယောင်ခံလိုက်လာနိုင်ခဲ့ပေသည်။

သူ၏ကျွမ်းကျင်မှုကြောင့် လူရွယ်သည် လွှဟန်ကျိုး ပါလာကြောင်း ရိပ်ပင်မရိပ်စားမိပါချေ။

လူရွယ်မှာ ခပ်သွက်သွက် လျှောက်နေ၏။ သူ၏ကိုယ်ဖော့ပညာမှာ အတော်ပင်ကောင်းမွန်၏။

သူက နေလတောင်အား သန်းခေါင်မတိုင်မီ အရောက်သွားရန် ဆုံးဖြတ်ထားသည် မဟုတ်ပါလား။

ဆိုင်ရှင်ညွှန်လိုက်သောလမ်းကို သေချာစွာ မှတ်ထားခဲ့သော်လည်း သူကလမ်းမှားနိုင်စရာမရှိဟု သိလိုက်၏။

အဘယ့်ကြောင့်ဆိုသော် လမ်းသည်အချိုးအကွေ့များသည် မှအပ အခြားမည်သည့်လမ်းမျှ မရှိသောကြောင့်ပင် ဖြစ်ပါသည်။

လူရှယ်မှာ လျင်မြန်စွာခရီး ဆက်လာခဲ့ရာ နောက်ဆုံး နေလတောင်သို့ ရောက်ရှိလာ၏။

လူရှယ်အာ နေလတောင်ပေါ် မော့ကြည့်လိုက်၏။ ထို့နောက် ပြုံးကာ မှတ်ချက်ချလိုက်၏။

'အင်း...ဘယ်သူကမျှား နေလတောင်လို့ မှည့်ခဲ့ပါလိမ့်၊ တအယ်ဆို ကျောက်တောင်ကုန်းလို့ပဲ ခေါ်သင့်တယ်'

လူရှယ်က ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ် ကြည့်လိုက်ပြီးနောက် နေလတောင်ပေါ်သို့ ပြေးတက် လာခဲ့လေတော့သည်။

—၀—



'ဂစ်'

ငှက်ဆိုးထိုးသံတစ်ချက် ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်မှာ မြန်လည်တိတ်ဆိတ်ငြိမ်သက်သွား၏။

လေ့ဟန်ကျိုးစာ ကျောက်ဟုံးကြီးတစ်တုံးနောက် အသာ ပုန်းကွယ်ကာ ချောင်းကြည့်လိုက်လေသည်။

လူရှယ်မှာ တောင်ပေါ်ရောက်ရှိလာ၏။

ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်ကြည့်ပြီးနောက် စွန်ရဲဂူ ရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားလိုက်သည်။

သူသည် စွန်ရဲဂူကို နှာခေါင်းရှုံ့ကာ ကြည့်လိုက်ပြီးနောက် ခေါင်းကိုဆွဲထုတ်ကာ ကလော်ချလိုက်လေသည်။

လေ့ဟန်ကျိုး မျက်မှောင်ကြုတ်သွားသည်။

လူရှယ်သည် စွန်ရဲ၏ဂူအား ဖွင့်နေသည်။

အဘယ့်ကြောင့် ဖွင့်နေပါသနည်း။

မိမိကဲ့သို့ပင် စွန်ရဲအပေါ် သံသယရှိ၍လော။

သို့တည်းမဟုတ် အဖိုးတန်ပစ္စည်း ရလိုရငြား တူးဆွနေခြင်းပင်လော။

ဤအဖြေကို လူရှယ်သာ သိပေလိမ့်မည်။

လေ့ဟန်ကျိုးအာ လူရှယ်၏ လှုပ်ရှားမှုများကိုသာ မျက်ခြည်မပြတ် ကြည့်နေလိုက်လေသည်။

လူရှယ်သည် အင်တိုက်အားတိုက် ဂူကိုတူးဆွနေသည်။

ဂူအဖြစ် စုထားသော ကျောက်တုံးကျောက်ခဲများ လွင့်စင်ထွက်လာနေသည်။

တစ်ခဏအတွင်း ကျောက်တုံးအတော်များများကို ဖယ်ရှားလိုက်နိုင်လေသည်။

လူရှယ်က ချွေးသုတ်လိုက်ပြီးနောက် ဆက်လက် တူးဆွရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်....

'ဟား....ဟား....ဟီး....ဟီး'

ချောက်ချားဖွယ် ကောင်းသော ရယ်မောသံက ရုတ်တရက် ထွက်ပေါ်လာလေသည်။

လူရှယ်၏ခန္ဓာကိုယ် ဆတ်ခနဲ တစ်ချက် တုန်ခါသွားသည်။

'ဟား....ဟား....ဟား'

ရယ်သံက အရပ်လေးမျက်နှာမှ ထွက်ပေါ်နေခြင်းပင် ဖြစ်ပါသည်။

လူရှယ်က မျက်မှောင်ကြုတ်သွားပြီး တူးဆွခြင်းကို ရပ်တန့်လိုက်၏။

'ဘယ်သူလဲ'

သူ့အသံဆုံးသည်နှင့် ...



'နေလတောင်ပေါ် ကျူးကျော်တက်လာပြီး ဝိညာဉ်တွေကို နှောင့်ယှက်တဲ့အတွက် မင်းသေရမယ်'

ဟူသော အေးစက်သည့်စကားသံ ထွက်ပေါ်လာ၏။

လူရှယ်က ဓားကို ရင်ဝ၌ ကာထားလိုက်ပြီး....

'ဘယ်သူလဲ၊ ထွက်ခဲ့စမ်း'

ဟု တစ်ခွန်းအော်ငေါက်လိုက်လေသည်။

သူ၏အသံအဆုံးဝယ် အဖြူရိပ်တစ်ရိပ် ချက်ချင်းထွက်ပေါ်လာသည်။

သူ၏ လက်သည်းများအား ကျောက်တုံးတွင် သွေးဟန်ပြုလိုက်ပြီး....

'နေလတောင်ပေါ်က အမြန်ဆုံး ဆင်းသွားစမ်း'

လူရှယ်က မဲ့လိုက်၏။

'သရဲတစ္ဆေလို ခြိမ်းခြောက်နေလို့ ကျုပ်က ကြောက်ရမယ့်လူ မဟုတ်ဘူး'

အဖြူရိပ်က လျှင်မြန်စွာ လှုပ်ရှားလာသည်။

သူ၏လက်သည်းများဖြင့် လူရှယ်၏ရင်ဝအား ကုတ်ဆွဲလိုက်လေသည်။

လူရှယ်ကလည်း လက်မနှေးပါ။

ချက်ချင်းပင် ဓားနှင့် တုန့်ပြန်လိုက်လေသည်။

'ချမ်...'

ဝတ်စုံဖြူက နောက်တစ်လှမ်းဆုတ်သွား၏။

ထို့နောက် ချက်ချင်းပင် လက်နှစ်ဘက် ဝေ့ယမ်းကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

လူရှည်ကလည်း ဓားကိုဝေ့ယမ်းကာ တိုက်ခိုက်လိုက်၏။

လူရှည်၏ဓားပညာမှာ အလွန်ထက်မြက်လှသည်။

ဓားရိပ်များ ဖွာထွက်လာပြီးနောက် သူ၏ဓားသည် ဝတ်စုံဖြူ၏ရင်ဝသို့ ထောက်မိသွားလေသည်။

လူရှည်က မဲ့လိုက်ပြီး....

'မင်း ဘယ်သူလဲ'

ဟု မေးလိုက်သည်။

ဝတ်စုံဖြူက ဘာမျှမပြောပါ။

လျှပ်တစ်ပြက် မြေပေါ်လှိမ့်ချလိုက်၏။

လူရှည်မှာ တစ်ချက်လှုပ်ရှားလိုက်သည်နှင့် ဝတ်စုံဖြူအား အသေသတ်နိုင်စွမ်း ရှိ၏။

သို့သော် သူက လူမသတ်လိုပါ။

ထို့ကြောင့် ဓားနှင့် ထိုလူ၏ ခြေထောက်ကို ခုတ်ချလိုက်လေသည်။

ဝတ်စုံဖြူမှာ အမြန်ရှောင်တိမ်းလိုက်သော်လည်း ပေါင်တွင် တစ်ချက်မှန်သွားသည်။



'အား...'

ဝတ်စုံဖြူ၏ကိုယ်ပေါ်တွင် နီရဲသောသွေးများ ပေါ်ထွက်လာသည်။

ဝတ်စုံဖြူက ချက်ချင်းနောက်ကျွမ်းပစ်ကာ ကျောက်တုံးနောက်ကွယ်သို့ ခုန်ဝင်သွား၏။

လူရှည်က....

'မင်းပြေးလို့ လွတ်မလား'

အော်ပြောကာ ရင်း လိုက်မည်အပြု ကျောက်တုံးနောက်ကွယ်မှ ဝတ်စုံဖြူက ခုန်ထွက်ကာ တိုက်ခိုက်လိုက်လေသည်။

လူရှည်က နောက်ဆုတ်ကာ ရှောင်တိမ်းလိုက်၏။

သူ၏မျက်မှောင် ကြုတ်သွား၏။ ဝတ်စုံဖြူသည် ဇာတ်ရာရဟန် မရှိပါသေးချေ။

ဝတ်စုံဖြူက ရယ်မောလိုက်၏။

'ကျုပ်တို့စိညာဉ်ဖြူတွေကို မင်းသတ်လို့ ရပါဘူး'

သူသည် ရုတ်ခြည်းပင် ရှေ့တိုးကာ လူရှည်အား တရကြမ်း တိုက်ခိုက်လိုက်လေသည်။

လူရှည်မှာ အံ့အားသင့်နေသည့်အတွက် ဝတ်စုံဖြူ၏ တရကြမ်း တိုက်ခိုက်မှုကို မနည်းပင် ခုခံလိုက်ရလေသည်။

သို့သော် လူရှည်၏သိုင်းပညာက မြင့်မားပေသည်။

သိုင်းကွက်ဆယ်ကွက်အတွင်း ဝတ်စုံဖြူ၏ တရကြမ်း တိုက်ခိုက်မှုများကို ဟန့်ထားနိုင်ခဲ့ပေသည်။

လူရွယ်က....

'မင်း ကျုပ်ကို နိုင်မှာမဟုတ်ဘူး၊ အေးအေး ဆေးဆေး အရှုံးပေးရင်ကောင်းမယ်'

ဝတ်စုံဖြူက မကြားသည့်အလား အူသေကိုယ်သေ တိုက် ခိုက်နေပေသည်။

သူသည် အကာအကွယ် မထားဘဲ လူရွယ်အား သူ၏ လက်သည်းရှည်ကြီးများနှင့် ကုတ်ဆွဲရန်သာ ကြိုးစားနေ၏။

လူရွယ်မှာ ဒေါသထွက်လာ၏။

သူ၏လက်လျှော့နေလျှင် ဝတ်စုံဖြူ၏ လက်သည်းချက် မိသွားနိုင်သည် မဟုတ်ပါလား....

'မင်းက အသေအလိုက်မသိပါလား'

ဟု အော်ဟစ်ရင်း တန်ပြန်တိုက်စစ်ဆင်လိုက်၏။

သူ၏ဓားချက်ကြောင့် ဝတ်စုံဖြူ နောက်ဆုတ်သွားမည်ဟု ထင်မိသော်လည်း ဝတ်စုံဖြူက နောက်ဆုတ်ခြင်း မရှိပါ။

ရှေ့သို့ အတင်းဝင်ရောက် တိုက်ခိုက်နေပေသည်။

လူရွယ်က စိတ်မထိန်းနိုင်တော့ပါ။

ဓားကွက်များကို ဆက်လက် ဖော်ထုတ်လိုက်လေသည်။



ဓားကွက်ဆယ်ကွက်မျှ အကြာတွင် လူရွယ်၏ဓားက ဝတ်စုံဖြူ၏ ရင်ဝသို့ စိုက်ဝင်သွားလေသည်။

'အင့်'

ဝတ်စုံဖြူမှာ တစ်ချက်ရေရွတ်လိုက်ပြီး မြေပေါ်လဲကျ သွားလေသည်။

လူရွယ်က ဓားတွင် ပေကျံနေသော သွေးများကို ဝတ်စုံ ဖြူ၏ ဝတ်စုံနှင့် သုတ်လိုက်ပြီး ဓားကို ပြန်သိမ်းလိုက်၏။

'မင်းက သေချင်နေတာဆိုတော့ ကျုပ်လဲ မတတ်နိုင်ဘူး'

လူရွယ်က တစ်ယောက်တည်း ပြောလိုက်ပြီး အုတ်ဂူရှိရာသို့ ပြန်လည်လျှောက်သွားလိုက်၏။

ထိုစဉ်....

'ဟား....ဟား... ဟား'

ချောက်ချားဖွယ်ကောင်းသော ရယ်မောသံ ထွက်ပေါ်လာ သည်။

လူရွယ်က ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

မြေပေါ်လဲကျနေသော ဝတ်စုံဖြူထံမှ ရယ်သံထွက်ပေါ် နေခြင်းပင် ဖြစ်ပါသည်။

သူက ငေးကြည့်နေစဉ်မှာပင်....

'ဟား....ဟား....ဟား'

ရယ်သံက ပိုကျယ်လာ၏။

ဝတ်စုံဖြူ၏ခန္ဓာကိုယ်မှာ လှုပ်ရှားလာ၏။

တဖြည်းဖြည်းချင်း ထရင်လာသည်ကို တွေ့မြင်လိုက်ရလေ
သည်။

လူရှုယ်မှာ မျက်လုံးပြူးသွား၏။ ပါးစပ်လည်း အဟောင်း
သား ပွင့်သွားလေတော့သည်။

---o---

'ဟား....ဟား....ဟား'

ရယ်သံက ပေါ်ထွက်လာ၏။

လူရှုယ်သည် ဓားကို တင်းကြပ်စွာ ဆုတ်ကိုင်ထား၏။
သို့သော် သူ၏လက်များက မသိမသာ တုန်ယင်နေ၏။
ဝတ်စုံဖြူက သူ၏လက်သည်းများကို တစ်ခုနှင့်တစ်ခု
ထိခတ်လိုက်၏။



'ချမ်'

ဝတ်စုံဖြူက....

'ဝင်း ဒီကနေ့ သေနေပြီ'

ဟု အေးစက်စွာ ပြောလိုက်၏။

လူရှုယ်၏ ခန္ဓာကိုယ်မှာ တစ်ချက် တုန်ခါသွား၏။

နောက်သို့သည်း အလိုလို ဆုတ်သွားလေသည်။ သူသည်
လွှေဟန်ကျိုး တစ်ချိန်က ကြုံတွေ့ခဲ့သလိုပင် ကြုံတွေ့နေရပြီ
မဟုတ်ပါလား။

သတိ၏ မသေသော ဝတ်စုံဖြူအား ကြည့်ကာ ကြောက်ရွံ့
စိတ်များ ဝင်ရောက်နေပြီ မဟုတ်ပါလော။

ယခုတစ်ကြိမ်တွင်မူ လွှေဟန်ကျိုးက မကြောက်တော့ပါ။
သူက အရာအားလုံးကို ချောင်းကြည့်ရင်းမှ နားလည်သွားပြီ
မဟုတ်ပါလော။

လွှေဟန်ကျိုးက သဘောကျစွာ ပြုံးရင်း ကျောက်တုံး
နောက်မှ လှည့်ထွက်လာ ထွက်လိုက်၏။

သူသည် ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးလျင်မြန်စွာဖြင့်
ကျောက်တုံးများကြား ပြေးသွားလိုက်၏။

ထို့နောက် ကျောက်တုံးကြီးတစ်တုံးနောက်သို့ ခုန်ချလိုက်
လေသည်။

'ဖုတ်'

ကျောက်တုံးနောက်မှ ဝတ်စုံဖြူက လှည့်ကြည့်လိုက်၏။ ငလွှဟန်ကျိုး၏ခေါင်းက လျင်မြန်စွာ လှုပ်ရှားသွား၏။

'အွန့်'

ဝတ်စုံဖြူမှာ အနည်းငယ်သာ ညည်းညူလိုက်နိုင်ပြီး သေဆုံးသွားသည်။

သူက ကျောက်တုံးများကြား လှည့်ပတ်ကာ ပုန်းအောင်းနေသော ဝတ်စုံဖြူငါးယောက်ခန့်ကို လျင်မြန်စွာ ရှာဖွေ သုတ်သင်လိုက်။

ထို့နောက် ဝတ်စုံဖြူတစ်ဦး၏ အလောင်းကို ထမ်းကာ ကျောက်တုံးများပေါ်မှ ပြေးလွှားလာခဲ့လေတော့သည်။

....၀....



'ချွမ်'

လက်သည်းရှည်ကြီးများက ကျောက်တုံးကို ထိုးစိုက်မိသွား၏။ ကျောက်တုံးမှာ ပဲ့ထွက်သွားလေသည်။

လူရှယ်မှာ အလွန်ထိတ်လန့်နေသည်။

ကြောက်ရွံ့မှုကြောင့် သူသည် ပြန်လည်တိုက်ခိုက်ရန် သတိမရပါချေ။

ဝတ်စုံဖြူ၏ တိုက်ခိုက်မှုကိုသာ အသေအလဲ ရှောင်တိမ်းနေရသည်။

ဝတ်စုံဖြူကလည်း လက်သည်းများဖြင့် လူရှယ်၏ ခန္ဓာကိုယ်အား တစ်စစီ ထိုးဖဲ့ရန် ကြံရွယ်နေသည်။

သူ၏ လက်သည်းများဖြင့် ကုပ်ဆွဲမိပါက စားသာမည် မဟုတ်ပေ။

'ခင်....ခင်ဗျား လူလား၊ သရဲလား'

ဝတ်စုံဖြူက ရယ်မောရင်း ဆက်လက်တိုက်ခိုက်နေ၏။

လူရှယ်မှာ ရှောင်တိမ်းရင်း တဖြည်းဖြည်း အကျဉ်းအကျပ်ထဲသို့ ရောက်ရှိလာလေသည်။

ထိုစဉ်မှာပင် အဖြူရောင်အရိပ်တစ်ခုက သူတို့နှစ်ဦးကြားသို့ ရောက်ရှိလာသည်။

ချက်ချင်း မြေပေါ် ပြုတ်ကျသွား၏။

'ဘုတ်'

လူရှယ်က အလန့်တကြား နောက်ဆုတ်လိုက်၏။

မြေပေါ်တွင် လဲကျနေသော ဝတ်စုံဖြူ တစ်ယောက်ကို တွေ့လိုက်ရလေသည်။ ထိုအခိုက် ဒေါသစကားသံ ထွက်ပေါ်လာသည်။

'စီညာဉ်ဖြူတွေဟာလဲ သတ်ရင် သေပါတယ်ဗျာ'

ဝတ်စုံဖြူက ဆတ်ခနဲ မော့ကြည့်လိုက်၏။

ကျောက်တုံးပေါ်တွင် ရပ်နေသော လေ့ဟန်ကျိုးအား တွေ့မြင်သွား၏။ ဝတ်စုံဖြူက ဒေါသချောင်းချောင်း ထွက်သွားသည်။

'ခင်းကိုး'

သူသည် တစ်ချက်ရှေ့ရွှတ်ပြီး လျှပ်တစ်ပြက် ခုန်တက်ကာ လေ့ဟန်ကျိုးအား တိုက်ခိုက်လိုက်လေသည်။

လေ့ဟန်ကျိုး သတိရှိပြီးသား ဖြစ်၏။

ဝတ်စုံဖြူ ခုန်တက်လာသည်နှင့် သူက ဓားနှင့် ဆီးကြို ခုတ်ချလိုက်လေသည်။

'မလုပ်နဲ့'

လူရှယ်၏ ဟန့်တားသံ ထွက်ပေါ်လာသည်။



သို့သော် ဟန့်တားသံက အလွန်နောက်ကျသွားပြီ ဖြစ်၏။ လေ့ဟန်ကျိုး၏ ဓားက ဝတ်စုံဖြူ၏ ရင်ဓကို တည့်မတ်စွာ ခုတ်ချမိသွားလေသည်။

'အား'

ဝတ်စုံဖြူမှာ နာကျင်စွာအော်ဟစ်လိုက်ပြီး မြေပေါ်ပြန်လည် ပြုတ်ကျသွားလေသည်။

မြေပေါ် တစ်ချက်မျှသာ လူးလွန့်ပြီးနောက် ငြိမ်သက်သွားလေသည်။

လူရှယ်က...

'ခင်ဗျား သူ့ကိုမသတ်သင့်ဘူး'

လေ့ဟန်ကျိုးက....

'မင်းရန် သူကို ကျုပ်အရှင်းပေးတာတောင်မှ မင်းအကျေးဇူး မတင်ဘဲ အပြစ်တင်နေပါလား'

လူရှယ်က....

'သူ့ကိုသတ်လိုက်တော့ သူတို့ဘာကြောင့် ဒီလိုဟန်ဆောင် ဘယ်ကိုတာ မသိရတော့ဘူးပေါ့ဗျ'

လေ့ဟန်ကျိုးက....

'ဟုတ်သားပဲ'

လူရွှယ်က....

'ဒါထက် ကျိန်တဲ့ဝတ်စုံဖြူတွေကော'

လေ့ဟန်ကျိုးက....

'အားလုံး ကျုပ်ရှင်းပစ်လိုက်ပြီ'

လူရွှယ်က သက်ပြင်းချလိုက်၏။

'တစ်ယောက်တလေ ချန်ထားဖို့ကောင်းတယ်'

လေ့ဟန်ကျိုးက....

'ဟုတ်တယ်၊ ခက်တာက ကျုပ်ရဲ့ဓားပညာက လူကိုသတ်ဖို့ပဲ တတ်တာဗျ'

လူရွှယ်က ပါးစပ်ပိတ်သွား၏။

သူတို့နှစ်ဦးက စကားမပြောဘဲ တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်လိုက်ကြ၏။

လူရွှယ်က—

'ဝတ်စုံဖြူတွေဟာ ခင်ဗျားရဲ့လူတွေ မဟုတ်ပါဘူးနော်'

လေ့ဟန်ကျိုးက ပထမကြောင်အမ်းအမ်းဖြစ်သွား၏။

ပြီးမှ သဘောကျစွာ ရယ်မောလိုက်၏။

'ဝတ်စုံဖြူတွေသာ ကျုပ်ရဲ့လူတွေဆိုရင် မင်းအခုချိန်သေ[illegible]ပါပြီ'

လူရွှယ်က ခေါင်းညိတ်လိုက်၏။



'ဒါလဲ ဟုတ်တာပဲ၊ ဒါထက် ခင်ဗျားကို ကျုပ်အရက်ဆိုင်လေးမှာ တွေ့မိတယ် ထင်တယ်'

လေ့ဟန်ကျိုးက လူရွှယ်၏မျက်စိလျင်မှုကို ကျိတ်၍ချီးကျူးလိုက်မိ၏။

'ဟုတ်တယ်'

'အခု ဘယ်လိုရောက်လာတာလဲ'

'ကျုပ်က မင်းနောက်က လိုက်လာတာကိုး'

လူရွှယ်မှာ လေ့ဟန်ကျိုး၏ ပွင့်လင်းသောစကားကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သူက လေ့ဟန်ကျိုးအား ပြန်ကြည့်လိုက်၏။ လေ့ဟန်ကျိုးက ကျောက်တုံးပေါ်မှ ခုန်ဆင်းလာ၏။

'ကျုပ်လဲ မင်းလိုပဲ ဒီမှာ တစ်ကြိမ်ကြုံတွေ့ခဲ့ရတယ်၊ နာနာဘာဝဆိုတာကို မယုံပေမယ့် ရုတ်တရက်ဆိုတော့ ကြောက်ရွံ့ခဲ့တယ်၊ နောက်ဆုံး အသက်လုပြီး ဒီတောင်ပေါ်က ပြေးခဲ့ရတယ်ဗျ'

လူရွှယ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်လဲ ဒီညအဖို့ ခင်ဗျားသာ ရောက်မလာရင် သေမလား ထွက်ပြေးရမလား မသိဘူး'

လေ့ဟန်ကျိုးက….

'သူတို့အားလုံးဟာ ဝတ်စုံဖြူတွေဆိုတော့ အလွန်ခွဲခြားရ ခက်ပါတယ်၊ သူတို့က တစ်ဦးပြီးတစ်ဦး ထွက်လာဆိုတော့ သူ့ရဲ့ တစ္ဆေလို့ အထင်ရောက်မိတာပဲ၊ ဒီလိုထင်အောင်လဲ သူတို့က အသက်စွန့်ဖန်တီးခဲ့ကြတာပဲဗျ'

လူရှယ်က….

'သူတို့အားလုံး သေဆုံးကုန်တာ နာတယ်ဗျာ'

လေ့ဟန်ကျိုးက….

'ကျုပ်ကိုချည်း အပြစ်မတင်နဲ့လေ၊ သူတို့ကိုအသေမသတ်ရင် သူတို့က ကျုပ်တို့ကို အသေသတ်သွားမှာ'

လူရှယ်က….

'ကျုပ်က သူတို့ကို မမေးမြန်းလိုက်ရတာ မချင့်မရဲ ဖြစ်မိလို့ ပါဗျ'

လေ့ဟန်ကျိုးက….

'လျှို့ဝှက်တဲ့လူတွေဆိုတာ သေချာပါတယ်'

သူက နီးရာဝတ်စုံဖြူတစ်ဦးအား မျက်နှာပဝါကို ဖွင့်ကြည့် လိုက်လေသည်။

လူတစ်ယောက် မျက်နှာပေါ်ထွက်လာ၏။



ထိုလူအား သူ မသိပါချေ။

လေ့ဟန်ကျိုးက လူရှယ်အား ကြည့်လိုက်၏။ လူရှယ်က ခေါင်း ခါလိုက်၏။

'ကျုပ်လဲ မသိဘူးဗျ'

လေ့ဟန်ကျိုးက ဝတ်စုံဖြူများ၏အလောင်းများကိုတစ်ခုချင်း ဖွင့်ကြည့်လိုက်၏။ အားလုံး လူစိမ်းများ ဖြစ်သည်။

သူ သိသောသူ မပါသလို လူရှယ်သိသော လူလည်း တစ် ယောက်မျှ မပါပါချေ။

လေ့ဟန်ကျိုးက….

'ဒီလူတွေရဲ့ သိုင်းပညာဟာ ဒီလောက် မဟုတ်ပါဘူး'

လူရှယ်က ဝတ်စုံဖြူများ၏ လက်ကို စစ်ဆေးကြည့်လိုက်၏။ သံချိတ်များကို လက်သည်းသဏ္ဌာန် ပြုထားပြီး ဆုပ်ကိုင် တိုက် ခိုက်ခြင်း ဖြစ်ကြောင်း သိလိုက်ရ၏။

လေ့ဟန်ကျိုးက….

'မင်း စွန်ရဲအုတ်ဂူ တူးနေတာ ဘာလုပ်ဖို့လဲ'

လူရှယ်က ပခုံးတွန့်လိုက်၏။

လေ့ဟန်ကျိုးက….

'ကဲ….ဆက်တူးလေ၊ ကျုပ်ပါ ကူတူးပေးမယ်၊ အဖိုးတန် ပစ္စည်း တွေ့ရင်တော့ ကျုပ်ကို တစ်ဝက် ပေးရမယ်'

လူရှယ်က ရယ်မောလိုက်၏။

'ကောင်းပါပြီဗျာ'

သူတို့နှစ်ဦးက တက်ညီလက်ညီနှင့် ဂူကို ဆက်ဖက် တူးဆွ လိုက်ကြလေသည်။ တစ်ခဏ အတွင်း မြေကြီးအတွင်းမှ ခေါင်း တစ်ခု ပေါ်ထွက်လာခဲ့လေသည်။

အခေါင်းမှာ အဖိုးတန် ခေါင်းတစ်ခု ဖြစ်၏။ ပျက်စီးယိုယွင်း ခြင်း မရှိသေးပါချေ။

လှေဟန်ကျိုးက လူရှယ်အား မသိမသာ အကဲခတ် လိုက်၏။

လူရှယ်၏ မျက်နှာပေါ်တွင် စိတ်လှုပ်ရှားဟန် တစ်ချက် ပေါ်ထွက်လာသည်ကို တွေ့မြင်လိုက်လေသည်။

လှေဟန်ကျိုးက....

'ခေါင်းကတော့ တန်ဖိုးကြီးပါလား၊ အထဲမှာလဲ တန်ဖိုး ကြီးတဲ့ အရာ ရှိပါစေဗျာ'

လူရှယ်က ခေါင်းနှင့် ခေါင်းအဖုံးကို တန်းသန့်ဖွင့်လိုက်၏။

လှေဟန်ကျိုးကလည်း ကူညီလိုက်၏။ မကြာမီ ခေါင်းအဖုံး ပွင့်သွားလေသည်။ လူရှယ်က ခေါင်းအဖုံးကို ဖြည်းဖြည်းမော့ ဖယ်ရွှေ့လိုက်၏။

မျက်လုံး လေးလုံးက ခေါင်းအတွင်းသို့ စူးစိုက် ကြည့်လိုက် ကြ၏။ ခေါင်းအဖုံး ပွင့်သွားပြီ ဖြစ်၏။



လရောင်က ခေါင်းထဲသို့ ကျရောက်လာစေ၏။ ခေါင်းတွင်းကို ထင်ရှားစွာ တွေ့မြင်လိုက်ရ၏။

မျက်လုံး လေးလုံးမှာ စိုင်းစက် ပြူးကျယ် သွားလေတော့ သည်။

....ဝ....

'ဟင်'

လှေဟန်ကျိုးက သက်ပြင်း ချလိုက်၏။

လူရှယ်ဘက် လှည့်ကြည့်လိုက်၏။

လူရှယ်က ခေါင်းပေါ်တွင် ထိုင်နေ၏။

သူ၏ မျက်နှာပေါ်တွင် ရှုပ်ထွေးဟန် ပေါ်နေ၏။

လှေဟန်ကျိုးက....

'တူးရကျိုး မနပ်ပါလားဗျာ'

လူရွယ်က ခေါင်းညိတ်လိုက်၏။

လေ့ဟန်ကျူးက....

'ခင်ဗျား ရည်ရွယ်ချက်တော့ ပြည့်ခဲ့လား'

လူရွယ်က ဘာမျှ ပြန်မပြောပါ။

ကျောက်ခဲများ ပြန်လည် ဖို့လိုက်၏။

လေ့ဟန်ကျူးကလည်း ကူညီကာ ဖို့ပေးလိုက်၏။

ထို့နောက် နှစ်ယောက်စလုံး နေလတောင်ပေါ်မှဆင်းလာ ခဲ့ကြလေတော့သည်။

....၀....

နံနက်စောစော....

နေပင် မထွက်သေးပါ။

လမ်းဘေး အရက်ဆိုင်ရှင်သည် အိပ်ရာမှ နိုးလာ၏။



သူသည် ဆိုင်တံခါး ဖွင့်လိုက်သည်။

ဆိုင်ရှေ့၌ ရပ်နေသော လူနှစ်ယောက်ကို မြင်တွေ့လိုက်ရသော ကြောင့် ထိတ်လန့်သွား၏။

ထိုလူ နှစ်ဦးက ဘာမျှ မပြောဘဲ ဆိုင်တွင်းလှမ်းဝင်ကာ စားပွဲတွင် ထိုင်လိုက်ကြ၏။

ဆိုင်ရှင်က သက်ပြင်း ချလိုက်၏။

'ဘယ်လို အရက်သမားတွေပါလိမ့်၊ ဆိုင်တောင်မဖွင့်သေး ဘူး အရက်သောက်ဖို့ ရောက်လာကြပြီ'

သူက စိတ်ထဲမှ တွေးလိုက်၏။

သို့သော် ထုံးစံအတိုင်းပင် အရက်နှင့် မြည်းစရာများ ချပေး လိုက်၏။

ပြီးမှ ဆိုင်တံခါးများ လိုက်ဖွင့်နေလိုက်၏။

လေ့ဟန်ကျူးက လူရွယ်၏ ခွက်ထဲသို့ အရက်ငှဲ့ပေးလိုက်၏။

လူရွယ်က....

'ဒီည ခင်ဗျားကူညီတာ ကျေးဇူးတင်ပါတယ်၊ ခင်ဗျား နာမည်ပြောနိုင်မလား'

လေ့ဟန်ကျူးက....

'ကျုပ်နာမည်ကြားရင် မင်းစိတ်ညစ်သွားမယ်'

လူရွယ်က....

'ကိစ္စမရှိပါဘူး ပြောပါ'

'လေ့ဟန်ကျူး'

လူရွယ်က မျက်မှောင်ကြုတ်သွား၏။

သူသည် လွှေဟန်ကျိုးအား မသိပါ။

မသိသည်မှာလည်း မဆန်းလှပါ။

လူရွယ် သိုင်းဆောင် ဝင်ချိန်လောက်တွင် လွှေဟန်ကျိုး၏ အနားယူ ဇာတ်မြုပ်ချိန်ပင် မဟုတ်ပါလား....

လွှေဟန်ကျိုးက...

'မင်းနာမည်လဲ ပြောပါဦး'

လူရွယ်က ...

'ရှောင်ကွမ်းပါ'

လွှေဟန်ကျိုးက မှတ်သားလိုက်၏။

ရှောင်ကွမ်းက .

'ကျုပ်မိတ်ဆွေကြီးကို တစ်ခုလောက် တောင်းပန်ပါရစေ'

လွှေဟန်ကျိုးက မျက်မှောင်ကြုတ်သွား၏။

'ဘာများပါလိမ့်'

ရှောင်ကွမ်းက ...

'ဒီအခန်း ကိစ္စသာ ပေါက်ကြားသွားရင် အခြေအနေ ဘယ်လို ထူးခြားလာမလဲ မခန့်မှန်းနိုင်ဘူး'

လွှေဟန်ကျိုးက ခေါင်ညိတ်လိုက်၏။

'ဒီတော့ မင်းရဲ့သဘောက ဒီကိစ္စကို လျှို့ဝှက်ထား စေချင်တယ်ပေါ့'

ရှောင်ကွမ်းက....

'ဟုတ်တယ်၊ တတ်နိုင်သမျှ လျှို့ဝှက်ထား စေချင်ပါတယ်ဗျာ'



လွှေဟန်ကျိုးက....

'ကောင်းပြီလေ ကျုပ်ကတိပေးပါတယ်'

ရှောင်ကွမ်းက ပြုံးလိုက်၏။

'ကျေးဇူးတင်ပါတယ်၊ ဘာကြောင့်လျှို့ဝှက်ခိုင်းတယ်ဆိုတာ မမေးတော့ဘူးလား'

လွှေဟန်ကျိုးက -

'လျှို့ဝှက်လို့ပါ၊ ကျုပ်မေးမနေတော့ပါဘူး'

ရှောင်ကွမ်းက....

'ခင်ဗျားဟာ! လူတဘက်သားအပေါ် အလိုက်သိ နားလည်တဲ့လူပဲ'

လွှေဟန်ကျိုးက ပြုံးလိုက်၏။

'ဒီစကားမျိုး မင်းအမြင်မျိုး မပြောင်းလဲပါစေနဲ့လို့ ကျုပ်ဆုတောင်းရမှာပေါ့'

ရှောင်ကွမ်းက မျက်မှောင်ကြုတ်သွား၏။

'ဘာဖြစ်လို့လဲ'

လွှေဟန်ကျိုးက ပြန်မဖြေပါ။

ရှောင်ကွမ်းက အရက်ခွက်ကို ကောက်ယူလိုက်ပြီး လွှေဟန်ကျိုး၏ ခွက်နှင့် အသာထိတွေ့လိုက်၏။

'မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ် ကမ်ပေ့'

ဟု ပြောပြီး အရက်ကိုတစ်ရှိန်ထိုး သောက်ချလိုက်၏။

လွှေဟန်ကျိုးကလည်း ရှောင်ကွမ်းနည်းတူ သောက်လိုက်၏။

ရှောင်ကွမ်းက....

'ကျုပ် အချိန်ရရင် ဝတ်စုံဖြူတွေကို စုံစမ်း ဖော်ထုတ်မှာဗျ၊ အခုတော့ ကျုပ် ကိစ္စရှိလို့ ပြန်ရဦးမယ်'

လေ့ဟန်ကျိုးက....

'ကျုပ် တတ်နိုင်သလောက် စုံစမ်းထားပါ့မယ်'

ရှောင်ကွမ်းက ထရပ်လိုက်သည်။

'နေခင် ပြန်တွေ့ကြသေးတာပေါ့'

လေ့ဟန်ကျိုးက ခေါင်းညိတ်လိုက်၏။

ရှောင်ကွမ်းက အရက်ဆိုင်ကလေးအတွင်းမှ လျင်မြန်စွာ ထွက်သွားလေတော့သည်။

ရှောင်ကွမ်း ထွက်သွားပြီး မကြာမီ လေ့ဟန်ကျိုးလည်း အရက်ဆိုင်တွင်းမှ ထွက်ခွာသွားလေတော့သည်။

....●....



ကျောက်တောင်ကုန်းတစ်ခု...

မြင်းများ မတ်စောက်လှပေသည်။

ကျောက်တောင်ကုန်း ပေါ်တွင် အဖြူရိပ်များ လှုပ်ရှားနေ၏။

သေချာစွာကြည့်ပါက ဝတ်စုံဖြူများက လိုဏ်ဂူတစ်ခုအတွင်း တန်းစီဝင်ရောက်နေသည်ကို တွေ့ရမည်ဖြစ်ပေသည်။

လိုဏ်ဂူအပေါက်မှာ သိပ်မကျယ်လှပါ။

လိုဏ်ဂူအတွင်း မှောင်မည်းနေ၏။

ကျဉ်းမြောင်းသော လိုဏ်ဂူအပေါက်အတိုင်း ဝင်သွားပါက ခြေလှမ်း နှစ်ဆယ်မျှ ရောက်သောအခါ အချိုးအကွေ့တစ်ခုကို တွေ့ရမည် ဖြစ်ပေသည်။

အချိုးကွေ့သို့ ရောက်သောအခါ လိုဏ်ဂူမှာ ကျယ်သွား၏။

နံရံတွင် မီးတိုင်တစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရမည် ဖြစ်ပေသည်။

လိုဏ်ဂူမှာ တဖြည်းဖြည်း ကျယ်လာပြီး အောက် ပိုနိမ့်ဆင်းသွားလေသည်။

ဂူနံရံတွင် အခန်းများ ပြုလုပ်ထားသည်ကိုလည်း တွေ့ရမည် ဖြစ်ပေသည်။

ဝတ်စုံဖြူများက ဆက်လျှောက်နေ၏။

မကြာမီ နောက်ထပ် နှစ်ခါ ချိုးကွေ့ပြီးချိန်ဝယ် အခန်းကျယ် တစ်ခုအတွင်းသို့ ရောက်ရှိသွားလေသည်။

အခန်းကျယ် အတွင်း မီးများထိန်လင်းအောင်ပင် ထွန်းညှိထား၏။

ဝတ်စုံဖြူများအား စနစ်တကျ နေရာယူစေကာ ဒူးထောက်နေလိုက်ကြစေသည်။

ဝတ်စုံဖြူများ၏ရှေ့ဘက်တွင် ကျောက်သားစင်မြင့်တစ်ခုရှိ၏။

စင်မြင့်ပေါ်တွင် ကျောက်ဖြူဖြင့်ပြုလုပ်ထားသော ထိုင်ခုံတစ်ခု ရှိပေသည်။

မကြာမီ ခန်းမအတွင်း ဝတ်စုံဖြူများဝင်လာခြင်း ပြီးဆုံးသွား၏။

စုံစုပေါင်း ငါးဆယ် ခြောက်ဆယ်ခန့်မျှ ရှိပေသည်။

အားလုံးမှာ ငြိမ်သက်စွာပင် ဒူးထောက်နေကြ၏။

ထိုစဉ်....

'ဂျိမ်း....'

ကျယ်လောင်သော မြည်ဟည်းသံနှင့်အတူ စင်မြင့်နောက်ဘက် နံရံတွင် အပေါက်တစ်ခု ဖြစ်ပေါ်လာ၏။

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားပြီး ခါးတွင် ရတနာများစီခြယ်ထားသောဓားတစ်လက် ချိတ်ဆွဲထားသည့်လူတစ်ယောက် ထွက်ပေါ်လာ၏။



သူ၏မျက်နှာတွင် မျက်နှာဖုံးတစ်ခု တပ်ဆင်ထား၏။

ထိုမျက်နှာဖုံးမှာ ဝံပုလွေမျက်နှာပင် ဖြစ်ပေသည်။

ဝံပုလွေမျက်နှာနှင့်လူက ကျောက်ဖြူကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

ဝတ်စုံဖြူများက ဦးညွတ် အရိုအသေ ပြုလိုက်ကြ၏။

ဝံပုလွေမျက်နှာနှင့်လူက....

'လျှပ်ရှားမှု တင်ပြနိုင်ပြီ'

ဝတ်စုံဖြူထဲမှ တစ်ဦးက ရှေ့သို့ တိုးထွက်လိုက်၏။

ထိုအခါ သူသည် အခြားဝတ်စုံဖြူများနှင့် ခါးစည်းကြိုးအရောင် ကွဲပြားနေသည်ကို တွေ့ရ၏။

ဝတ်စုံဖြူအများစုမှာ ခါးစည်းကြိုးအဖြူကို စည်းနှောင်ကြ၏။

ထိုလူကဲ့သို့ သုံးလေးယောက်ခန့်သာ ခါးစည်းကြိုးအနီရောင်ကို စည်းထားကြပေသည်။

'ခေါင်းဆောင်ကြီးခင်ဗျာ၊ စွန်ရဲအုတ်ဂူကိုစောင့်ရှောက်တဲ့ လူတွေ လုပ်ကြံခံလိုက်ရပါတယ်၊ စွန်ရဲအုတ်ဂူဟာလဲ ခြေရာလက်ရာ ပျက်နေပါတယ်'

ဝံပုလွေမျက်နှာနှင့်လူမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'ကောင်းပြီ၊ တရားခံကို ဌာနခွဲမှူး ကျောက်ကပဲ တာဝန်ယူစုံစမ်းပါ'

ဌာနခွဲမှူး ကျောက်က....

'ကောင်းပါပြီ' — 

'ဟုတ်ကဲ့'

ဝံပုလွေမျက်နှာနှင့်လူက....

'တခြားဘာကိစ္စ ရှိသေးသလဲ'

'မရှိတော့ပါဘူး'

'ကောင်းပြီ၊ ဌာနခွဲမှူးတန်အတွက် တာဝန်ရှိတာ'

ဌာနခွဲမှူးတန်က ရှေ့သို့ တိုးထွက်လိုက်၏။

ဝံပုလွေမျက်နှာနှင့်လူက လက်တစ်ဘက် ဝေ့ယမ်းလိုက်၏။

စာရွက်တစ်ရွက်က ဌာနခွဲမှူးယ်န်ဆီသို့ ပင့်လွင့်လာလေသည်။

ပါးလွှာပေါ့ပါးသော စာတစ်စောင်ကို ဓားတစ်လက်ကဲ့သို့ ပစ်ပေးနိုင်ခြင်းသည် အတွင်းအားပြည့်ဝကောင်းမွန်ကြောင်းကို ဖော်ပြနေပေသည်။

ဌာနခွဲမှူးတန်က စာရွက်ကို ဖမ်းယူလိုက်ပြီးနောက် ဖတ်ရှုလိုက်၏။

ထို့နောက် မီးကိုင်တွင်ထည့်ကာ မီးရှို့လိုက်၏။



ဝံပုလွေမျက်နှာနှင့်လူ၏အသံ ထွက်ပေါ်လာ၏။

'လဆန်းသုံးရက်နေ့ နေထွက်ဆုံးဖြစ်ပါစေ'

ဌာနခွဲမှူးတန်က ခေါင်းညိတ်လိုက်၏။

'အမိန့်အတိုင်းပါ'

ဝံပုလွေမျက်နှာနှင့်လူက....

'နောက်ထပ် ဘာပြောစရာရှိသေးသလဲ'

'မရှိတော့ပါဘူး'

ဝံပုလွေမျက်နှာနှင့်လူက ထိုင်ရာမှ ထလိုက်၏။

အားလုံးက အရိုအသေပြုလိုက်၏။

သူတို့ခေါင်းမော့လိုက်သောအခါ ဝံပုလွေမျက်နှာနှင့်လူကို မတွေ့ရတော့ပါချေ။

—o—

'ဒေါက်....ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာ၏။

ချီဝမ်က မျက်မှောင်ကြုတ်သွားပြီး....

'ဝင်ခဲ့ပါ'

သူ၏အသံ ဆုံးသွားသည်နှင့် တံခါးပွင့်သွားပြီး လူတစ်ယောက် ဝင်လာ၏။

ချီဝမ်က ပြုံးသွား၏။

'မင်းပြန်လာတာ မြန်သားပဲ'

ဝင်လာသူမှာ ရှောင်ကွမ်းပင် ဖြစ်ပါသည်။

ချီဝမ်က....

'အတော်ပဲ ကျုပ်ရဲ့ ရေနွေးကြမ်းကို သောက်ခွင့်ရသွားတာပေါ့'

ချီဝမ်က လက်ဖက်ခြောက်များ ဆေးကြောလိုက်၏။ သူ့ရှေ့စားပွဲတွင် မီးဖိုသေတ္တာလေးတစ်ခုရှိ၏။

မီးဖိုပေါ်ဝယ် ကရားအသေးတစ်ခုရှိ၏။ လက်ဖက်ခြောက်များကို ရေနွေးနှင့် သုံးလေးကြိမ်မျှ ဆေးကြောလိုက်ပြီးမှ ကရားလေးအတွင်း ထည့်လိုက်၏။

ထို့နောက် ကရားကို မီးဖိုပေါ်မှ ချလိုက်၏။

ချီဝမ်က....

'အခုလူတွေဟာ ရေနွေးကြမ်းကို စိတ်ရှည်လက်ရှည် ကျို မသောက်ချင်တော့ဘူးကွ၊ ရေနွေးကြမ်းရဲ့ အရသာကိုလဲ ခံစားရမှန်း မသိတော့ဘူး'



သူသည် ပြောပြောဆိုဆို ခွက်ထဲငှဲ့ထည့်ပေးလိုက်၏။

ရေနွေးကြမ်းအရောင်မှာ စိမ်းဖန့်နေ၏။ အနံ့ကလည်း မွှေးပျံ့နေပေသည်။

ချီဝမ်က....

'လက်ဖက်ခြောက်ကောင်းတိုင်း ကျိုပုံနည်းမမှန်ရင် ရေနွေးကြမ်းက ကောင်းမှာမဟုတ်ဘူး'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

ချီဝမ်က....

'ဦးနှောက်ကို အသုံးပြုတဲ့အခါ ရေနွေးကြမ်း ကောင်းကောင်း သောက်လိုက်မှ ပိုပြီး ကြည်လင်လာလိမ့်မယ်'

ရှောင်ကွမ်းက ဘာမျှမပြောတော့ပါ။

ချီဝမ်ကမ်းပေးသော ရေနွေးခွက်ကိုယူကာ မော့ချလိုက်သည်။

'အား ကောင်းလိုက်တာ'

အမှန်ပင် အရသာရှိလှပေသည်။

သူ၏တစ်သက်တာဝယ် ဤတစ်ကြိမ်သာ ရေနွေးကြမ်းကို အကောင်းဆုံး သောက်ဖူးသည် မဟုတ်ပါလော—

ချီဝမ်က....

'ကဲ မင်းတွေ့ကြုံခဲ့တာတွေ ပြန်ပြောပြပေတော့'

ဟု စကားစပေးလိုက်လေသည်။

ရှောင်ကွမ်းက စွန်ရဲအုတ်ဂူဖွင့်စဉ် ဝတ်စုံဖြူများနှင့် ကြုံတွေ့ခဲ့ပုံများကို ပထမ ပြောပြလိုက်၏။

'ကျုပ်ကိုသာ လွေဟန်ကျိုးဆိုတဲ့လူ ဝင်မကူညီရင် မလွယ်ဘူးဗျ'

ချိဝမ်က မျက်မှောင်ကြုတ်သွား၏။

'လွေဟန်ကျိုး ဟုတ်လား'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဘာ သူ့ကိုသိသလား'

ချိဝမ်က...

'ကျုပ် သူ့နာမည်ကို ကောင်းကောင်းကြားဖူးတယ်'

ရှောင်ကွမ်းက....

'ဒီလူရဲ့ခေါ်ပညာဟာ အတော်ထူးဆန်းတယ်၊ ရက်စက်တဲ့ ခေါ်ပညာလို့ပဲ ပြောရမယ်'

ချိဝမ်၏မျက်လုံးများ တောက်ပသွားသည်။

'ဟုတ်ပြီ၊ သူပဲကိုး၊ ဘာကြောင့် သူဟာ ဇာတ်မြှုပ်နေရာမှ ပြန်ထွက်လာရတာလဲ'

ရှောင်ကွမ်းက....

'ဘာ သူ့ကိုသိတယ် ဟုတ်လား'

ချိဝမ်က ခေါင်းညိတ်လိုက်သည်။

'သိတယ်'



'ကျုပ်က သူ့ကိုမသိဘူးဗျ'

'ဒါ မဆန်းပါဘူး၊ မင်း ဆယ့်ရှစ်နှစ်သားလောက်တုန်းက သူဟာ ဇာတ်မြှုပ်သွားတာကိုး'

'သူက ဘယ်လိုလူမျိုးလဲ'

ချိဝမ်က သက်ပြင်းချလိုက်သည်။

'လွေဟန်ကျိုးဟာ အင်မတန် ကြောက်စရာကောင်းတဲ့ ခေါ်သမားပဲ'

ချိဝမ်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ဆက်ပြောလိုက်လေသည်။

'သူဟာ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က သိုင်းလောကမှာ အလွန်ကျော်ကြားတဲ့ လူတစ်ယောက်ပဲ၊ သူဟာနာမည်ကောင်းနဲ့ ကျော်ကြားတာ မဟုတ်ဘူး၊ သူဟာ သရဲမျက်နှာတို့ အာဝုဓ်တို့လို နာမည်ကျော် ခြေးစားခေါ်သမားပဲ'

ရှောင်ကွမ်းမှာ ငိုင်ကျသွား၏။

သူ့အား လွေဟန်ကျိုး ပြောခဲ့သည့်စကားကို သတိရလာလေသည်။

'ဒီစကားမျိုး၊ ဒီအမြင်မျိုး မပြောင်းလဲပါစေနဲ့လို့ ကျုပ်ဆုတောင်းပါတယ်'

ရှောင်ကွမ်းက သက်ပြင်းအသာချလိုက်သည်။

ချိဝမ်က ဆက်ပြောလိုက်သည်။

'လွေဟန်ကျိုး သိုင်းလောကမှာ ကျင်လည်ခဲ့တဲ့ ကာလတစ်လျှောက်လုံး သူ့ခေါ်ချက်ကို ခံယူသူမှ မရှောင်တိမ်းနိုင်

သူ့လုပ်သမျှ အားလုံး အောင်မြင်ခဲ့တယ်၊ သူဟာ အလွန်မာနကြီး နေချိန် လွန်ခဲ့တဲ့ ရှစ်နှစ်လောက်မှာပဲ ရုတ်တရက် သိုင်းလောက ကနေ ပျောက်ကွယ်သွားခဲ့တယ်၊ အခု သူပြန်ထွက်လာပြန်ပြီ'

ရှောင်ကွမ်းက....

'သူဟာ ကတိကော တည်ရဲ့လား'

ချိဝမ်က....

'ဘာဖြစ်လို့လဲ၊ လေ့ဟန်ကျိုးဟာ ကတိအလွန်တည်တယ်လို့ ကျုပ်ကြားဖူးပါတယ်'

ရှောင်ကွမ်းက....

'တော်ပါသေးရဲ့၊ ကျုပ်က စွန်ရဲကိုစွ ဘယ်သူကိုမှမပြောဖို့ ကတိတောင်းခဲ့လို့'

ချိဝမ်က....

'ကဲ....ပြောပါဦး၊ မင်း စွန်ရဲအုတ်ဂူကို ဖွင့်ကြည့်ခဲ့ရဲ့လား'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ဖွင့်ကြည့်ခဲ့ပါတယ်'

ချိဝမ်က....

'အထဲမှာ ဘာတွေ့သလဲ'

ရှောင်ကွမ်းက....

'ဘာဘာ မျှော်လင့်ထားသလိုပါပဲ၊ အထဲမှာ ဘာဆို ဘာမှမရှိပါဘူး'

ချိဝမ်၏မျက်ခုံးများ မြင့်တက်သွားသည်။

အတန်ကြာမှ သက်ပြင်းချလိုက်ပြီး ...



'စွန်ရဲမသေတာ သေချာသွားပြီပေါ့'

ရှောင်ကွမ်းက....

'ဟုတ်တယ်၊ သူဟာ လူတွေကို နှစ်ပေါင်းများစွာ လှည့်စားနိုင်ခဲ့ပါတယ်'

ချိဝမ်က....

'စွန်ရဲဟာ ပါးနပ်တဲ့သူပဲ၊ မွန်ဂိုတွေ ဆုဘ်ခွာမယ့် အခြေအနေကို တွက်ဆမိလိမ့်မယ်၊ ဒါကြောင့် သေချင်ဟန်ဆောင်ပြီး ခြေရာဖျောက်သွားခဲ့တာပဲ'

ရှောင်ကွမ်းက....

'စွန်ရဲ မသေရင် တစ်နေရာမှာရှိမယ်'

ချိဝမ်က....

'သဲလွန်စတွေကတော့ နယ်စားဂေဟာပဲ'

ရှောင်ကွမ် က သက်ပြင်းချလိုက်၏။

'နယ်စားဂေဟာကို ပြန်စုံစမ်းရတာ သိပ်အန္တရာယ်များသလို ခက်ခဲလှတယ်ဗျ'

ချိဝမ်က....

'ဘယ်အရာမှ မလွယ်ကူပါဘူး'

ရှောင်ကွမ်းက

'ကျုပ် စုံစမ်းနိုင်ပါ့မလား မသိဘူး'

ချိဝမ်က ပြတ်သားစွာ ပြောလိုက်သည်။

'မင်းရအောင်စုံစမ်းရမယ်၊ ဘာကြောင့်လဲဆိုတော့ စွန်ရဲသာ နယ်စားဂေဟာမှာ ရှိနေမယ်ဆိုရင် ဘယ်လောက်အန္တရာယ်ကြီးနေပြီလဲဆိုတာ မင်းသိသင့်တယ်'

ရှောင်ကွမ်း၏ခန္ဓာကိုယ်မှာ တောင့်တင်းသွား၏။

ချိဝမ်ဏ ဆက်ပြောလိုက်သည်။

'လောလောဆယ် တွေ့ရှိချက်တွေအရ စွန်ရဲဟာ နယ်စားကြီး၊ တပ်မှူးကြီးနဲ့ တရားသူကြီး ဒီလေးယောက်ကို ညွှန်ပြနေတယ်'

ရှောင်ကွမ်း၏ရင်မှာ လေးလံလာသည်။

စွန်ရဲသည် အမှန်တကယ်သာ ထိုးသုံးယောက် အနက် တစ် ယောက်ယောက်သာ ဖြစ်နေမည်ဆိုလျှင်....

မွန်ဂိုများလက်သို့ နယ်ပယ်တစ်ခုလုံး အလွန်လွယ်ကူစွာ ရောက်ရှိသွားလေသည်။

ရှောင်ကွမ်းက ခေါင်းကုပ်လိုက်၏။

'နယ်စား ကြီးတို့ကို ကျုပ်စုံစမ်းကြည့်ပြီးပြီပဲ၊ သံသယဖြစ်စရာ မတွေ့ပါဘူး'

ချိဝမ်တာ....

'အသေးစိတ် စုံစမ်းရမယ်'

ရှောင်ကွမ်း ပါးစပ်ပိတ်သွား၏။

ချိဝမ်က....

'ဒီအလုပ်ဟာ မင်းအတွက် အလွန်ကြီးလေးပြီး အန္တရာယ်များလှတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် မွန်ဂိုတွေရဲ့အန္တရာယ်ကို ပိုပြီးဦးစား ပေးရမယ်၊ အခုနှစ်ပိုင်းအတွင်း မွန်ဂို ခြေလှမ်းသွက် လာတာကို မင်းလဲ သိထားသားပဲ'



ရှောင်ကွမ်းက....

'ကျွန်တော် မပြောတတ်တော့ဘူး'

ချိဝမ်တာ....

'နယ်စားကြီးဟာ မွန်ဂိုတွေနဲ့ ငြိမ်းချမ်းရေး ဆောင်ရွက်ချင်တာဟာ မရိုးဘူး၊ ဒါဟာ စွန်ရဲရဲ့ တစ်ဖက်လှည့်အကြံ ဖြစ်နေရင်....'

ရှောင်ကွမ်းမှာ မျက်နှာပျက်သွားလေသည်။

သူ၏ရင်ထဲ၌ တင်းကျပ်လာ၏။

အသက်ရှူကျပ်သွားသလိုလည်း ခံစားလိုက်ရ၏။

ချိဝမ်တာ ဆက်ပြောလိုက်၏။

'မင်းဟာမင်းမှုထမ်းတစ်ယောက်၊ မင်းသစ္စာခံရမှာက နိုင်ငံနဲ့ လူမျိုး၊ မင်းစောင့် ရှောက်ရမှာလဲ နိုင်ငံနဲ့လူမျိုးပဲ၊ မေ့မေ့မနေနဲ့၊ ဗိုတာဝန်ဟာ မင်းရဲ့ပခုံးပေါ် ကျရောက်နေပြီ၊ မင်းဟာ ဒီတာဝန်ကို မနိုင်လဲထမ်းရတော့မယ်၊ နိုင်ငံအတွက် မင်းမစွန့်ဝံ့ဘူးလား'

ရှောင်ကွမ်းက မေးကြောကြီးများ ထောင်ထလာအောင် အံကြိတ်လိုက်လေသည်။

'ကျုပ်သေရမှာ မကြောက်ဘူးဗျ'

ဟု အော်ဟစ်လိုက်လေသည်။

ချိဝမ်တာ သဘောကျစွာ ပြုံးလိုက်၏။

သူက ရှောင်ကွမ်း၏မာနကို နှိုးလိုက်နိုင်သည် မဟုတ်ပါလား။

'ဒါဆို မင်းစုံစမ်းမှာလား'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ဒါပေမယ့် ရေလိုက်လွဲနေမှာ စိုးရိမ်ရပါတယ်'

ချိဝမ်က....

'မင်းသာ စုံစမ်းကြည့်ပါ၊ ကျုပ်ကလဲ ဒီရက်အတွင်း တခြားနည်းရှိမလား စဉ်းစားကြည့်ပါဦးမယ်'

ရှောင်ကွမ်းက ချိဝမ်အား ဦးညွှတ်လိုက်၏။

'ကျုပ် ပြန်ဦးမယ်'

သူသည် ချိဝမ်အား နှုတ်ဆက်ကာ အိမ်ကလေးထဲမှ ထွက်လာခဲ့လေတော့သည်။

....၁....



လွှေဟန်ကျိုးမှာ လမ်းကြားအလေးထဲသို့ ဝင်ရောက်လာသည်။

သူသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ် ကြည့်လိုက်သည်။

ပြီးမှ တဲအိမ်တစ်ခု၏တံခါးကို အသာခေါက် လိုက်လေသည်။

'ဒေါက်....ဒေါက်....ဒေါက်'

တံခါးခေါက်သံအဆုံးဝယ် တံခါးပွင့်သွား၏။

ခိုမှင်းသား၏မျက်နှာ ပေါ်ထွက်လာ၏။

'လွှေဟန်ကျိုး မင်းနှောင့်ယှက်....'

လွှေဟန်ကျိုးက ခိုမင်းသား၏စကားကို ဆုံးအောင် နားမထောင်ဘဲ အိမ်တွင်းသို့ လှမ်းဝင်လိုက်၏။

ခိုမင်းသားက တံခါးပြန်ပိတ်လိုက်ပြီး မီးအိမ်ကို ထွန်းညှိလိုက်၏။

မီးရောင်မှာ အိမ်တွင်း၌လင်းထိန်သွား၏။

လွှေဟန်ကျိုးက အရက်အိုးကို ဆောက်ယူကာ မော့ချလိုက်သည်။

ခိုမင်းသားက....

'ညကြီးအချိန်မတော် ဘာကိစ္စလဲ'

လေ့ဟန်ကျိုးက နှုတ်ခမ်းမှစီးကျလာသော အရက်များကို လက်ခုံနှင့်သုတ်လိုက်ပြီး....

'ကျုပ်အခုမှမြို့ထဲရောက်လာတာ၊ မင်းဆီမှလာလို့ ဘယ်သူ့ဆီ လာရမလဲ'

ခိုမင်းသားက ပခုံးတွန့်လိုက်၏။

လေ့ဟန်ကျိုးက ခိုမင်းသား၏အိပ်ရာတွင် ဝင်၍လဲလျောင်းလိုက်၏။

ခိုမင်းသားက....

'မင်းအိပ်မလို့လား'

လေ့ဟန်ကျိုးက....

'ကျုပ်က ဘယ်မှာအိပ်ရမှာလဲ၊ မင်းဆီရောက်မှ ဒီမှာပဲ အိပ်ရမှာပေါ့'

ခိုမင်းသားက ခေါင်းကုတ်လိုက်၏။

လေ့ဟန်ကျိုးက ရယ်မောလိုက်၏။

ငွေတစ်ထပ်ကို စားပွဲပေါ် ပစ်တင်လိုက်ပြီး....

'မင်း ကျုပ်အတွက် ဖြန်းတီးပေးပါဦး'

ခိုမင်းသားက ပြုံးသွား၏။

'မင်း အလိုက်သိသားပဲ၊ ကျုပ် ငွေအတော် ပြတ်နေတာ'

သူက ပြောရင်း ငွေများ ကောက်ယူလိုက်၏။



'ဒီငွေနဲ့ဆိုရင် ကျုပ် အိပ်စရာ မလိုတော့ဘူး၊ တစ်ညလုံး စားသောက်ကစားဝိုင်း သွားနိုင်ပြီဗျ'

လေ့ဟန်ကျိုးမှာ သူ့စကားကို မကြားတော့ပါ။ အိပ်မော ကျနေပြီ ဖြစ်ပါသည်။

ခိုမင်းသားက ပခုံးတွန့်ပြလိုက်ပြီး မီးအိမ်ကို ငြိမ်းသတ်လိုက်၏။

ထို့နောက် တဲအိမ်ကလေး အတွင်းမှ ထွက်ခွာ သွားလေတော့သည်။

....o....

နေမြင့်နေပြီ ဖြစ်၏။

ပြင်းထန်စွာ လှုပ်နိုးလိုက်သောကြောင့် လေ့ဟန်ကျိုးက နိုးလာခဲ့လေသည်။

ခိုမင်းသားက....

'မင်းအတွက် စားစရာပါတယ်'

လွှဟန်ကျိုးက ပြုံးလိုက်ပြီး....

'ညက အဆင်ပြေခဲ့လား'

ခိုမင်းသားက ရှုံ့မဲ့သွား၏။

'ကျုပ် ကုသိုလ်ကံမကောင်းဘူးဗျ၊ မနက်စာဝယ်ဖို့တောင် မနည်း ချန်ထားရတယ်'

လွှဟန်ကျိုးက သက်ပြင်းချလိုက်၏။

'အဲဒါ ကျုပ်ငွေ မဟုတ်ဘူးဗျ'

ခိုမင်းသားက မျက်လုံးပြူးသွား၏။

'လွှဟန်ကျိုး မင်း မနောက်ပါနဲ့'

လွှဟန်ကျိုးက....

'ကျုပ် တကယ် ပြောတာဗျ'

ခိုမင်းသားက....

'မင်းက ကျုပ်ကို ပေးတော့ ကျုပ်က သုံးပစ် လိုက်တာ ပေါ့ဗျ'

လွှဟန်ကျိုးက....

'ကိစ္စမရှိပါဘူး၊ ငွေပိုင်ရှင်ကို တစ်ခုခု လုပ်ပေးလိုက်ရင် ပြီး တာပဲ'

ခိုမင်းသား၏ မျက်နှာ နီရဲသွား၏။

'မင်း ကျုပ်ကို သက်သက် အကြပ်ကိုင်တာပဲ'



လွှဟန်ကျိုးက ပခုံးတွန့်လိုက်ပြီး....

'ကျုပ်လဲ ဒီငွေကြောင့် ငြိမ်သက်နေရာက ထွက်လာရတယ်၊ မင်းရဲ့ စနက်ပဲလေ'

ခိုမင်းသားက အသံမထွက်ဘဲ ဆဲဆိုလိုက်၏။

လွှဟန်ကျိုးက....

'ငွေပိုင်ရှင် ဘယ်သူလဲ မမေးတော့ဘူးလား'

ခိုမင်းသားက....

'ဘယ်သူလဲ'

လွှဟန်ကျိုးက....

'လျူ မိအေး၊ မင်း ကျုပ်ဆီကိုညွှန်လိုက်တဲ့လျူဝမ်အေး ဆိုတဲ့ မိန်းကလေးပဲ'

ခိုမင်းသားက စိတ်သက်သာရာ ရသွားဟန် ပေါ်သွား၏။

'သူက သေသွားပြီပဲ'

လွှဟန်ကျိုးက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ သူသာ အသက်ရှင်နေရင် သူ့ ခိုင်းတာကို မင်း ငြင်းလို့ ရမယ်၊ အခု သူ သေပြီ သူ့ငွေတွေ မင်း သုံးထားပြီး သူ ခိုင်းတာကို ငြင်းလို့ ရတော့ဘူး'

ခိုမင်းသားက အားရပါးရ အော်ရယ်လိုက်၏။

'လေ့ဟန်ကျိုး မင်း စကားတတ်တိုင်း လှည့်ပတ်ပြောမနေနဲ့၊ ကျုပ် ဘာလုပ်ရမလဲဆိုတာပဲ ပြော'

လေ့ဟန်ကျိုးက ရယ်မောလိုက်၏။

'မင်း ငြင်းမှာ စိုးလို့ ကျုပ်က လှည့်ပတ် ရတာပါဗျာ'

ခိုမင်းသားက....

'ဒါတွေ အရေးမကြီးပါဘူး၊ ကျုပ် ဘာလုပ်ရမလဲ ဆိုတာသာ ပြောပါ'

လေ့ဟန်ကျိုးက ...

'လျူဝမ်းအော့ဟာ နယ်စားကြီးတို့ကို လုပ်ကြံခဲ့တယ်၊ အဲဒီအကြောင်း ပြည့်ပြည့်စုံစုံ စုံစမ်းပေးပါ'

ခိုမင်းသားက....

'လျူဝမ်းအော့ အကြောင်းတော့ ပါသလား'

လေ့ဟန်ကျိုးက...

'သူ့အကြောင်း ကျုပ် သိပြီးပါပြီ'

ခိုမင်းသားက....

'သူက ဘယ်သူလဲ'

လေ့ဟန်ကျိုးက....

'သူက ဇွန်ရဲ လူယုံ လျူဝမ်းအော့ဆိုတဲ့အမျိုးသမီးရဲ့သမီးပါ၊ တမင် မိခင် အမည်ကို အသုံးပြုခဲ့တာပဲ'



ခိုမင်းသားက....

'မင်း ဘာကြောင့် ဒီကိစ္စကို စိတ်ဝင်စားနေရတာလဲ'

လေ့ဟန်ကျိုးက....

'မပြောတတ်ဘူး'

သို့သော် သူ့ကိုယ်သူ သိနေ၏။

သူသည် တစ်သက်လုံး နာမည်ဆိုးနှင့်သာ ကျော်ကြားခဲ့၏။

အတိတ်တို့ကို သူ မလိုချင်ပါ။

နာမည်ဆိုးဖြင့် နိဂုံးချုပ်ရမည်ကို သူ မလိုလားပါ။ သူသည် ငယ်စဉ် သိုင်းလောကသို့ စတင် ဝင်ရောက်စဉ်က သူရဲကောင်းတစ်ဦး ဖြစ်စေရန် စိတ်ကူးယဉ်ခဲ့၏။

သို့သော် လက်တွေ့တွင် သူသည် တစ်စတစ်စ ကြေးစား ဓားသမား ဘဝသို့ ရောက်မှန်းမသိ ရောက်လာခဲ့၏။

လူတိုင်းက သူ့အား လူသတ်ရာတွင် လက်မတွန့်သူ အသည်းနှလုံး မရှိသူ....

မေတ္တာတရား ခေါင်းပါးသူ၊ ရက်စက်လွန်းသူဟု ခေါ်ဝေါ်ခဲ့ကြ၏။ သူသည် လူထဲကလူ တစ်ယောက်ပင် ဖြစ်၏။

အသက်မွေးဝမ်းကြောင်းမှုအတွက် ကြေးစား ဓားသမားဘဝကို ခံယူခဲ့သော်လည်း သူသတ်သင့်ခဲ့ရသောလူအများအတွက် အမြဲပင် ဆုမွန်ကောင်း တောင်းပေးခဲ့သည်ကို မည်သူမျှ သိမည် မဟုတ်ပါ။

အိပ်မပျော်တဲ့ အိပ်မက်ဆိုးများနှင့်သာ သံသရာ လည်နေခဲ့သော သူ့ဘဝကို မည်သူမျှ သိမည် မထင်ပါ။

နောက်ဆုံး သူ အလွန် ကျော်ကြားနေချိန်မှာပင်သူ၏နာမည်ဆိုး၏ ခြိမ်းခြောက်မှုကို သူ မခံနိုင် ဖြစ်လာခဲ့သည်။

သူ ငွေကြေး သုံးစွဲလိုက်တိုင်း လူများ သေဆုံးသွားသည်ဟု ခံစားနေရ၏။ သူ ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာ ချလိုက်၏။

သူသည် သိုင်းလောက အတွင်းမှ တိတ်တဆိတ် ထွက်ခွာလာခဲ့၏။ မည်သူနှင့်မျှ အတွေ့မခံတော့ဘဲ ဇာတ်မြုပ်လျှာ နေထိုင်ခဲ့၏။

အေးချမ်းသော ဘဝသည် သူ၏စိတ်ကို တည်ငြိမ် စေ၏။ သို့သော် သူ၏ ပျက်ခဲ့သောအမည်ကို သူ ပြန်အဖပ်ဆယ်လိုသော စိတ်က အမြဲ ရှိနေ၏။

ထို့ကြောင့်လည်း ဃခုပြဿနာတွင် သူက ဓားဖယ်နေနိုင်လျက် ဝင်စွက်နေခြင်းဟု သူ့ကိုယ်သူ သိနေသည်။

ခိုမင်းသားက တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်၏။

'ဒီသတင်းကို မင်း ဘယ်တော့သိချင်သလဲ'

လေ့ဟာန်ကျိုးက....

'ဒီကနေ့ ကျုပ် ဒီမှာပဲ စောင့်နေမယ်'

ခိုမင်းသားက....

'မြန်လှချည်လား'



လေ့ဟာန်ကျိုးက....

'ဒီသတင်းလောက်ကိုမှ မစုံစမ်းနိုင်ရင် မင်းရဲ့ ခိုမင်းသားဆိုတဲ့ အမည်ကို လွှင့်ပစ်လိုက်တော့'

ခိုမင်းသားက ပခုံးတစ်ချက်တွန့်လိုက်ပြီး အိမ်ထဲမှ ထွက်ခွာသွားလေတော့သည်။

....o....

ရှောင်ကွမ်းမှာ စားပွဲနောက်တွင် ထိုင်နေ၏။

စားပွဲပေါ်တွင် စာရွက်များ ရှုပ်ပွနေ၏။

ရှောင်ကွမ်းမှာ မှတ်တမ်းများကို နောက်တစ်ကြိမ် အထပ်ထပ် ပြန်ဖတ်နေခြင်း ဖြစ်၏။

သူသည် တစ်နေ့နှင့်တစ်ည အချိန်ယူကာ မှတ်တမ်းများကို ခုနှစ်အလိုက် စေ့စပ်စွာ ဖတ်ကြည့်လိုက်၏။

ထိုအခါ နယ်စားကြီးသည် လည်းကောင်း၊ တပ်မှူးကြီးသည် လည်းကောင်း၊ တရားသူကြီးသည် လည်းကောင်း တူညီသော အချက်များ ရှိနေသည်ကို တွေ့လိုက်ရ၏။

ထိုအချက်မှာ အခြားမဟုတ်ပါ။ မွန်ဂိုတော်လှန်ရေးကာလ ရွာလုံးကျွတ် ဖျက်ဆီးခံရသည့် ရွာကလေးများတွင် နေထိုင်သူများ ဖြစ်နေကြ၏။

သူတို့သည် မွန်ဂိုတော်လှန်ရေးမတိုင်မီ ကာလများကို စုံစမ်းရန် အားလုံးလိုလို ကွင်းဆက်ပြတ်နေ၏။

သူတို့သည် ထိုရွာကလေးများမှလူများ အမှန် ဟုတ်၊ မဟုတ် မည်သူမျှ မသိနိုင်ပါချေ။

ရှောင်ကွမ်းနှင့်တရားသူကြီးမှာ အစ်ရပ်ဘည်းသားဖြစ်သော်လည်း မွန်ဂိုတော်လှန်ရေးကာလပြီးမှသာ သိကျွမ်းခြင်း ဖြစ်ပေသည်။

ပြီးတော့ သူတို့သုံးယောက်စလုံး ပင် မိဘမဲ့များဖြစ်ပြီး ဆွေမျိုးများလည်း မရှိကြပါ။

ကိုယ့်ဒူးကိုယ်ချွန်ကာ ကြီးစားခဲ့သူများ ဖြစ်၏။ နယ်သူ နယ်သားများ၏ သေးစားမှုကို ရအောင် စွမ်းဆောင်နိုင်သူများ ဖြစ်သည်။

တပ်မှူးကြီးမှာ မွန်ဂိုတော်လှန်ရေး တိုက်ပွဲမှတ်တမ်းများအရ အရေးမပါလှသော တပ်များတွင်သာ ထမ်းဆောင်ခဲ့သူ ဖြစ်သည်။



မွန်ဂိုတော်လှန်ရေးပြီးမှ ပြန်လည်ဖွဲ့စည်းသော စစ်သည်များတွင် ပါဝင်လာခဲ့ပြီး သူ၏ ထက်မြက်မှုကြောင့် တပ်မှူးကြီး အဆင့်အထိ ရောက်ရှိလာခြင်း ဖြစ်၏။

ဤနယ်တွင် မွန်ဂိုတော်လှန်ရေးပြီးမှ နယ်စားလေးယောက် ပြောင်းခဲ့ရ၏။ အားလုံးပင် လုပ်ကြံခံရခြင်း ဖြစ်သည်။

နောက်ဆုံး တစ်ယောက်သာ ရောဂါဖြင့် သေဆုံးသွားပြီး လက်ရှိနယ်စားကြီးအား ရာထူးလွှတ်ပေးခဲ့ခြင်း ဖြစ်ပေသည်။

ရှောင်ကွမ်းမှာ သက်ပြင်းချလိုက်၏။ မှတ်တမ်းများကို အားကိုးနေ၍ သူ ဘာမျှသိရမည် မဟုတ်ပါချေ။

သူက ထရပ်ရင်း အညောင်းဆန့်လိုက်၏။ မှတ်တမ်းများကို ပြန်လည် သိမ်းဆည်းလိုက်သည်။

အားလုံး၏ ဘဝအမှန်ကို သိလိုလျှင် မွန်ဂိုတော်လှန်ရေးမတိုင်မီ ကာလကို မွှေနှောက်ရှာဖွေရပေလိမ့်မည်။

ထိုစဉ် ကြူးစိန်တာ ဝင်ရောက်လာ၏။

ရှောင်ကွမ်းက....

'ဘာကိစ္စလဲ'

ကြူးစိန်တာ....

'နယ်စားကြီး ခေါ်နေပါတယ်'

ရှောင်ကွမ်းက....

'ကျုပ် အခုပဲ သွားလိုက်ပါ့မယ်'

သူသည် နယ်စားဂေဟာသို့ ထွက်လာခဲ့လေသည်။

ဂေဟာအစောင့်များက ရှောင်ကွမ်းအား တွေ့သည်နှင့် အရိုအသေပြုကာ နယ်စားကြီး၏ သီးသန့်ခန်းသို့ ပို့ဆောင်ပေးလိုက်၏။

နယ်စားကြီးနှင့်အတူ တပ်မှူးကြီးနှင့် တရားသူကြီးတို့ကိုလည်း တွေ့လိုက်ရသည်။

နယ်စားကြီးက....

'ရှောင်ကွမ်း၊ ကျူးယုကိစ္စ ဘယ်လိုလဲ၊ ဘာတွေသိရှိသွားပြီလဲ ပြောပါဦး'

ရှောင်ကွမ်းက အခွင့်သာခိုက် သွေးတိုးစမ်းကြည့်ရန် ရုတ်ခြည်း ဆုံးဖြတ်ချက်ချလိုက်လေသည်။

'ဟုတ်ကဲ့၊ အထောက်အထားအရ ကျူးယုသေဆုံးတာဟာ စွန်ရဲအဖွဲ့အစည်းနဲ့ ပတ်သက်နေပါတယ်'

အားလုံး စိတ်ဝင်စားသွား၏။

ရှောင်ကွမ်းက ဆက်ပြောလိုက်၏။

'ကျူးယုဟာ စွန်ရဲအဖွဲ့ရဲ့လက်ချက်နဲ့ သေဆုံးသွားရတာပါပဲ၊ ပြီးတော့ စွန်ရဲဟာ တကယ်တော့ သေဆုံးရဲ့လားဆိုတာလဲ သံသယဖြစ်စရာရှိပါတယ်'

အားလုံး မျက်နှာပျက်သွားကြ၏။

နယ်စားကြီးက သက်ပြင်းချလိုက်သည်။

'စွန်ရဲသေခဲ့တာ ကြာပြီပဲ'

တပ်မှူးကြီးက....

'ရှောင်ကွမ်း၊ မင်း ရေလိုက်လွဲနေပြီထင်တယ်'



တရားသူကြီးက....

'စုံစမ်းတွေ့သမျှ ကျုပ်ဆီကို အစီရင်ခံစာ ရေးတင်ပါ'

ဟု တစ်ယောက်တစ်ပေါက် ပြောလိုက်ကြ၏။

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

'ဒါတွေဟာ ကျွန်တော့်ရဲ့ ယူဆချက်တွေပဲ ရှိပါသေးတယ်၊ တိကျမှ ကျွန်တော်တင်ပြအစီရင်ခံပါ့မယ်'

နယ်စားကြီးက....

'ကောင်းတယ်၊ ဒီကိစ္စ သေသေချာချာ စုံစမ်းပါ၊ ဘာ့ကြောင့်လဲဆိုရင် ကျုပ် မွန်ဂိုဘုရင်နဲ့ ဆွေးနွေးဖို့ နောက်လဆယ့်ငါးရက်နေ့ ခရီးထွက်မယ်လို့ ဆုံးဖြတ်ထားလို့ပဲ'

'ဗျာ....'

ရှောင်ကွမ်းမှာ အံ့ဩသွား၏။

တရားသူကြီးက....

'နယ်စားကြီးဟာ မွန်ဂိုဘုရင်နဲ့ နယ်မြေငြိမ်းချမ်းရေး ဆွေးနွေးဖို့ ကြိုးစားခဲ့တာ ကြာပါပြီ၊ အခုမှပဲ တကယ်စီစဉ်ဖြစ်တာပါ'

ရှောင်ကွမ်းက သက်ပြင်းချလိုက်၏။

နယ်စားကြီးက....

'ဒီသတင်း လျှို့ဝှက်ထားပါ၊ မင်းတို့ပြောတာက ကျုပ်အတွက် လုံခြုံရေးအစီအစဉ်ကို ကြိုတင်ရေးဆွဲနိုင်ဖို့ပဲ'

ရှောင်ကွမ်းက ခေါင်းကို လေးပင်စွာ ညိတ်လိုက်၏။

'ဟုတ်ကဲ့'

သူ၏ရင်ထဲ၌ အေးလ်လာ၏။

တမ်မှူးကြီးက --

'ဒီခရီးစဉ် ပေါက်ကြားလို့ မဖြစ်ဘူး၊ နယ်စားကြီးရဲ့ ငြိမ်းချမ်းရေးကို သဘောမကျတဲ့လူတွေ များတယ်ဆိုတာ မင်းသိမှာပေါ့'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်ကဲ့'

ထိုသတင်း ပေါက်ကြားသွားလျှင် မျိုးချစ်သိုင်းသမားများက ထိုခရီးစဉ်ကို မပျက်ပျက်အောင် ဖျက်ကြပေလိမ့်မည်။

ထိုမျှသာမကသေး၊ နယ်စားကြီးကို မကျေနပ်သော မြို့စားများကလည်း လုပ်ကြံလာနိုင်၏။

ကြီးမားသော တာဝန်တစ်ခုက သူ၏ပခုံးပေါ် ကျရောက်လာပြန်ပြီ ဖြစ်၏။

ရှောင်ကွမ်းမှာ စိတ်ညစ်သွား၏။

သို့သော် တာဝန်ကို သူက ရှောင်လွှဲ၍ ရမည်မဟုတ်ပါ။

တာဝန်သည် တာဝန်သာဖြစ်၏။

နယ်စားကြီးက....

'မင်း ဘာမေးချင်သေးသလဲ'

ရှောင်ကွမ်းက....

'မရှိတော့ပါဘူး'

'ဒါဆို သွားနိုင်ပြီ'



ရှောင်ကွမ်းက နယ်စားကြီးအား အရိုအသေပြုကာ အခန်းထဲမှ ထွက်ခွာလာခဲ့လေတော့သည်။

....o....

အဆောက်အအုံတစ်ခု....

အုတ်တံတိုင်းဖြင့် ကာရံထား၏။

အုတ်တံတိုင်းမှာ အတော်ပင် မြင့်မားပေသည်။

တံခါးမကြီးမှာ သံတံခါးဖြစ်ပြီး တံခါးပေါ်တွင် နဂါးနှစ်ကောင် ပုံဖော်ထား၏။

တံခါးပေါက်အပေါ်ဝယ် အနီရောင်ဆိုင်းဘုတ်တစ်ခု ရှိ၏။

ထိုဆိုင်းဘုတ်ကို အဝေးကပင် အနီရောင်ဆိုင်းဘုတ်တစ်ခု ရှိ၏။

ထိုဆိုင်းဘုတ်ကို အဝေးကပင် လှမ်း၍ တွေ့မြင်နိုင်ပေသည်။

ဆိုင်းဘုတ်ပေါ်တွင်....

‘ဝ ရှလှ’’

ဟူသော စာလုံးကြီးများ ရေးသားထားပေသည်။

သိုင်းလောကထဲတွင် သိုင်းသမားကြီးတို့သည် မိမိသန်ရာ လက်နက်တို့ကို ဆွဲကိုင်လှုပ်ရှားကြပေသည်။

သိုင်းသမားများအနက် အများစုသည် ဓားကို အသုံးပြုကြ၏၊ ဓားပညာများကသည်း တစ်ဦးနှင့်တစ်ဦး မတူပေ။

ဓားတွင်လည်း ဓားတို ဓားရှည် တစ်ဘက်သွားဓား နှစ်ဘက်သွားဓား စသည်ဖြင့် ကွဲပြားကြ၏၊

ဓားနှင့်နာမည်ကျော်သူကား အနည်းအကျဉ်းသာ ရှိ၏၊ ထိုဓားသမားအပြင် အချို့က စုတ်တံ၊ လှံရှည်၊ လှံတို ထူးဆန်းသော လက်နက် ကျာပွတ် စသည်ဖြင့် ကိုင်ဆောင်ကြသော သိုင်းသမားများ ရှိကြ၏။



ထိုအထဲတွင် လှံရှည်တစ်လက်နှင့် လှံတိုတစ်လက် ပူးတွဲကိုင်သူကား ရှားပါးပေသည်။ အချို့က လှံရှည်သာ ကိုင်ဆောင်ကြသလို အချို့က လှံတိုကိုသာ ကိုင်ဆောင်တတ်ကြပေသည်။

ထိုအထဲတွင် သိုင်းသမားတစ်ယောက်ကား ထူးဆန်းစွာပင် လှံရှည်နှင့် လှံတိုနှစ်ခုစလုံး အသုံးပြုပေသည်။

သူ၏ လှံသိုင်းပညာမှာလည်း ထူးခြား ကောင်းမွန်လှပေသည်။

ထိုလူသည် သိုင်းလောကတွင် ရွှေလှံ ဟူသော ဘွဲ့အမည်ရသည်အထိ ကျော်ကြားခဲ့ပေသည်။

....o....

စန်းတုလျှံ....

စန်တုလျှံ ဟူသော အမည်ကို သိုင်းလောကသားများက သိပ်မသိကြပါ။

သို့သော် ရွှေလှ ဆိုလျှင်မူ လူတိုင်းနီးပါး သိပေသည်။

ဤမျှအထိ ဘွဲ့အမည်၏ မှုရင်းနာမည်ကို ပျောက်စေခဲ့ပေသည်။

သူ၏ လှံ သိုင်း ခုနှစ်ဆယ့် နှစ်ကွက်သည် သိုင်းလောကသားများအား လက်ဖျားခါစေခဲ့သည်။

မျိုးအတူ လှံ နှစ်ခုကို ပေါင်းစပ်အသုံးပြုသူ ဟူ၍ ယခုအချိန်ထိ သူတစ်ဦးတည်းသာ ရှိ၏။

စန်းတုလျှံ သည် ချမ်းသာကြွယ်ဝသူ တစ်ဦးဖြစ်၏။

မိဘ ဘိုးဘွားများ၏ အမွေအနှစ်များက သူ့ စာဝ တစ်လျောက် သုံးမကုန် များပြားခဲ့၏။

သူ၏ မျိုးရိုးသည် ကုန်သည် မျိုးရိုးဖြစ်၏။

သူကမူ ကုန်သွယ်မှုကို စိတ်မဝင်စားပါ။

ငယ်စဉ်ကပင် သိုင်းသမားများကို အားကျခဲ့ပြီး သိုင်းဆရာများကိုငှားရမ်းကာ သိုင်းပညာ သင်ကြားခဲ့ပေသည်။

သူ၏ လှံ ရှည်နှင့် လှံ တိုနှစ်လက်စလုံး၏ အသွားများမှာ ရွှေနှစ်ဆီစပ်ကာ ပြုလုပ်ထား၏။

ထို့ အပြင် လက်ကိုင်ရိုးများကိုလည်း ရွှေဖြင့်ကွပ်ထားပေသည်။



သူ၏ လှံ တစ်ချက် ဝေ့ ယမ်းလိုက်လျှင် တောက်ပသော ရွှေရောင်အလင်းတန်းများ ဖြစ်ပေါ်လာစေပေသည်။

....ဝ....

ရွှေလှံ စန်းတုလျှံ....

သူ၏ အသက်မှာ ခုနှစ်ဆယ်ကျော်ခဲ့ပြီ ဖြစ်၏။

သူ၏ အမည်မှာမူ မှေးမှိန်ခြင်း မရှိသေးပါ။

သိုင်းလောကသားတိုင်းက လေးစား ကြည်ညို နေကြဆဲသာ ဖြစ်ပါသည်။

သူသည် မျိုးချစ် သိုင်းသမား တစ်ယောက်ဖြစ်၏။

မွန်ဂိုတော်လှန်ရေး ကာလတစ်လျှောက် ရှေ့တန်းမှ ရှပ်ရှပ်ချွံချွံ ပါဝင်ခဲ့သူဖြစ်ပေ

ယခုအချိန်ထိလည်း မျိုးချစ်သိုင်းသမား အဖွဲ့အစည်းများကို ငွေကြေး ထောက်ပံ့နေသူတစ်ယောက် ဖြစ်ပေသည်။

စန်းတုလျှ တွင် သားတစ်ယောက်ရှိ၏။ ထိုသားအမည်မှာ စန်းဝေမင်း ဖြစ်ပေသည်။

စန်းဝေမင်းသည်လည်း ဖခင်ခြေရာနင်းနိုင်သူတစ်ယောက်ပင် ဖြစ်သည်။

ဖခင်ဖြစ်သူလောက် သိုင်းပညာ မထက်မြက်သော်လည်း အများအကျိုးကို အမြဲသယ်ပိုးသူဖြစ်၏။

ထို့ကြောင့် သူတို့သားအဖ၏အမည်ကား အစဉ်မွေးပျံ့နေလေတော့သည်။

....၀....

ရွှေလှ ဂေဟာ....

ဂေဟာသည် အစဉ်တိတ်ဆိတ်နေ၏။

ဂေဟာမှာ ကြီးမားသလောက် နေထိုင်သူကား နည်းပါးလှပေသည်။

ရွှေလှ စန်းတုလျှ တို့သားအဖနှင့် တပည့်ဖောင်းပါးယောက်ခန့်သာ ရှိပေသည်။



ယနေ့လည်း....

ရွှေလှ စန်းတုလျှ မှာ အိပ်ရာမှနိုးလာ၏။

သူသည် ခုတင်ထက်မှ မထသေးဘဲ လဲလျောင်းနေသည်။

ဂေဟာ၏ တိတ်ဆိတ်ငြိမ်သက်မှုက အထီးကျန်ဆန်းလွန်းသည်ဟု ခံစားမိ၏။

သူသည် နှေးကွေးစွာပင် ထလိုက်၏။

ကြေးမုံပြင်တွင် သူ့ရုပ်သွင်ကို လှမ်းတွေ့လိုက်ရ၏။

ပါးရေများတွန့်နေပြီး ဆံပင်များလည်း ဖြူဖွေးနေပြီ ဖြစ်သည်။

ထိုမျှမကသေး။ မျက်ခုံးမွေးများပင် ဖြူစပြုနေပြီ ဖြစ်ပါသည်။

စန်းတုလျှ က သက်ပြင်းချလိုက်သည်။

သူ၏လက်များကို ထောင်ကြည့်လိုက်၏။

ယခင်က စိုပြည်ခဲ့သော အသားအရေတို့ ဘယ်ဆီရောက်သွားခဲ့ပြီ မသိပါ။

ယခုမူ ပိန်လှီနေ၏။

'အင်း....ဘာလိုလိုနဲ့ ငါ အတော်အိုမင်းလာပြီပဲ၊ ငါ့ဘဝဟာ ခြောက်သွေ့စွာပဲ ကုန်ဆုံးသွားပါလား'

ဟု တွေးလိုက်၏။

ထိုစဉ် အခန်းတံခါးပွင့်သွားပြီး အသက်သုံးဆယ်ကျော်ခန့်ရှိ လူတစ်ယောက် ဝင်လာလေသည်။

ထိုလူရွယ်မှာ စန်းဝေမင်းပင် ဖြစ်ပါသည်။

'ဖေဖေနိုးပြီလား၊ ဘာတွေစဉ်းစားနေတာလဲ'

စန်းဝေမင်း၏အမေးကြောင့် စန်းတုလျံ သတိဝင်လာ၏။

'ဩော်....သားပါလား၊ ဖေဖေတို့အဝ ခြောက်သွေ့လွန်းတာကို တွေးနေတာပါ'

စန်းဝေမင်းက ပြုံးလိုက်၏။

'ဘယ်မှာ ခြောက်သွေ့လို့လဲ၊ နေ့စဉ် ဖေဖေ့မှာ ဂါရဝပြုဖို့ ရောက်လာတဲ့လူကို မနည်းလှဘူး'

စန်းတုလျံက....

'ကျုပ်က ဒါကို ပြောနေတာမဟုတ်ဘူး'

စန်းဝေမင်းက....

'ဖေဖေ ဘာကို ဆိုလိုတာလဲ၊ ကျွန်တော်လဲ နားမလည်တော့ဘူး'

စန်းတုလျံက....

'ကျုပ်ရဲ့ဂေဟာ ဘယ်လောက်ကြီးသလဲ'

စန်းဝေမင်းက ဖခင်ဖြစ်သူအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

စန်းတုလျံက....

'ကျုပ်မေးတာ ဖြေစမ်းပါ'

စန်းဝေမင်းက—

'အတော်ကို ကြီးပါတယ်'

စန်းတုလျံက....

'ဒီလောက်ကြီးမားတဲ့ ဂေဟာမှာ မိသားစုများများနဲ့မှ ပန်ရမှာပေါ့'



စန်းဝေမင်းက—

'ကျွန်တော် ဖေဖေပြောချင်တာကို ခုထက်ထိ သဘောမပေါက်သေးဘူး'

စန်းတုလျံက

'ကျုပ် ရှင်းရှင်းပြောမယ်၊ မင်းအသက်သုံးဆယ်ကျော်နေပြီ၊ အိမ်ထောင်ပြုဖို့ကောင်းပြီ၊ ကျုပ်ဘဝမှာ မိသားစု သိုက်သိုက်ဝန်းဝန်းနဲ့ မနေခဲ့ရတာကို မဖ်ဖြည့်ဆည်းသင့်ပြီ'

စန်းဝေမင်းက ခေါင်းငုံ့သွား၏။

စန်းတုလျံက....

'မင်းမှာ ချစ်သူရှိသလား၊ မရှိရင်တော့ ကျုပ်ကပဲ တစ်ယောက်ယောက်နဲ့....'

သူ၏စကားမဆုံးမီ စန်းဝေမင်းက အလျင်အမြန် ပြောလိုက်သည်။

'ရှိ...ရှိပါတယ် ဖေဖေ'

စန်းတုလျံက ပြုံးသွား၏။

'မင်းကို အိမ်ထောင်ပြုဖို့ တိုက်တွန်းတိုင်း ငြင်းခဲ့တယ်၊ အခုတော့ ချစ်သူရှိပြီတဲ့'

စန်းဝေမင်းက....

'တကယ်ပြောတာပါ ဖေဖေ'

စန်းတုလျံက....

'ဒါဖြင့် ပြောစမ်း၊ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်သူ့သမီးလဲ'

စန်းဝေမင်းက ခေါင်းငုံ့သွား၏။

အတန်ကြာသည်အထိ ပြန်မဖြေပါ။
စန်းတုလျှကာ စိတ်တိုလာ၏။
'ဟော့... ပြောလေကွာ၊ ဘယ်သူလဲ'
စန်းဝေမင်းက မရှုံ့မရဲနှင့် ပြောလိုက်သည်။
'ဖေဖေ သဘောမတူမှာစိုးလို့ပါ'
စန်းတုလျှကာ ရယ်မောလိုက်၏။
'ဟား....ဟား....ဟား....ကျုပ်က မင်းကို အိမ်ထောင်ကျတာ မြင်နေချင်တဲ့ လူပဲ၊ သဘောမတူစရာ မရှိပါဘူး၊ ဆင်းရဲတာ ချမ်းသာတာ အကြောင်းမဟုတ်ပါဘူး၊ မျိုးရိုးနဲ့ အကျင့်စာရိတ္တ ကောင်းမွန်ဖို့ပဲ'
စန်းဝေမင်း၏ မျက်နှာ ယခုမှ ရှင်လန်းသွား၏။
'သူတာ သိုင်းကောကထဲက မဟုတ်ပါဘူး၊ သာမန် လယ်သမား မျိုးရိုးထဲကပါ'
စန်းတုလျှကာ ပြုံးလိုက်သည်။
'သားရဲ့မိန်းကလေးကို ဒီနေ့ ညစာစားဖို့ဖိတ်ကြားခဲ့၊ ဖေဖေ ကြည့်မယ်၊ အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်ရမယ်'
'တကယ်ပြောတာလား ဖေဖေ'
'တကယ်ပေါ့၊ ဒီညဖိတ်ကြားတာက တမင် ဆုံတွေ့ဖူးဖို့ပါ၊ ဖေဖေ သဘောတူပါတယ်'
စန်းဝေမင်းမှာ အလွန်ပျော်ရွှင်သွား၏။
သူ၏ချစ်သူမိန်းကလေးမှာ သိုင်းပညာမတတ်ရုံမျှသာ ဆင်းရဲသော လယ်သမားတစ်ဦး၏ သမီးမို့ ဖခင်ဖြစ်သူက သဘောမတူ နိုင်ဟု ထင်ခဲ့၏။



ယခုမူ သူတို့၏ ချစ်ခရီးက အလွန်ပင် သာယာဖြောင့်ဖြူး နေပြီ မဟုတ်ပါလော။
ထိုအကြောင်းကိုသာ ချစ်သူမိန်းကလေးကြားသိလျှင် မည်မျှ ပျော်ရွှင်ဝမ်းသာမည်နည်း။
ပြေး၍ ပြောပြချင်စိတ်များပင် ပေါ်ပေါက်လာ၏။
စန်းတုလျှကလည်း သားဖြစ်သူ၏ ဆန္ဒများကို ရိပ်စားမိသည့်အလား ခွင့်ပြုလိုက်၏။
'ကဲ.... သားရဲ့မိန်းကလေးကို အကြောင်းကြား၊ မိဘတွေကို ခွင့်တောင်း၊ ညစာစားချိန်အမီ ပြန်လာခဲ့၊ ဟုတ်လား'
စန်းဝေမင်းက ဖခင်ဖြစ်သူအား ဦးညွှတ်လိုက်၏။
'ကျေးဇူးပါပဲ ဖေဖေ'
သူသည် ပေါ့ပါးသောခြေလှမ်းများဖြင့် အခန်းတွင်းမှ ပြေး ထွက်သွားလေတော့သည်။
စန်းတုလျှက သားဖြစ်သူအား ပြုံး၍ ကြည့်လိုက်၏။
ထို့နောက် နံရံတွင် ချိတ်ဆွဲထားသော လှနှစ်ချောင်းကို တစ်ချက်စိုက်ကြည့်လိုက်၏။
'အင်း.... ရွှေလှ မျိုးဆက်ပြတ်မှာ စိုးရိမ်ရတော့ပါဘူး တော်ပါသေးရဲ့'

....၀...

စန်းဝေမင်းမှာ ချစ်သူမိန်းကလေးအား ဖွင့်ပြောပြပြီး မီဘများကိုပါ တစ်ဆက်တည်း ခွင့်တောင်းလိုက်လေသည်။

မိဘများကလည်း အလွန်ဝမ်းသာသွား၏။

ဤနယ်တစ်ခွင်တွင် ရွှေလှ'စန်းတုလျ'ကို လူတိုင်း လေးစားကြသည် မဟုတ်ပါလော။

ရွှေလှ'မိသားစုဝင်ဖြစ်ရေးကို မည်သည့်မိဘက ငြင်းပယ်ပါမည်နည်း။

ဝမ်းမြောက်ဝမ်းသာပင် ခွင့်ပြုကြ၏။

စန်းဝေမင်းကိုယ်တိုင်ကလည်း မိဘအရှိန်နှင့် ဟောဒရမ်းစွာနေထိုင်သူ မဟုတ်ပေ။

လူတိုင်းလေးစားသော ယောကျ်ားကောင်း တစ်ယောက်ဖြစ်နေသည် မဟုတ်ပါလွား။

ချစ်သူနှစ်ဦး၏ ဘဝခရီးကား လွန်စွာ ဖြောင့်ဖြူးနေ၏။

လှပသောအနာဂတ်ကို နှစ်ဦးစလုံး တွေ့မြင်နေကြ၏။

သို့သော် —

ကြမ္မာဆိုး တစ်ခု ဝင်ရောက် လာတော့မည် ဟူသည်ကိုမူ နှစ်ဦးစလုံး မသိ မမြင်ကြပါချေ။

....○....



ညနေဆည်းဆာ....

ဆည်းဆာအောက်ဝယ် သဘာဝလောကသည် အလွန်လှပနေပေသည်။

စန်းဝေမင်းနှင့် ချစ်သူပန်းကလေးတို့သည် ရွှေလှ'ဂေဟာဆီသို့ လမ်းလျှောက်လာနေကြသည်။

နှစ်ဦးသား လက်ချင်းတွဲပြီး ကြည်နူး ပျော်ရွှင်မဆုံးဖြစ်နေကြပေသည်။

ထိုအခိုက် လမ်းဘေးဝဲကာ တစ်ဘက်တစ်ချက်မှ ဝတ်စုံ'ဖြူဆယ်ယောက်ခန့် ရုတ်တရက် ပေါ်ထွက်လာလေသည်။

စန်းဝေမင်းက ရင်ထိတ်သွား၏။

မိန်းကလေးကို သူ၏နောက်ကျောသို့ ဆွဲသွင်းလိုက်ပြီး....

'မင်းတို့ ဘယ်သူတွေလဲ'

ဝတ်စုံ'ဖြူတစ်ဦးက ရှေ့တိုးထွက်လာ၏။

သူ၏ခါးစည်းကြိုးက အများနှင့်မတူ ကွဲပြားသော အနီရောင်ဖြစ်နေ၏။

ထိုလူသည် ဝတ်စုံ'ဖြူများ၏ ခေါင်းဆောင်ဟု စန်းဝေမင်းက နားလည်လိုက်၏။

ခေါင်းဆောင်က....

'ကျုပ်တို့က ခင်ဗျားရဲ့ရွှေလှ'ပညာကို စစ်ဆေးချင်လို့ ရောက်လာတာပါ'

စန်းဝေမင်းက သက်ပြင်းချလိုက်၏။

ယခုလိုအချိန်အခါတွင် သူကဲ ပြဿနာမဖြစ်လိုပါ။

ထို့ကြောင့် သူက လေအေးနှင့် ပြောလိုက်၏။

'ကျုပ်ရဲ့ ရွှေလှ ပညာကဒီလောက်မဟုတ်ပါဘူးဗျာ၊ အထင်မကြီးကြပါနဲ့'

ခေါင်းဆောင်က....

'စကားမရှည်နဲ့၊ မင်းရဲ့လှံကိုသာ ထုတ်လိုက်ပါ'

စန်းဝေမင်း က...

'ခင်ဗျားတို့နဲ့ ကျုပ် ရန်ငြိုးရှိလို့လား၊ ခင်ဗျားတို့ ဘယ်သူတွေလဲ'

ခေါင်းဆောင်မှာ အေးတိအေးစက် ပြောလိုက်၏။

'မင်းစကားများနေပြီး လှံမထုတ်ရင် နောင်အခွင့်အရေးရမှာ မဟုတ်ဘူး

စန်းဝေမင်းက ဒေါသထွက်သွား၏၊

သူသည် တိုက်ပွဲကို ရှောင်လွှဲ၍မရတော့ကြောင်း နားလည်လိုက်၏။

ပန်းကလေးအား လေသံဖြင့် သတိပေးလိုက်၏။

'ပန်းကလေး မကြောက်နဲ့ အစ်ကို့ နောက်မှာပဲနေနော်'

ခေါင်းဆောင်လုပ်သူက....

'မင်းတို့ ရွှေလှံက သိုင်းလောကမှာ ရပ်တည်ခဲ့တာကြာပြီ အနားယူရတော့မယ်'

ဟု ပြောပြီး လက်တစ်ချက် ဝေ့ယမ်းလိုက်၏။

ဝတ်စုံဖြူက လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

စန်းဝေမင်းက အံကြိတ်လိုက်၏။

'ကောင်းပြီလေ၊ မင်းတို့က ဒီလောက်ရှန်လိုနေမှတော့ ကျုပ်က တိုက်ခိုက်ရတော့မှာပေါ့'



သူက ခါးကြားမှ လှံတိုနှစ်လက်ကို ဆွဲထုတ်လိုက်၏။

ခေါင်းဆောင်က အမိန့်ပေးလိုက်၏။

'အားလုံး တိုက်ခိုက်ကြ'

ခေါင်းဆောင်၏ အမိန့်သံဆုံးသည်နှင့် ဝတ်စုံဖြူများက စန်းဝေမင်းထံ ပြေးဝင်ကာ တိုက်ခိုက်လိုက်ကြသသည်၊

စန်းဝေမင်းကလည်း လှံတိုနှစ်လက်ဖြင့် ဝေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တစ်ခဏအတွင်း ပြင်းထန်သောတိုက်ပွဲတစ်ခု ဖြစ်ပေါ်လာ၏။ လှပသောဆည်းဆာနေ့ခင်းကလေးမှာ ပျက်စီးကြေမွသွားလေတော့သည်။

....၀....

အချိန်များ တရွေ့ရွေ့ကုန်ဆုံးလာ၏၊

တိုက်ပွဲကား အလွန်ပြင်းထန်နေ၏။

အဖြူရောင်ဝတ်စုံနှင့်လူများသည် အင်အားများသော်လည်း စန်းဝေမင်းအား အနိုင်မယူနိုင်ပါ။

စန်းဝေမင်း၏သွက်လက်သော လှုံ့ချက်ကြောင့်နှစ်ယောက်သုံးယောက်ခန့်ပင် ဒဏ်ရာရနေကြ၏။

ခေါင်းဆောင်မှာ သက်ပြင်းချလိုက်၏။

'ရွှေလှုံ့တွေဟာ ကျော်ကြားသလောက်လဲ တော်ကြပါပေတယ်'

သူ၏မျက်လုံးများက ကောက်ကျစ်သော အရိပ်အယောင်များ ပေါ်ထွက်လာ၏။

သူသည် ရွတ်တရက်သစ်ပင်များနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

မကြာမီ စန်းဝေမင်း၏နောက်ကျောဘက်မှ တိတ်တဆိတ်ထွက်ပေါ်လာ၏။

ထိုဝတ်စုံဖြူ၏လှုပ်ရှားမှုက လျင်မြန်လှ၏။

သူသည် စန်းဝေမင်းအား ဓားတစ်ချက်ထိုးသွင်းပြီး ပန်းကလေးကို ဖမ်းချုပ်လိုက်လေသည်။

စန်းဝေမင်းမှာ ရုတ်တရက် ထွက်ပေါ်လာသော ဓားချက်ကို ရှောင်တိမ်းလိုက်ရသည့်အတွက် ပန်းကလေးကို မစောင့်ကွယ်လိုက်နိုင်ပါချေ။

ဝတ်စုံဖြူက ရယ်မောလိုက်၏။

'ဟား... ဟား....ဟား'

စန်းဝေမင်းက ဒေါသခြောင်းခြောင်း ထွက်သွား၏။

'ပန်းကလေးကို လွှတ်လိုက်စမ်း'

သူက အော်ငေါက်ရင်း ရှေ့တိုးသွား၏။



ဝတ်စုံဖြူက ပန်းကလေး၏လည်မျိုတွင် ဓားတေ့လိုက်ပြီး....

'နောက်ပြန်ဆုတ်စမ်း'

ဟု ခြိမ်းခြောက်လိုက်၏။

စန်းဝေမင်းမှာ ခြေလှမ်းတုန့်ခနဲ ရပ်တန့်သွားရ၏။

'မင်းတို့ သတ္တိမရှိဘူးလား၊ အများနဲ့လဲ တိုက်ခိုက်သေးတယ်၊ မိန်းကလေးကိုလဲဖမ်းတယ် မရှက်ဘူးလား'

ဝတ်စုံဖြူက....

'စကားအပိုမပြောနဲ့၊ မိန်းကလေး မသေစေချင်ရင် မင်းရဲ့လှုံ့တွေလွှင့်ပစ်လိုက်ပါ'

စန်းဝေမင်းက အံကိုကြိတ်ထား၏။

ဝတ်စုံဖြူက ဓားကိုပို၍ဖိလိုက်၏။

ပန်းကလေး၏လည်ပင်းမှ သွေးစက်ကလေးများ ထွက်ပေါ်လာလေသည်။

စန်းဝေမင်း မျက်နှာပျက်သွား၏။

'မလုပ်နဲ့'

ဝတ်စုံဖြူက....

'မင်းရဲ့လှုံ့တွေ လွှင့်ပစ်တော့မှာလား'

စန်းဝေမင်းမှာ မတတ်သာတော့ပါ။

လှုံ့တို့နှစ်ဘက်စလုံးကို လွှင့်ပစ်လိုက်လေသည်။

ဝတ်စုံဖြူက ရယ်မောလိုက်၏။

သူက လက်တစ်ဘက် အသာဝေ့ယမ်းလိုက်၏။

ကျွန် တ်စု ဖြူများက စန်းဝေမင်းအား တရကြမ်း ဝင်ရောက် တိုက်ခိုက်လိုက်ကြလေသည်။

စန်းဝေမင်းက ဒေါသခြောင်းခြောင်းထွက်သွား၏။

'မင်းတို့ မယုတ်မာနဲ့'

သူက လက်နှစ်ဘက်ဖြင့် တုံ့ပြန်တိုက်ခိုက်လိုက်၏။

သို့သော် ရန်သူများ၏တိုက်ခိုက်မှုကို မဟန့်တားနိုင်ပါ။ အဝေ ာအလဲကာ ကျွယ်နေရလေသည်။

ထိုစဉ် ဝတ်စုံ ဖြူခေါင်းဆောင်က ပန်းအလေးအား သစ်ပင်များကြားဆွဲသွင်းသွားသည်ကို တွေ့လိုက်ရ၏။

စန်းဝေမင်းက ပန်းကလေးအား ကယ်တင်ရန် ရန်သူများကြားမှ အတင်းတိုးဖောက်ထွက်လိုက်၏။

သူ၏ကိုယ်ပေါ်တွင် ဓားဒဏ်ရာသုံးချက်မျှရရှိသွားပြီး ရန်သူများသက်မှ မရုန်းနိုင်ဘဲ ရှိနေလေတော့သည်။

...၀...



ညဉ့်နက်လာပြီ ဖြစ်၏။

ရွှေလှ ဂေဟာတွင် မီးများထိန်လင်းနေအောင် ထွန်းညှိထားပေသည်။

စန်းတုလျှံ မှာ စားသောက်ခန်းမအတွင်း ရောက်နေပြီ ဖြစ်သည်။

သူ၏ရှေ့ စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ အပြည့်ချထား၏။

တစ်ဖန် သူ၏ညာဘက်တွင် သူတစ်သက်လုံး ကိုင်ဆောင်ထားခဲ့သော ရွှေလှ နှစ်လက်ရှိနေ၏။

ယနေ့ညတွင် သူ၏ ရွှေလှ နှစ်လက်အား သားဖြစ်သူကို အမွေပေးရန်လည်း ဆုံးဖြတ်ထားပေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။ ပူနွေးနေသော ဟင်းလျာများပင် အေးစက်နေပြီ ဖြစ်၏။

စန်းတုလျှံ မှာ နေမထိ ထိုင်မသာ ဖြစ်နေ၏။

'သားကလဲ နောက်ကျလိုက်တာ၊ တစ်ခါမှ ဒီလို နောက်မကျဖူးပါဘူး'

သူသည် ဂဏှာမငြိမ် ဖြစ်နေ၏။

မိုးပင် အတော်ချုပ်နေပြီ ဖြစ်၏။

စန်းတုလျှံက သက်ပြင်းချလိုက်သည်။

'မိန်းမလေးကပဲ မလိုက်ရဲလို့ ကြာနေတာလား၊ အို-ညစာစားဖို့ ဖိတ်တာပဲ၊ ဒီလောက်ထိ နောက်မကျသင့်ဘူး၊ တစ်ခုခုများ ဖြစ်နေမလား'

သူက ရုတ်ခြည်း ထရပ်လိုက်၏။

ထိုစဉ်....

'ခွမ်း'

ပြတင်းပေါက်အား ထိုးခွဲ၍တာ အရာတစ်ခုစာ အခန်းတွင်းသို့ ဝင်ရောက်လာ၏။

လူတစ်ယောက်ပင် ဖြစ်သည်။

ထိုလူသည် အရှိန်မထိန်းနိုင်ဘဲ စားပွဲပေါ်သို့ ကျရောက်သွားသည်။

'ခွမ်....ချလွမ်... ခွမ်း'

ပန်းကန်ခွက်ယောက်တို့၏ ကွဲကြေသံ ဆက်တိုက် ထွက်ပေါ်လာသည်။

ရွှေလှ စန်းတုလျှ တာ ထိုလူအား တွေ့လိုက်သောအခါ မျက်နှာတစ်ခုလုံး သွေးမရှိတော့သလို ဖြူဖွေးသွားလေသည်။

'သား

ဆို့နင့်ကြေကွဲသံ ထွက်ပေါ်လာ၏။

စားပွဲပေါ်၌ စန်းဝေမင်းအလောင်း ရှိ၏။ သူ၏ ကျောဖြင့်တွင် သူ အမြဲကိုင်ဆောင်လေ့ရှိသော လှံတို့နှစ်လက်က စိုက်ဝင်နေ၏။

ထိုစဉ် လူရိပ်တစ်ခု ထင်မံကျရောက်လာ၏။ သွေးချင်းချင်းနီရဲနေသော မိန်းကလေးတစ်ယောက် ကြမ်းပြင်ပေါ် မလှုပ်မယှက် ငြိမ်သက်လျက်။

ထိုမိန်းကလေးသည် သားဖြစ်သူ၏ ချစ်သူဖြစ်ရမည်ဟုစည်းချက်ချင်း တွေးလိုက်မိ၏။

ရွှေလှ က အံကို တင်းတင်းကြိတ်လိုက်၏။



မည်သူက သူ့သားအား သက်ဖြတ်ရပါသနည်း။

ရန်သူ မည်သူနည်း။

ထိုစဉ် ချောက်ချားဘွယ် ကောင်းသော ရယ်မောသံက ထွက်ပေါ်လာလေသည်။

'ဟား....ဟား....ဟား....'

ရွှေလှ က အံကြိတ်လိုက်ပြီး....

'ဘယ်သူလဲ၊ ဝင်ခဲ့စမ်း'

သူ၏ အသံအဆုံးဝယ် အခန်းတံခါး ပွင့်သွား၏။

အဖြူရောင် ဝတ်စုံနှင့် လူတစယောက် တစ်လှမ်းချင်း ဝင်ရောက်လာလေသည်။

ရွှေလှ က ဝတ်စုံဖြူအား ကြည့်လိုက်၏။

မျက်နှာကိုပါ စည်းနှောင်ထားသဖြင့် မည်သူမည်ဝါမှန်း မသိရချေ။

ရွှေလှ က....

'ငါ့သားကို သတ်တာမင်းလား'

ဝတ်စုံဖြူက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ရွှေလှ က....

'ငါ့သားမှာ အသက်သေရလောက်အောင် အပြစ်ရှိနေလို့လား'

ဝတ်စုံဖြူက....

'ရှိတယ်'

ရွှေလှ့က....

'ဘာအပြစ်လဲ'

ဝတ်စုံဖြူက....

'သိုင်းလောကမှာ ရွှေလှ့သိုင်းပညာနဲ့ ရပ်တည်ခွင့် မရှိတဲ့ အပြစ်ပဲ'

ရွှေလှ့က သက်ပြင်းချလိုက်၏။

'မင်းတို့ ဘယ်သူတွေလဲ၊ ဘာကြောင့်....'

ဝတ်စုံဖြူက လက်ကာပြလိုက်၏။

'ဒီနေ့ ခင်ဗျား သေနေ့ပါ၊ ခင်ဗျားက အေးအေးမနေပဲ တော်လှန်ရေး သမားတွေကို ထောက်ပံ့နေတဲ့အတွက် ကျုပ်တို့က ခင်ဗျားကို အေးအေး နေရအောင် ဆောင်ရွက်ပေးမှလို့ပါ'

ရွှေလှ့က နှာခေါင်းရှုံ့လိုက်၏။

'လက်စသပ်တော့ မင်းတို့က မှန်ကို နောက်လိုက်ခွေးတွေကိုး'

သူသည် ရွှေလှ့နှစ်လက် ဆုပ်ကိုင်လိုက်ပြီး ရှတ်ခြည်း ခုန်ပျံကာ တိုက်ခိုက်လိုက်လေသည်။

ဝတ်စုံဖြူကလည်း ချက်ချင်းပင် ဓားကိုထုတ်ကာ တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

ရွှေလှ့စန်းတုလျှံသည် အသက်ခုနစ်ဆယ်ကျော်ပြီ ဖြစ်၏။ သို့သော် တိုက်ခိုက်မှုကား ကြောက်စရာကောင်းဆဲ ဖြစ်၏။

သူ၏ လှံနှစ်လက်သည် အဆိပ်ပြင်းသော မြွေဆိုးများနှယ် ဝတ်စုံဖြူထံ တိုးဝင်နေ၏။



ဝတ်စုံဖြူမှာ မနေသာတော့ပါ။

ပညာကုန်ထုတ်ကာ တကွယ်တိုက်ခိုက်လိုက်ရလေသည်။

တစ်ခဏချင်းပင် သိုင်းကွက် နှစ်ဆယ်ခန့်မျှ ယှဉ်ပြိုင်မိသွားသည်။

ရွှေလှ့စန်းတုလျှံက နှာခေါင်းရှုံ့လိုက်၏။

'လက်စသပ်တော့ မင်းကိုး'

ဝတ်စုံဖြူက....

'ခင်ဗျားက ကျုပ် ဘယ်သူဆိုတာ သိလို့လား'

ရွှေလှ့စန်းတုလျှံက....

'မင်းက ဘယ်လောက်ဖုံးကွယ်ထားထား မင်းရဲ့ ဓားပညာ မင်း ဘယ်သူဆိုတာ ဖော်ပြနေတယ်၊ မင်းဟာ ဓားဘီလူးတန် ပဲ'

ဝတ်စုံဖြူက ခန္ဓာကိုယ် တစ်ချက် တုန်ခါသွား၏။

'ခင်ဗျားက အသက်ကြီးပေမယ့် မျက်စိ ကောင်းသားပဲ၊ ကျုပ်ဘယ်သူဘယ်ဝါဆိုတာသိမှတော့ ဒီနေ့ ခင်ဗျား တယ်လိုမှ အသက်ရှင်ခွင့် မရှိတော့ပါဘူး'

ရွှေလှ့က မဲ့လိုက်၏။

'မင်းက ကျုပ်ကို အသက်ကြီးပြီဆိုပြီး အထင်သေးရင် မင်း သေရမှာပဲ၊ မင်း ကျုပ်ကို ယှဉ်ပြိုင်နိုင်စွမ်း ရှိပါဘူး'

ရွှေလှ့စန်းတုလျှံက ပြောရင်းပင် လှံနှစ်လက် ဝေ့ယမ်းကာ သဲကြီးမဲကြီး တိုက်ခိုက်လိုက်လေသည်။

သူ၏ လှံရှည်နှင့် လှံတိုတို၏ တိုက်ခိုက်မှုသည် အကွက်စေ့လှပေသည်။ တစ်ခုနှင့်တစ်ခု အပေးအယူ အချိတ်အဆက်မိစွာ

တိုက်ခိုက်နေရာ ဝတ်စုံဖြူအဖွဲ့ ကြောက်စရာကောင်းလှသော ရန်သူနှစ်ဦးနှင့် ရင်ဆိုင်နေရသလို ဖြစ်နေပေသည်။

ဝတ်စုံဖြူ၏ ခေါင်းဆောင်ကသည်း မဆိုးလှပါ။ သို့သော် သူ၏ ခေါင်းဆောင်သည် ရွှေလှစန်းတုလျှ၏ လှုပ်ရှားချက်များကို ခုခံနိုင်စွမ်း မရှိပါ။

သိုင်းကွက်သုံးဆယ်အတွင်း နောက်ဆုတ် ရှောင်တိမ်းနေရပေသည်။

ရွှေလှစန်းတုလျှက....

'ခေါင်းဘီလူး၊ မင်းရဲ့အပြစ်တွေကို ဘယ်သူမှ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ မင်းအပြစ် သိပ်ကြီးနေပြီ၊ ဒီနေ့အဖို့ ကျုပ်လက်က မလွတ်တော့ပါဘူး

ခေါင်းဘီလူးတန်က ရယ်မောလိုက်၏။

'ခင်ဗျား ကျုပ်ကို နိုင်အောင်ပဲ တိုက်ပါဦး'

ဟု ခွန်းတုံ့ပြန်လိုက်လေသည်။

ရွှေလှစန်းတုလျှမှာ ခေါင်းဘီလူးတန်၏ စကားကြောင့် မျက်မှောင်ကြုတ်သွား၏။

ယခု အနေအထားအရ ခေါင်းဘီလူးတန် ရှုံးနိမ့်နေပြီဖြစ်၏။

နောက်ထပ် သိုင်းကွက်သုံးဆယ်အတွင်း မလွဲမသွေ ရှုံးသွားရမည် ဖြစ်ပါသည်။

သို့သော် ခေါင်းဘီလူးတန်က ကြောက်ရွံ့မှုမရှိပါ။ မည်သည့်အားကိုး ရှိနေပါသနည်း။

ရွှေလှစန်းတုလျှ တစ်ချက်တွေဝေသွား၏။



ခေါင်းဘီလူးတန်သည် တစ်ယောက်တည်း မိမိအား ယှဉ်ပြိုင်ခဲ့သူ မဟုတ်ပါ။

သူ၏အဖော်များက မိမိအား အလစ်တိုက်ခိုက်ရန် ပါရှိလာမည် ဖြစ်ကြောင်း သဘောပေါက်လိုက်၏။

ထို့ကြောင့် နားကိုစွင့်ရင်းက ခေါင်းဘီလူးတန်အား ဖိ၍ တိုက်ခိုက်လိုက်လေသည်။

ခေါင်းဘီလူးတန်၏ အခြေအနေမှာ တစ်စထက်တစ်စ ဆိုးရွားလာ၏။

ထိုစဉ်မှာပင်....

'ဝှစ်....ဝှစ်... ဝှစ်'

ဟူသော အသံများနှင့်အတူ ခေါင်းပါးလေးများက ရွှေလှစန်းတုလျှ၏ နောက်ကျောသို့ တိုးဝင်လာ၏။

စန်းတုလျှက သတိရှိနေသည့်အတွက် အလွယ်တကူပင် ရိုက်ချနိုင်ခဲ့ပေသည်။

'ချွမ်....ချွမ်....ချွမ်'

ထိုစဉ်မှာပင် အဖြူရောင်ဝတ်စုံနှင့်လူများ တစ်ယောက်ပြီး တစ်ယောက် ဝင်ရောက်လာကြ၏။

ဝတ်စုံဖြူအားလုံး တစ်ပုံစံတည်း ဖြစ်၏။ စုစုပေါင်း ရှစ်ယောက်တိတိ ဖြစ်၏။ အားလုံးပင် ကြိုးတပ် ခေါင်းကောက်များ ကိုင်ဆောင်ထားကြပေသည်။

ခေါင်းဘီလူးတန်က ရယ်မောလိုက်၏။

'ဒီနေ့ ခင်ဗျားသေနေ့ဆိုတာ နားလည်ပြီထင်ပါရဲ့'

ရွှေလှံ စန်းတုလျှံအား....

'ကောင်းပြီလေ၊ ဘယ်သူသေနေလဲဆိုတာ ကြည့်ကြသေးတာပေါ့'

သူက ပြောပြောဆိုဆို ဓားဘီလူးအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ ဓားဘီလူးတန်ဆာ ချက်ချင်း နောက်ဆုတ်သွားသည်။

'အားလုံးတိုက်'

ဟုလည်း အမိန့်ပေးလိုက်လေသည်။

ဝတ်စုံဖြူများက ရုတ်ခြည်း ရွှေ့လျားလိုက်၏။ ကြိုးတပ်ဓားကောက်များကို ကျွင်လည်စွာ အသုံးပြုရင်း ရွှေလှံစန်းတုလျှံအား ဝိုင်းရံလိုက်ကြလေသည်။

စန်းတုလျှံကသည်း လှံနှစ်လက်ကို ဝေ့ယမ်းရင်း တရကြမ်း တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

တိုက်ပွဲသာ ပြင်းထန်ဆဲ....

ဓားဘီလူးတန်ဆာ လက်ပိုက်ကာ တိုက်ပွဲအား ကြည့်နေ၏။

သူ၏ ဝတ်စုံဖြူရှစ်ယောက်၏ ဓားကောက်ဝင်္ကပါအတွင်းဝယ် စန်းတုလျှံမှာ မထွက်နိုင်ဘဲ ရှိနေ၏။

စန်းတုလျှံမှာ ဒေါသချောင်းချောင်း ထွက်နေ၏။

သူသည် အသက်ကြီးလှပြီ ဖြစ်၏။ စိတ်သွားတိုင်း ကိုယ်မပါတော့ပါ။

ပြင်းထန်စွာ တိုက်ခိုက်ရင်း ကြာလာသည်နှင့်အမျှ မောပန်းလာလေသည်။ သူ၏ရင်ထဲ၌လည်း လေးလံလာ၏။

ဤအတိုင်းသာ ဝင်္ကပါထဲမှ မထွက်နိုင်ပါက မကြာမီ သူသည် မောပန်းပြီး သေဆုံးသွားရမည် ဖြစ်၏။

ရွှေလှံစန်းတုလျှံက အံကို တင်းတင်းကြိတ်လိုက်၏။ သေရမည့်နည်းတူ ဝင်္ကပါအား ထိုးဖောက်ထွက်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

သူသည် ပစ်လွှင့်လာသော ဓားကောက်နှစ်လက်ကို လှံရှည်နှင့် ချိတ်ဆွဲလိုက်၏။

တစ်ဆက်တည်းပင် လူစာ ခုန်ဝင်လာ လှံတိုနှင့် ထိုးချလိုက်လေသည်။

ထိုစဉ် ကျန်ခဲ့သော ဆောက်များက သူ၏သွားလမ်းကို ဟန့်တားလာ၏။ ပုံမှန်ဆိုလျှင် သူက တိုက်ခိုက်မှုကို ရပ်သိမ်းပြီး နောက်ဆုတ် ခရှောင်တိမ်းရမည် ဖြစ်၏။

ယခု စန်းတုလျှံကဘာကိုမျှ မရှုစိုက်ပဲ ရှေ့သို့ လျှင်မြန်စွာ တိုးကာ လှံတိုကို ဝေ့ယမ်းလိုက်၏။

'အား'

'အား'

ဝတ်စုံဖြူနှစ်ဦး မှာစန်းတုလျှံ၏လှံချက်မိကာ လဲကျသေဆုံးသွားလေသည်။ ထို့အတူ ခဲ့ကောက် ခြောက်လက်ကလည်း စန်းတုလျှံ၏ ခန္ဓာကိုယ် အနှံ့အပြားသို့ စိုက်ဝင်သွားလေတော့သည်။

....ဝ....



'ဒေါက်.... ဒေါက်'

လှေဟန်ကျိုးက တံခါးဖွင့်ပေးလိုက်၏။

ခိုမင်းသားက အိမ်တွင်းသို့ ဝင်ရောက်လာ၏။

လှေဟန်ကျိုးက ...

'ကဲ....ပြောပါဦး'

ခိုမင်းသားက....

'လျှူဝမ်းခအော့ဟာ နယ်စားကြီး၊ တရားသူကြီးနဲ့ တပ်မှူးကြီးတို့ သုံးယောက် လျှောက်အလာမှာ လုပ်ကြံဖို့ ကြိုးစားခဲ့တယ်၊ သူ ဘယ်သူ့ကို လုပ်ကြံချင်သလဲတော့ မသိရဘူး၊ ဘာကြောင့်လဲဆိုရင် သူမခဲ့ထုတ်လိုက်ချိန်မှာပဲ၊ 'အာဏာသားခေါင်းဆောင် ရှောင်ကွမ်းက ဟန့်တားသုတ်သင်လိုက်နိုင်လို့ပဲ'

လှေဟန်ကျိုးက....

'ရှောင်ကွမ် ဟုတ်လား'

ခိုမင်းသားက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ သူဟာ အငယ်ဆုံး အာဏာသားခေါင်းဆောင် တစ်ယောက်ပဲဗျ'

လှေဟန်ကျိုးက ခေါင်းက ဆတ်ဆတ် ညိတ်လိုက်၏။

သူ၏ စိတ်ထဲတွင်း၌ ရှောင်ကွမ်းက စွန်ရဲအုတ်ဂူအား တူးဖော်ခြင်းကို ထူးဆန်းနေ၏။

ရှောင်ကွမ်းနှင့် သူတလမ်းကြောင်းချင်း တူနေသည်လော...

ခိုမင်းသားက....

'မင်း ကျုပ်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ ဘာကြောင့် ဒီကိစ္စကို မင်း ဒီလောက် စိတ်ဝင်စား နေရတာလဲ'

လေ့ဟန်ကျီးက ...

'စွန်ရဲဟာ အများ ထင်သေးသလို မသေသေးလို့ပဲ'

'ဘာ'

ခိုမင်းသားမှာ အလွန် အံ့သြသွား၏။

လေ့ဟန်ကျီးက....

'ကျုပ်ဘဝမှာ နာမည်ဆိုးနဲ့သာ နေခဲ့ရပေမယ့် စွန်ရဲလို လူယုတ်မာ တစ်ယောက်တော့ မဟုတ်ပါဘူး'

ခိုမင်းသားက....

'ကျုပ်သိပါတယ်'

လေ့ဟန်ကျီးက ...

'စွန်ရဲဟာ ကျုပ် စုံစမ်း သိရသလောက် နယ်စားကြီးတို့လူစု ထဲက တစ်စုံတစ်ယောက် ဖြစ်နေတာ သေချာနေပါပြီ'

ခိုမင်းသားက

'ဟုတ်ရဲ့လား'

လေ့ဟန်ကျီးက ခိုမင်းသားအား စိုက်ကြည့်လိုက်၏။

'ကျုပ် ဘယ်တုန်းက ရယ်စရာ ပြောခဲ့ဖူးလဲ'

ခိုမင်းသားက ပါးစပ်ပိတ်သွား၏။

လေ့ဟန်ကျီးက ဆက်ပြောလိုက်၏။



'စွန်ရဲလို မွန်ဂို သစ္စာခံ တစ်ဦးဟာ နယ်စား ဂေဟာမှာ ရောက်နေရင် ကျုပ်တို့ နယ်ပယ်ဒေသတွေဟာ ဘယ်လောက် ကြီးမားတဲ့ အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီလဲ'

ခိုမင်းသားမှာ ကြက်သီးဖြန်းခနဲ ထ,သွား၏။

'မင်း ဒီကိစ္စကို ဘယ်လို သိလိုက်တာလဲ'

လေ့ဟန်ကျီးက....

'သဲလွန်စဟာ လျူဝမ်းအော့ သေပြီးနောက်နေ့ ကျူးယူ ဆက်သေတဲ့အခါမှာ မထင်မှတ်ပဲ ကျုပ် စုံစမ်းရင်းက ရလာခဲ့တာပဲ'

ခိုမင်းသားက....

'စွန်ရဲဟာ အလွန် ကြောက်စရာ ကောင်းတဲ့လူပဲ'

လေ့ဟန်ကျီးက....

'သူဟာ အားလုံး ရှေ့မှောက်မှာ ရှိနေတယ်၊ အားလုံးကို လှည့်စားထားတယ်'

ခိုမင်းသားက....

'ကျုပ်တို့ ဘာလုပ်ကြမလဲ'

လေ့ဟန်ကျီးက....

'စွန်ရဲကိုရအောင် ဖော်ထုတ်ရမှာပေါ့'

ခိုမင်းသားက....

'ကျုပ်လဲ ကောင်းလှတဲ့ လူတစ်ယောက်တော့မဟုတ်ပါဘူး၊ ဒါပေမယ့် နိုင်ငံနဲ့ လူမျိုးကို ချစ်တဲ့စိတ်တော့ အပြည့်ရှိပါတယ်၊ ကျုပ် ဘာလုပ်ပေးရမလဲ'

ဟု တက်ကြွစွာ ပြောလိုက်လေသည်။

လွေဟန်ကျိုးက....

'ဇွန်ရဲနဲ့ ပတ်သက်တဲ့ သတင်းမှန်သမျှ စုံစမ်းပေးပါ၊ သူ့ရဲ့ အမှုအကျင့်ကစပြီးတော့'

ခိုမင်းသားက လက်ကာပြလိုက်၏။

'ကျုပ် တစ်သက်မှာ အလျှို့ဝှက်ဆုံး လူသားကို ပြပါဆိုရင် ဇွန်ရဲကို ပြရမှာပဲ၊ ဇွန်ရဲဟာ ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူမှ မသိဘူး၊ သူဟာ နာမည်ကြီးသလောက် သူ့ကို တွေ့မြင်ဖူးတဲ့ လူမရှိခဲ့ဘူး၊ သူ့ဘဝကိုလဲ ဘယ်သူမှ မသိကြဘူး၊ ကုန်ကုန် ပြောရရင် သူ့အသက် မွေးတဲ့နေရာတို့ဘာဆိုတာမှမသိရအောင် လျှို့ဝှက်တဲ့လူတစ်ယောက်ပါပဲ'

လွေဟန်ကျိုးက သက်ပြင်းချလိုက်၏။

'သူ့အကြောင်း ဘယ်လိုမှ စုံစမ်းလို့ မရနိုင်ဘူးပေါ့ ဟုတ်လား'

ခိုမင်းသားက....

'ခင်ဗျားက သူ့အကြောင်း စုံစမ်း ခိုင်းတာဟာ ကျုပ် အမည်ကို မြောင်းထဲ လွှင့်ပစ်ခိုင်းတာနဲ့ အတူတူပါပဲ'

လွေဟန်ကျိုးမှာ ပါးစပ်ပိတ်သွားလေသည်။

ခိုမင်းသားက ခေါင်းကုပ်ကာ စဉ်းစားနေ၏။

ခဏကြာမှ....

'တစ်ခုတော့ ရှိတယ်ဗျ'

ဟု ကောက်ကာငင်ကာ ပြောလိုက်၏။

လွေဟန်ကျိုးက....



'ဘာလဲဗျ'

ခိုမင်းသားက....

'ဇွန်ရဲဟာ လျှို့ဝှက်ပေမယ့် သူ့ရဲ့မျက်နှာကိုတော့ သူ့ရဲ့ လူယုံခုနစ်ယောက်က တွေ့ခွင့်မြင်ခွင့် ရခဲ့ပါတယ်'

လွေဟန်ကျိုးက....

'အဲဒီလူယုံခုနစ်ယောက်အကြောင်း ကျုပ်သိပါတယ်၊ အဲဒီ အထဲမှာ ကျူးယု၊ လျူဝမ်းအော၊ ချန်ကေ့နဲ့ ချန်ရှင်တို့ဟာ သေဆုံးသွားပြီလို့ ကျုပ်သိရတယ်'

ခိုမင်းသားက....

'မှန်တယ်၊ ကျန်တဲ့လူတွေဟာ ဘာသတင်းမှ မကြားတော့ဘဲ ဇာတ်မြှုပ်နေတယ်၊ သူတို့ကိုရအောင် စုံစမ်းရှာဖွေရမယ်၊ သူတို့ကသာ ကူညီရင် ဇွန်ရဲဘယ်သူလဲဆိုတာ အလွယ်တကူသိနိုင်မှာပဲ မဟုတ်လား'

လွေဟန်ကျိုး၏မျက်နှာ ပြုံးရွှင်သွား၏။

'မင်းအကြံ သိပ်ကောင်းတယ်၊ ဒါပေမယ့် အဲဒီလူတွေကို ရှာနိုင်ပါ့မလား'

ခိုမင်းသားက....

'သူတို့ထဲက သူတော်ကျားကို ကျုပ်ရအောင် ရှာနိုင်မယ်လို့ ထင်တယ်'

လွေဟန်ကျိုးက စိတ်ဝင်စားသွား၏။

'ဟုတ်လား ပြောစမ်းပါဦး'

ခိုမှင်းသားက....

'သူဘော်ကျားမှာ ထူးခြားတဲ့ အမူအကျင့် တစ်ခုရှိတယ်၊ လူတိုင်းဟာ သူတို့ရဲ့အလေ့အထကို ဖျောက်ဖျက်နိုင်စွမ်း မရှိဘူး လေ'

လေ့ဟန်ကျိုးက....

'ဒီအချက်ကို ကျုပ်လက်ခံပါတယ်'

ခိုမှင်းသားက....

'သူဘော်ကျားဟာ အကောင်းဆုံး ဝါးရွက်စိမ်းအရက်နဲ့ ရွှေငါးကြင်းကို အလွန်ကြိုက်တယ်၊ အရင်ကဆိုရင် ဒီနှစ်မျိုးပဲ အမြဲစားသောက်တယ်'

လေ့ဟန်ကျိုးက စိတ်ပျက်သွား၏။

'ဒီအချက်နဲ့ ရှာလို့ရမလား'

ခိုမှင်းသားက ပြုံးလိုက်၏။

'သိပ်ရတာပေါ့၊ ဝါးရွက်စိမ်းအရက်ကို ဆိုင်တိုင်းမရနိုင်သလို ရွှေငါးကြင်းကိုလဲ နေရာတိုင်းမရနိုင်ပါဘူး၊ ကျုပ်အထင်ပြောရရင် ကျုပ်တို့နယ်ထဲမှာ ဒီလိုရောင်းတဲ့ဆိုင်မျိုး သုံးဆယ်ထက် မပိုဘူး'

လေ့ဟန်ကျိုးက ပြန်လည်စိတ်ဝင်စားသွား၏။

'ဒါဆို နီးစပ်ပြီပေါ့၊ ဒါပေမယ့် အလွန်စျေးကြီးလို့ သူက မစားနိုင်တော့ရင်ကော'

ခိုမှင်းသားက ရယ်မောလိုက်၏။

'စွန်ရဲ့အဖွဲ့ဟာ မွန်ဂိုတွေရဲ့အသာထက်အပုံ ဘဏ္ဍာအများဆုံး ရခဲ့တယ်၊ သူဘော်ကျားရဲ့ဘာဝေနံဟာ ဘဏ္ဍာထိန်းပဲ'



လေ့ဟန်ကျိုးက...

'ကောင်းပြီ၊ ကျုပ်တို့ အတူ စုံစမ်းကြတာပေါ့'

....၁....

ရှောင်ကွမ်းမှာ ချိဝမ်၏အိမ်သို့ ရောက်ရှိလာလေသည်။

ချိဝမ်က....

'မင်း မျက်နှာလဲ မကောင်းပါလား၊ ဘာဖြစ်သလဲ'

ဟု ဆီးကြိုမေးလိုက်၏။

ရှောင်ကွမ်းက ချိဝမ်အား ဂါရဝပြုကာ ဝင်ထိုင်လိုက်၏။

သူက သက်ပြင်းချလိုက်ပြီး....

'အလုပ်တွေ အလွန်များနေလို့ပါ'

ချိဝမ်က ပြုံးလိုက်၏။

'အာဏာသား ခေါင်းဆောင်တစ်ယောက်ဟာ အလုပ်များရမှာပဲ၊ အခုလို မတည်ငြိမ်တဲ့ကာလမျိုးမှာဆိုရင် ပိုပြီးတော့ များရမှာ အသေအချာပေါ့'

ရှောင်ကွမ်းအ....

'နယ်စားတွေအချင်းချင်း မညီညွတ်ကြတော့ ပိုပြီး စိတ်မအေးခြင်းစရာပဲ'

ချီဝမ်တ...

'နေပြည်တော်ရဲ့အာဏာစက်ဟာ မှေးမှိန်နေတာကို၊ ဒါပေမယ့် ဘုရင်မင်းမြတ်ဟာ အမြော်အမြင်ရှိပါတယ်၊ မကြာခင် တစ်နိုင်ငံလုံးကို ပြန်ပြီးစုစည်းချုပ်ကိုင်နိုင်မယ်လို့ ကျုပ်မျှော်လင့်တယ်၊ ကဲ....ဒါတွေထားပါတော့လေ၊ မင်းစုံစမ်းတာ အခြေအနေ ဘယ်လိုလဲ'

ရှောင်ကွမ်းအ မှတ်တမ်းများမှ တွေ့ရှိချက်များကို ပြန်လည်ပြောပြလိုက်လေသည်။

ချီဝမ်က....

'ဒီအတိုင်းဆိုရင် သူတို့သုံးယောက်စလုံးကို စုံစမ်းဖို့မလွယ်ဘူးပေါ့'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

ထိုစဉ် ကြူးစိန်ရောက်ရှိလာ၏။

ရှောင်ကွမ်းအ....

'ဘာထူးလဲ'

ကြူးစိန်က အရိုအသေပြုလိုက်ပြီး....

'ရွှေလှိုဂေဟာ လုပ်ကြံခံရတဲ့သတင်း ရောက်လာခလို့ပါ'

'ဘာ'

ရှောင်ကွမ်းမှာ ထိတ်လန့်သွားလေသည်။



သူသည် ချက်ချင်းပင် ထိုင်ရာမှထလိုက်၏။

ချီဝမ်က....

'ကျုပ်လဲ လိုက်မယ်'

ရှောင်ကွမ်းအ....

'ကောင်းပါပြီ၊ ကဲ....ကျုပ်တို့အမြန်သွားကြစို့'

....o....

ရှောင်ကွမ်းက အခန်းအခနအထားကို ကြည့်လိုက်၏။

အခန်းတွင်း၌ ဖရိုဖရဲဖြစ်နေ၏။

ကြမ်းပြင်ပေါ်တွင် စန်းတုလျှံမှာ လဲကျနေ၏။ သူ့ကိုယ်တွင် ဒဏ်ရာဒဏ်ချက်အပြည့်ရှိနေ၏။

ချီဝမ်က သက်ပြင်းချလိုက်၏။

'ဒီရက်ပိုင်းမှာ ရွှေလှိုဂေဟာနဲ့ဆိုရင် လေးယောက်ရှိပြီ၊ မျိုးချစ်သိုင်းသမားတွေ သုတ်သင်ခံရတယ်'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ လူသတ်သမားတွေဟာ သဲလွန်စ ဘာမှမထားခဲ့ဘူး'

သူတို့က ပြောရင်းဆက်လက်စစ်ဆေးလိုက်၏။

စန်းဝေမင်း၏ အလောင်းနှင့် မိန်းကလေး တစ်ယောက် အလောင်းကို တွေ့လိုက်ရသည်။

ချိဝမ် အလောင်းများကို သေချာစွာ စစ်ဆေးလိုက်၏။

သူ၏ မျက်ခုံးအစုံမှာ နဖူးပေါ်သို့ မြင့်တက်သွား၏။

'သူ မသေသေးဘူး'

ရှောင်ကွမ်းက လှည့်ကြည့်လိုက်၏။

ချိဝမ်က....

'ဒီမိန်းကလေး မသေသေးဘူးဗျ'

ရှောင်ကွမ်းက မိန်းကလေးအား စစ်ဆေးလိုက်၏။

မိန်းကလေး၏ သွေးခုန်နှုန်းမှာ အလွန်နှေးကွေးနေသဖြင့် သေပြီဟု ထင်နေရခြင်းဖြစ်၏။

ရှောင်ကွမ်းက ချက်ချင်းစီစဉ်လိုက်၏။

မိန်းကလေးအား အသက်ရှင်အောင် ကြိုးစားရပေမည်။

သို့မှသာ သူ့အတွက် သဲလွန်စရနိုင်မည် မဟုတ်ပါလော။

ရှောင်ကွမ်းမှာ မိန်းကလေးအား သမားတော်ကြီးထံ အမြန်ဆုံး ပို့ဆောင်ပေးလိုက်လေသည်။

ချိဝမ်က....

'မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူး၊ ဘယ်လောက်ပဲ သဲလွန်စမကျန်အောင် လုပ်ဆောင်ပေမယ့် တစ်ခါ တစ်ရံမှာ ဆစ်ဟာတတ်ပါတယ်'



ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

'မိန်းကလေး အသက်ရှင်ပါစေလို့ ဆုတောင်းရတော့မှာပေါ့'

ချိဝမ်က...

'ဒီကိစ္စဟာ စနစ်တကျလှုပ်ရှားမှုပဲ၊ မင်းတော့ ကြောက်စရာကောင်းတဲ့ ရန်သူနဲ့ ရင်ဆိုင်ရမှာ သေချာဘယ်'

ရှောင်ကွမ်းက ပခုံးတွန့်လိုက်၏။

'ဘယ်လောက် ကြောက်စရာကောင်းတဲ့ ရန်သူ ဖြစ်ပါစေ ကျုပ်က ရင်ဆိုင်ဖို့ အသင့်ပါပဲဗျာ'

....ပ....

ပန်းကလေးများက ဝေဆာ ဖူးပွင့်နေ၏။

လေထဲတွင် ပန်းရနံ့များ သင်းပျံ့နေ၏။

ပန်းဥယျာဉ်အလယ်တွင် သစ်လုံးအိမ်ကလေးတစ်လုံးရှိ၏။

ရဲမှူးမှာ သစ်ပင်အောက်၌ ရပ်နေ၏။

လူသည် သစ်လုံးအိမ်ကလေးအား ငေးကြည့်နေ၏။

သူ ရောက်လိုသောနေရာသို့ ရောက်လာခဲ့ပြီ မဟုတ်ပါလော။

ထိုသစ်လုံးအိမ်မှလူသည် သူ့အား အန္တရာယ်မှ လွတ်မြောက်အောင် ကူညီနိုင်မည်ဟု သူ ယုံကြည်၏။

ထိုလူသည် ဝံပုလွေဖြူပင် ဖြစ်ပါသည်။

သူသည် အနက်ရောင် သိုင်းလောကသားတစ်ဦး ဖြစ်၏။

သူသည် အလွန်လျှို့ဝှက်သောသူ တစ်ယောက် ဖြစ်သည်။

ရုပ်ပြောင်းရုပ်လွဲ အလွန်ကျွမ်းကျင်သူ ဖြစ်၏။

သူနှင့် တစ်ချိန်က မိတ်ဆွေဖြစ်ခဲ့ဖူးသည်။

ဝံပုလွေဖြူကသာ ရုပ်ဖျက်ပေးခဲ့လျှင် သူ့အား မည်သူမျှ မှတ်မိနိုင်တော့မည် မဟုတ်ပါ။

ရဲမှုက တွေးရင်း စိတ်ပေါ့ပါးသွား၏။

သစ်ပင်အောက်မှထွက်ကာ သစ်လုံးအိမ်ကလေးဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေတော့သည်။

....o....



'ဒေါက်....ဒေါက်....ဒေါက်'

တံခါးခေါက်သံ ဆုံးသွားသည်နှင့်....

'ဘယ်သူလဲ'

အိမ်တွင်းမှ အသံအက်အက် ထွက်ပေါ်လာ၏။

ရဲမှုက ...

'ကျုပ် ရဲမှုပါ'

တံခါးမှာ အသာ ဟသွား၏။

ရဲမှုက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီးမှ အိမ်တွင်းသို့ လှမ်းဝင်လိုက်လေသည်။

အိမ်တွင်း၌ လူတစ်ယောက်ထိုင်နေ၏။

ထိုလူမှာ အလွန်ပိန်လှီ၏။

ရဲမှုက ဦးညွှတ်လိုက်ပြီး....

'ကျုပ်ကို မှတ်မိမယ်ထင်ပါတယ်'

ဝံပုလွေဖြူက ပြုံးလိုက်၏။

'သိပ်မှတ်မိတာပေါ့၊ ကျုပ်က မိတ်ဆွေတွေကို မမေ့တတ်ပါဘူး'

ရဲမှုက ဝမ်းသာသွား၏။

ဝံပုလွေဖြူက....

'ခင်ဗျား ကျုပ်ဆီကို အလည်လာတာတော့ ဟုတ်မယ်မထင်ပါဘူး'

ရဲမှုက ခေါင်းညိတ်လိုက်၏။

ဝံပုလွေဖြူက ဆက်မေးလိုက်၏။

'ကဲ ကိစ္စ ပြောပါဦး'

ရဲမှုက....

'ကျုပ် အကူအညီတစ်ခု တောင်းချင်လို့ပါ'

ဝံပုလွေဖြူက....

'မိတ်ဆွေတွေပဲ၊ ကျုပ်တတ်နိုင်တဲ့ အကူအညီပေးရမှာပေါ့'

ရဲမှုက...

'ကျုပ်ကို ရှပ်ဖျက်ပေးဖို့ပါပဲ'

ဝံပုလွေဖြူက...

'ခင်ဗျားက ဘယ်လိုအန္တရာယ်တွေနဲ့ ရင်ဆိုင်ခဲ့ရလို့လဲ'

ရဲမှုက ပါးစပ်ပိတ်ထား၏။

ဝံပုလွေဖြူက....

'ခင်ဗျားဟာ အလွန် အသက်အန္တရာယ်ရှိနေတယ်၊ ခင်ဗျားကိုဖမ်းဆီးပေးရင် ဆုငွေပေးမယ်လို့တောင် သတင်းထွက်နေတယ်'

ရဲမှုက အံ့အား သင့်သွား၏။

'ဟုတ်ရဲ့လား၊ ကျုပ်တောင်မသိပါလား။'

ဝံပုလွေဖြူက...

'ဒီသတင်း ကျုပ်ရတာ နှစ်ရက်ပဲရှိပါသေးတယ်'

ရဲမှုက သက်ပြင်းချလိုက်သည်။

'ဒုက္ခပါပဲ၊ ကျုပ်ရန်သူ ဘယ်သူလဲဆိုတာတောင် ကျုပ်မသိဘူးဗျ'

ဝံပုလွေဖြူက...

'ကျုပ်ဆီ ရောက်လာပြီပဲ၊ ဒီလောက်လဲ စိတ်မပူပါနဲ့'



ရဲမှုက....

'ကျေးဇူးတင်ပါတယ်ဗျာ'

ဝံပုလွေဖြူက....

'ကျုပ်ကသာ ကျေးဇူးတင်ရမှာပါ'

ရဲမှုက အံ့အားသင့်သွား၏။

သူက ပြန်မေးမည်အပြု ဝံပုလွေဖြူက စကားလမ်းကြောင်း ပြောင်းလိုက်လေသည်။

'ခင်ဗျားလဲ ပင်ပန်းလာတယ်၊ ဆာလဲ ဆာနေရောပေါ့၊ ကျုပ် တစ်ခုခု စီစဉ်လိုက်ဦးမယ်'

သူသည် ပြောပြော ဆိုဆို အိမ်တွင်းသို့ ဝင်သွား၏။

မကြာမီ အငွေ့တစ်ထောင်းထောင်းထနေသော ခေါက်ဆွဲပန်းကန်ကို ကိုင်ကာ ပြန်ထွက်လာလေသည်။

'ရော့.... သောက်လိုက်ပါဦး'

ခေါက်ဆွဲပြုတ်အနံ့က မွှေးကြိုင်နေသည်။

ရဲမှုမှာ ပို၍ ဆာလောင်လာသည်။

သူသည် ဟန်မဆောင်နိုင်တော့ပါ။ ခေါက်ဆွဲပြုတ်ကို အားရပါးရ စားသောက်လိုက်လေသည်။

ခေါက်ဆွဲကုန်သွားမှ သူက မော့ကြည့်လိုက်သည်။ သူ့အား ပြုံးကြည့်နေသော ဝံပုလွေဖြူအား တွေ့လိုက်ရလေသည်။

ဝံပုလွေဖြူ၏ အပြုံးမှာ တစ်မျိုး ဖြစ်နေသည်ဟု ရဲမှုက ထင်မှတ်လိုက်၏။

အပြုံးနောက်ကွယ်တွင် ကောက်ကျစ်မှု အရိပ်အယောင်များ တွေ့လိုက်ရသည် မဟုတ်ပါလော။

ရဲမှုက ရင်ထိတ်သွားသည်။

ထိုစဉ် သူ၏ခေါင်းမှာ မိုက်ခနဲဖြစ်သွား၏။ မျက်လုံးများလည်း ပြာဝေသွား၏။

ပြုံးနေသော ဝ ံပုဒ်လွှဖြူ၏ မျက်နှာသည် နီးလာလိုက် ဝေးသွားလိုက် ဖြစ်နေ၏။

နောက်ဆုံး မြင်ကွင်းတစ်ခုလုံးမှာ မှောင်အတိကျသွားလေတော့သည်။

....ဝ....

အချိန် မည်မျှကြာသွားသည် မသိ။

ရဲမှု သတိရလာသောအခါ တစ်ကိုယ်လုံး အင်အားမရှိဘဲ ပျော့ခွေနေသည်။ သူ့အနီးတွင် ထိုင်နေသော ဝ ံပုဒ်လွှဖြူကို တွေ့လိုက်ရ၏။



ရဲမှုက ဒေါသချောင်းချောင်း ထွက်နေသည်၊

'မင်း....မင်း... လူယုတ်မာ'

ဝ ံပုဒ်လွှဖြူက....

'ကျုပ်ကငွေလိုနေတယ်၊ မင်းကငွေဖြစ်နိုင်တယ်၊ ဒါကြောင့် ကျုပ်ကို ခွင့်လွှတ်ပါ'

ရဲမှု ဒေါသတကြီး အော်ငေါက်လိုက်သည်။

'မင်းဟာ ငွေအတွက် မိတ်ဆွေကို ရောင်းစားရဲတဲ့ လူ တစ်ယောက်ပဲ'

ဝ ံပုဒ်လွှဖြူက....

'ကျုပ်တို့ လောကမှာ မိတ်ဆွေစစ်ဆိုတာကော ရှိလို့လား'

ရဲမှုက—

'ကျုပ် မင်းကို ယုံကြည်မိတာ မှားသွားတာပဲ'

ဝ ံပုဒ်လွှဖြူက ခေါင်း ညိတ်လိုက်၏။

'ဟုတ်ဘယ်၊ ကျုပ်ဆိုရင် ဘယ်သူ့ကိုမှ မယုံပါဘူး'

ရဲမှုက ပါးစပ်ပိတ်သွား၏။

ဝ ံပုဒ်လွှဖြူက....

'မင်းကို ငွေဖြူဂိုဏ်းက အလိုရှိနေတယ်၊ သူတို့လက်ထဲ မင်းကို ထည့်လိုက်ရင် ကျုပ်အတွက် ဆုငွေရမှာ အမှန်ပဲ'

ရဲမှု အံကြိတ်ထားလိုက်၏။

သူသည် ဝ ံပုဒ်လွှဖြူအား သတ်ပစ်ချင်နေမိသည်။

သို့သော် သူသည် အိပ်ရာမှပင် မထနိုင်အောင် ဖြစ်နေသည်။ ခေါ်ပုလေးဖြူက ထရပ်လိုက်၏။

'ငွေဖြူဂိုဏ်းကို ဆက်သွယ်နေတုန်း မင်းကို ကျူပ်က ကျေးမွေးထားရဦးမှာပေါ့ဗျာ'

....ဝ....

ဝမ်းပေ့မှာ တစ်ယောက်ဘည်း ထိုင်နေ၏။

သူသည် နယ်စားကြီးနှင့် ပတ်သက်၍ မည်သည့်သတင်းမှ စုံစမ်းမရပါ။

သို့သော် လျှို့ဝှက်စွာ လှုပ်ရှားနေဒသာ အဖွဲ့အစည်းတစ်ခု ရှိနေသည်ဆိုသည့် သတင်းဆိုးကိုမူ မထင်မှတ်ဘဲ ရရှိလိုက်လေသည်။

သူက စဉ်းစားလိုက်၏။ နယ်ခြားအဘွင်း မှန်ဂိုများ၏သစ္စာခံအဖွဲ့အစည်းများ စတင်လှုပ်ရှားနေပြီဟု တွက်ဆမိ၏။



ဝမ်းပေ့မှာ မည်သည့်ကိစ္စကို ဦးစားပေးစုံစမ်းရမှန်းမသိ ဖြစ်နေ၏။ နောက်ဆုံးလူ က နယ်စားကြီးထက် လျှို့ဝှက် အဖွဲ့အစည်းက အရေးကြီးသည်ဟု ခံယူလိုက်၏

လျှို့ဝှက်အဖွဲ့အစည်းကိုပင် စုံစမ်းရန် ဆုံးဖြတ်လိုက်လေသည်။

....ဝ....

ည....

ကောင်းကင်တွင် လကွေးလေးသာ ရှိ၏။

တောလမ်းမှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

မကြာမီ တောလမ်းမှာ သက်ဝင်လှုပ်ရှားလာလေသည်။

ပေါ့ပါးသောခြေသံ ထွက်ပေါ်လာ၏။

တောလမ်းကလေးပေါ်သို့ လူတစ်ယောက် ရောက်ရှိလာ၏။

ထိုလူသည် ဝတ်စုံဖြူဝတ်ဆင်ထားပြီး မျက်နှာကိုလည်း ပဝါဖြူနှင့် စည်းနှောင်ထားပေသည်။

ထိုလူသည် ရှေ့သို့ ခပ်သွက်သွက် လျှောက်လာနေ၏။

မြင်ကွင်းတစ်ခုလုံးကို သေချာစွာ ကြည့်မည်ဆိုပါက ထို ဝတ်စုံဖြူ၏နောက်ဘက် မလှမ်းမကမ်းတွင် လူရိပ်တစ်ခု ကပ်ပါ လာလေသည်။

ထိုလူရိပ်၏ လှုပ်ရှားမှုမှာ ညင်သာလှသောကြောင့် ဝတ်စုံ ဖြူက မသိရှိဘဲ နေခဲ့ခြင်းဖြစ်သည်။

ဝတ်စုံဖြူမှာ လမ်းအတိုင်း လျှောက်နေရာမှ ရုတ်တရက် ညာဘက်တောအုပ်အတွင်း ချိုးဝင်လိုက်၏။

ခြေလှမ်းသုံးဆယ်မျှ လျှောက်မိသောအခါ ရှေ့တွင် တဲ ဆလေးတစ်လုံး ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ဝတ်စုံဖြူက တဲရှေ့သို့ လျှောက်သွားပြီး....

'ကျုပ်ရောက်လာပါပြီ'

'ဝင်ခဲ့'

ဝတ်စုံဖြူက တဲအတွင်း လှမ်းဝင်သွားလေသည်။

နောက်ယောင်ခံလိုက်လာသော လူရိပ်မှာ တဲငယ်အနီး တရွေ့ရွေ့ ချဉ်းကပ်လာ၏။

သူ၏စူးရှသော မျက်လုံးများက တဲအတွင်းလှုပ်ရှားမှုကို ထိုး ပေါက် ကြည့်နေ၏။

'အား'



စူးရှနာကျင်စွာ အော်ဟစ်လိုက်သံ ထွက်ပေါ်လာ၏။
နောက်ယောင်ခံသူမှာ အံ့အားသင့်သွား၏။
ချက်ချင်းပင် တဲအတွင်း ပြေးဝင်သွားလေသည်။

....ဝ....

မီးရောင်မှာ ယိမ်းနွဲ့နေ၏။
မီးရောင်အောက်တွင် လူတစ်ယောက် လဲကျနေ၏။
ဝတ်စုံဖြူပင် ဖြစ်ပါသည်။
နောက်ယောင်ခံသူက တဲအတွင်း လျင်မြန်စွာ လှည့်ပတ် ရှာဖွေလိုက်၏။ မည်သူ့ကိုမျှ မတွေ့ပါချေ။
'တောက် လွတ်သွားတာ သိပ်နာတယ်'
မီးရောင်ဖြင့် နောက်ယောင်ခံသူအား တွေ့မြင်နေရ၏၊ သံပေ သီးပင် ဖြစ်ပါသည်။
သံပေသီးက သေဆုံးနေသော ဝတ်စုံဖြူကို စစ်ဆေးကြည့် ရှု လိုက်၏။

ထိုဝတ်စုံဖြူမှာ လူစိမ်းတစ်ယောက်ပင် ဖြစ်သည်။

သံပေသီးက သက်ပြင်းချလိုက်၏။

'စောစောက တဲထဲမှာ ရှိတဲ့ လူဟာ ခေါင်းဆောင် တစ်ယောက် ဖြစ်နိုင်တယ်၊ အတော်ပါးနပ်တာပဲ၊ ငါလိုက်လာတာ သိသွားလို့ သူ့လူကို နှုတ်ပိတ်ပြီး ရှောင်တိမ်းသွားတာပဲ ဖြစ်ရမယ်'

သူသည် ကျုတ်တဲကလေးအတွင်း ကြာရှည်မနေသင့်ကြောင်း နားလည်လိုက်၏၊ မီးအိမ်ကိုငြိမ်းကာ တဲအတွင်းမှ လျင်မြန်စွာ ထွက်သွားလေတော့သည်။

...၁...

လှေဟန်ကျုံးက....

'ခိုမင်းသား အခု ဆိုင်သုံးဆိုင်ရှိပြီ၊ ဘာမှ မတူးခြားသေးပါလား'



ခိုမင်းသားက....

'ကျုပ်တို့ စုံစမ်းတာ နှစ်ရက်ပဲရှိသေးတယ်၊ ခင်ဗျား သက်လျှော့ချင်ပြီလား'

လှေဟန်ကျုံးက....

'နယ်အနှံ့သိုဆိုတော့ အချိန်အလွန်ကြာမယ်ဗျ'

ခိုမင်းသားက....

'ဒီအကြံသက်ကောင်းထက်အကြံ ခင်ဗျားမှာ ရှိသလား'

လှေဟန်ကျုံးက ခေါင်းခါလိုက်၏။

'မရှိပါဘူး'

ခိုမင်းသားက....

'ဒါဆို ကျုပ်တို့စိတ်မပျက်ဘဲ ဆက်ရှာကြတာပေါ့'

လှေဟန်ကျုံးက....

'ကောင်းပြီလေ၊ အခုဘယ်သွားမလဲ'

ခိုမင်းသားက....

'ကျုပ်နောက်သာ လိုက်ခဲ့ပါ၊ ဒီနယ်တစ်ခွင်မှာ အကောင်းဆုံး စားသောက်ဆိုင်တွေကို ကျုပ်အသိဆုံးပါပဲ'

...၀...

ပန်းကလေးမှာ အိပ်ရာထဲတွင် လဲလျောင်းနေ၏။

သူမ၏မျက်နှာမှာ ချောင်ကျနေ၏။

သူမသည် အိပ်မောကျနေဟန်တူသည်။

ရှောင်ကွမ်းက သမားတော်ကြီးအား လှည့်လိုက်၏။

'သူ့ကို စစ်ဆေးလို့ ရပြီလား'

သမားတော်ကြီးက....

'မိန်းကလေးဟာ စိတ်အခြေအနေကို ယိုယွင်းနေတယ်။ သူဟာ အလွန်ကြောက်စရာကောင်းတဲ့ ဖြစ်ရပ်တွေနဲ့ ကြုံတွေ့ခဲ့ရတော့ အခုချိန်မှာ စစ်ဆေးဖို့ မကောင်းသေးဘူး'

ရှောင်ကွမ်းက....

'ကျုပ်ကို့မှာ သူ နေကောင်းတဲ့အထိ စောင့်ဖို့အချိန် မရှိဘူးဆိုတာ သမားတော်ကြီး နားလည်မှာပါ'

သမားတော်ကြီးက....

'မင်း မေးချင်ရင် ခဏတော့ မေးပါ၊ ဒါပေမယ့် လူနာကို စိတ်အနှောင့်အယှက် မဖြစ်စေနဲ့'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

ထိုစဉ် မိန်းကလေးမှာ လူးလွန့်လာ၏။

မျက်လုံးလည်း ပွင့်လာသည်။

ရှောင်ကွမ်းက ပြုံးပြလိုက်လေသည်။

မိန်းကလေး၏ မျက်နှာပေါ်တွင် ထိတ်လန့်ဟန် အထင်းသား ပေါ်လွင်လာ၏။

ရှောင်ကွမ်း ဝတ်ဆင်ထားသော ဝတ်စုံဖြူကို လှမ်းညွှန်ထိုးရင်း....



'အား အဖြူတွေ...အဖြူတွေ ကြောက်တယ်၊ ကြောက်တယ်'

ဟု အော်ဟစ်လိုက်ပြီး မေ့မြော သွားလေတော့သည်။

ရှောင်ကွမ်းက မျက်မှောင်ကြုတ်သွား၏။ သမားတော်ကြီးကလည်း ကမန်းကတန်း မိန်းကလေးအနီး ပြေးလွှား သွားလေသည်။

ချီဝမ်က ရှောင်ကွမ်းအား လက်ကုပ်ကာ အပြင်သို့ခေါ်ထုတ်သွားလေတော့သည်။

....၀....

ချီဝမ်က...

'မင်း ဘယ်လို သဘောရသလဲ'

ရှောင်ကွမ်းက....

'မိန်းကလေးဆီက ဘာမှ မသိရသေးပဲ'

ချိုဝမ်က....

'အခု အပြုအမူကို ထူးဆန်းတယ်လို့ မထင်ဘူးလား'

ရှောင်ကွမ်းက....

'ကျုပ် နားမလည်နိုင်ဘူး'

ချိုဝမ်က....

'မိန်းကလေးဟာ မင်း ဝတ်ထားတဲ့ အဖြူရောင် ဝတ်စုံကို ထိတ်လန့်သွားခဲ့တာပဲ'

ရှောင်ကွမ်းက မျက်မှောင်ကြုတ်သွား၏။

'ဘာကြောင့် လူသတ်သမားတွေဟာ အဖြူရောင် ဝတ်စုံ ဝတ်တယ်လို့ ယူဆလို့လား'

ချိုဝမ်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ဒါကြောင့်လဲ မိန်းကလေးက မင်းရဲ့ဝတ်စုံကို တွေ့တာနဲ့ ကြောက်လန့်မေ့မြောသွားတာပဲ၊ နောက်တစ်ကြိမ် မင်း သူ့ဆီသွားရင် အဖြူရောင် ဝတ်မသွားလေနဲ့'

ရှောင်ကွမ်းက ခေါင်းညိတ်လိုက်၏။

သူသည် ငြိမ်သက်စွာ စဉ်းစားလိုက်၏။

ချိုဝမ်က....

'မင်း ဘာတွေ တွေးနေတာလဲ'

ရှောင်ကွမ်းက....

'လူသတ်သမားဟာ အဖြူရောင် ဝတ်စုံ ဝတ်တယ်ဆိုတာနဲ့ ပတ်သက်လို့ပါ'

ချိုဝမ်က....

'မင်း ဘာကို တွေးမိလို့လဲ'



ရှောင်ကွမ်းက....

'ကျုပ် စွန်ရဲအုတ်ဂူ သွားဖောက်တုန်းက တွေ့ခဲ့တဲ့ အဖြူရောင် လူတွေ'

ချိုဝမ်၏ မျက်လုံးများ တောက်ပသွား၏။

'သိပ် ဖြစ်နိုင်တယ်'

ရှောင်ကွမ်းက....

'ဒါတွေဟာ စွန်ရဲနဲ့ တစ်ပါတည်း ပတ်သက်နေမယ် ထင်တယ်'

ချိုဝမ်က....

'အခြေအနေက ရှုပ်ထွေးလာပြီ၊ ကျုပ်တို့ ခေါင်းအေးအေး ထားပြီး စဉ်းစားဖို့ လိုလာပြီ၊ ကဲ....ကျုပ်အိမ်လိုက်ခဲ့၊ ရေနွေးကြမ်းသောက်ရင်း စဉ်းစားကြတာပေါ့'

....၁....

ချိဝမ်က ရေနွေးကြမ်း ပန်းကန်အား လှမ်းပေးလိုက်၏။
ရှောင်ကွမ်းက ယူကာ မော့သောက်လိုက်၏။
ချိဝမ်က....
'အဖြူရောင် ဝတ်စုံနဲ့လူတွေဟာ မွန်ဂိုသစ္စာခံ အဖွဲ့အစည်းက ဖြစ်မယ် ထင်တယ်'

ရှောင်ကွမ်းက....

'ကျုပ်လဲ ဒီလိုပဲ ယူဆထားပါတယ်'

ချိဝမ်က သက်ပြင်း ချလိုက်၏။

'မင်းက စွန်ရဲကိုလဲ ရှာဖွေ ဖော်ထုတ်ရဦးမယ်'

ရှောင်ကွမ်းက....

'စွန်ရဲကိစ္စကလဲ အချိန်ဆိုင်းလို့ မသင့်ပြန်ဘူး'

ချိဝမ်က....
'စွန်ရဲရဲ့ လူယုံတွေကို တွေ့အောင် ရှာနိုင်ရင်တော့ စွန်ရဲကို ဖော်ထုတ်နိုင်မယ်'
ရှောင်ကွမ်းက....
'ဒီလူယုံတွေက ဇာတ်မြှုပ်သွားတာ ကြာပြီပဲ'
ချိဝမ်က
'အေး သူတို့ကို စုံစမ်းဖို့ တစ်နည်း ရှိတယ်'
ရှောင်ကွမ်းက
ပြောပါဘာ....'



ချိဝမ်က....
'ကျူးယုရဲ့ မိတ်ဆွေ ရဲမှုကို အရင်တွေ့အောင် ရှာရမယ်'
သူက ရဲမှု နေထိုင်ရာကို ပြောပြလိုက်လေသည်။

....o....

ဝမ်ပေ့မှာ လျို့ဝှက်အဖွဲ့အစည်း သတင်းကို တစ်မြို့ဝင် တစ်မြို့ထွက်နှင့် စုံစမ်းနေ၏။
ထိုအဖွဲ့အစည်းမှာ အလွန် လျို့ဝှက်သည့်အတွက် သတင်းရရန်ပင် မလွယ်မကူဖြစ်နေ၏။
ဝမ်ပေ့မှာ ပေါ်ပေါ်ထင်ထင်လည်း မစုံစမ်းရဲပါ။
မသိမသာ စနည်းနာနေရခြင်းမျိုး ဖြစ်ပေသည်။
ထို့ကြောင့် သတင်းတစ်ခုရရန်မှာ မလွယ်ကူလှပါချေ။
ဝမ်ပေ့မှာ စိတ်ပျက်ပျက်နှင့် မြို့ကလေးထဲမှ ထွက်လာခဲ့၏။
သူ ထွက်လာချိန်မှာ ညနေစောင်းနေပြီဖြစ်၏။

တောအလေးအတွင်း ပြောက်သောအခါ မိုးချုပ်သွားပြီ ဖြစ်၏။

ဝမ်ပေ့က တောအုပ်အတွင်းနားခိုရန် နေရာရှာဖွေလိုက်ရာ ဇရပ်ပျက်တစ်ခုကို တွေ့လိုက်ရလေသည်။

ဝမ်ပေ့က ဇရပ်ပျက်ပေါ် တက်လာခဲ့၏။

သူသည် လေလုံမိုးလုံ နေရာတစ်ခု ရှာဖွေလှဲကျင်းကာ အနားယူ အိပ်စက်လိုက်လေသည်။

....၀....

အချိန်မည်မျှကြာသွားသည် မသိ။

ခြေသံများကြားလိုက်မှ ဝမ်ပေ့မှာ လန့်နိုးသွားလေသည်။ သူသည် ကမန်းကတမ်း ထုတ်တန်းပေါ် တက်ကာ ပုန်းကွယ်နေလိုက်၏။

'ရှပ်....ရှပ်....'

ခြေသံနှင့်အတူ အသင်းရောင်က ဇရပ်ပျက်အတွင်းရောက်ရှိလာ၏။



မီးအိမ်နီတစ်လုံး ကိုင်ဆောင်ထားသော လူတစ်ယောက်ပင် ဖြစ်၏။

ထိုလူက မီးအိမ်ကို ဇရပ်ပျက်နံရံတွင် ချိတ်ဆွဲလိုက်၏။

ထို့နောက် ကြမ်းပြင်တစ်နေရာတွင် တင်ပျဉ်ခွေကာ ထိုင်နေလိုက်လေသည်။

ထိုလူမှာ အလွန်ပိန်လှီသော်လည်း မျက်လုံးများက စူးရှလှ၏။

ထိုလူ၏ပုံဟန်မှာ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေခြင်း ဖြစ်ကြောင်း သိသာနိုင်ပေသည်။

ဝမ်ပေ့မှာ ထုတ်တန်းပေါ်၌ အသက်ပင်မရှူရဲဘဲ ငြိမ်သက်စွာဖြင့် ပုန်းအောင်း ကြည့်နေလိုက်သည်။

တစ်ခဏအကြာတွင် ပေါ့ပါးသောခြေသံများကိုကြားလိုက်ရ၏။

ဇရပ်ရှေ့တွင် အဖြူရောင်အရိပ် လေးငါးရိပ်မျှ တွေ့လိုက်ရလေသည်။

ကြည့်နေဆဲပင် အဖြူရောင်ဝတ်စုံနှင့် လူတစ်ယောက်က ဇရပ်ပျက်ပေါ် တက်လာ၏။

သူသည် တင်ပျဉ်ခွေကာထိုင်နေသော လူအား စိုက်ကြည့်လိုက်ပြီးနောက် စတင်မေးမြန်းလိုက်သည်။

'ကျုပ်တို့ကိုချိန်းတာ ခင်ဗျားဟုတ်လား'

ထိုင်နေသူက....

'ဟုတ်ပါတယ်၊ ကျုပ် ဝံပုလွေဖြူပါ၊ မင်းတို့ ငွေဖြူဂိုဏ်းက မဟုတ်လား'

အဖြူရောင်ဝတ်စုံနှင့်လူက....

'ဟုတ်တယ်၊ ဘာကိစ္စ ကျုပ်တို့ကို ချိန်းတာလဲ'

ဝ ံပုလွေဖြူက....

'မင်းတို့ ရဲမှုကို အလိုရှိနေတယ်လို့ ကျုပ်သိရလို့ အခုလို ချိန်းတာပဲ'

ငွေဖြူဂိုဏ်းသားက ...

'ရဲမှုရှိနေရာ သတင်းပေးချင်လို့လား'

ဝ ံပုလွေဖြူက....

'ရဲမှုက ဘယ်လောက်တန်သလဲ သိချင်လို့ပါ'

ငွေဖြူဂိုဏ်းသားက....

'ရဲမှုရှိတဲ့နေရာ သတင်းပေးနိုင်ရင် ထိုက်သင့်တဲ့ ချီးမြှင့်ငွေ ရမှာပါ'

ဝ ံပုလွေဖြူက....

'ယွမ်ငွေ သုံးထောင်လောက်ရမယ်ဆိုရင် မင်းတို့ ငွေဖြူဂိုဏ်းအတွက် ရဲမှုကို ကျုပ်ပို့ပေးမယ်'

ငွေဖြူဂိုဏ်းသားက....

'မင်းက ရဲမှုနေရာ သိပြီထင်တယ်'

ဝ ံပုလွေဖြူက....

'ရဲမှုက ကျုပ်လက်ထဲမှာရှိတယ်၊ မင်းတို့ ငွေပေးရင်ရမယ်၊ ဒါတရားမျှတတဲ့ အလဲအလှယ် တစ်ခုပဲ'

ငွေဖြူဂိုဏ်းသားက....

'ယွမ်ငွေ သုံးထောင်က များလွန်းတယ်'



ဝ ံပုလွေဖြူက....

'မင်းတို့မှာ ဈေးဆစ်ခွင့်မရှိဘူး'

ငွေဖြူဂိုဏ်းသားက....

'ကောင်းပြီလေ၊ ကျုပ် လာခဲ့ပါ့မယ်'

ဝ ံပုလွေဖြူက....

'တစ်ခုတော့ရှိတယ်'

ငွေဖြူဂိုဏ်းသားက....

'ဘာများလဲ'

ဝ ံပုလွေဖြူက....

'မင်းတို့က ကတိမတည်ဘဲ အကောက်ကြံရင်တော့ ရဲမှုကို တစ်သက်လုံးရှာတွေ့မှာ မဟုတ်ဘူးဆိုတာဘဲ'

ငွေဖြူဂိုဏ်းသားက ရယ်မောလိုက်ပြီး ဇရပ်ပျက်အတွင်းမှ ထွက်ခွာသွားလေသည်။

ဝ ံပုလွေဖြူက အတန်ကြာသည်အထိထိုင်နေပြီးမှ မီးအိမ်ကို ဖြုတ်ကာ ဇရပ်ပျက်အတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

....o....

ဝမ်းပေါ့မှာ စဉ်းစားနေ၏။

လျှို့ဝှက် အဖွဲ့အစည်း ကို သူ သိလိုက်ရပြီဖြစ်၏၊ ထို အဖွဲ့ အစည်းမှာ ငွေဖြူဂိုဏ်း ပင် ဖြစ်သည်။

တစ်ဖန်....

ရဲမှုဟူသော အမည်ကို သူ ကြားဖူးသည်ဟု ထင်မိလေသည်။

'ရဲမှုဆိုတာ ဘယ်သူလဲ၊ သူ့ကို ဘာကြောင့် ငွေဖြူဂိုဏ်းက အလိုရှိနေတာလဲ'

သူသည် ခေတ္တမျှရင်းမှ ရဲမှုအား သတိရလာ၏။

မကြာသေးမီက ရန်သူများလက်မှ သူက ကယ်တင်ခဲ့သူပင် မဟုတ်ပါလား။

ရဲမှုသည် ငွေဖြူဂိုဏ်းအကြောင်း သိနေသူပင်လော။

သူသည် ထုတ်ခန်းပေါ်မှ ခုန်ချလိုက်၏။

ဝံပုလွေဖြူနောက်သို့ ခြေရာခံလိုက်သွားရန်လည်း ဆုံးဖြတ်လိုက်လေတော့သည်။

...o...



'ဟား....ဟား... ဟား'

ရဲမှုမှာ သဘောကျစွာ ရယ်မောနေသော ဝံပုလွေဖြူအား ရှုံ့မဲ့တီးစွာ ကြည့်လိုက်၏။

ဝံပုလွေဖြူက ရယ်မောခြင်းကို ရပ်လိုက်ပြီး....

'ရဲမှု မင်းဟာ တကယ့်ငတုံးပဲ'

ရဲမှုက အံကြိတ်လိုက်၏။

'ကျုပ်ကို ဘယ်လောက်နဲ့ တန်ဖိုးဖြတ်လိုက်သလဲ'

ဝံပုလွေဖြူက လက်သုံးချောင်းထောင်ပြလိုက်၏။

'သုံးထောင်'

ရဲမှုက....

'အင်း....ကျုပ်ကိုကျုပ် ဒီလောက်တန်ဖိုးရှိကြောင်း အခုမှ သိတော့တယ်'

သူသည် ပါးစပ်ကပြောရင်း မသိမသာ အတွင်းအားများ စုစည်းကြည့်လိုက်၏။

သို့သော် သူ၏တစ်ကိုယ်လုံး မလှုပ်ရှားနိုင်အောင်ပင် ပျော့ခွေနေလေသည်။

ဝံပုလွေဖြူက....

'မကြာခင် ငွေဖြူဂိုဏ်းကလူတွေ ရောက်လာလိမ့်မယ်၊ မင်းကို နေရာရွှေ့ဦးမှ'

သူသည် ကြမ်းပြင်မှ အံဝှက်ကို **အသာ**ဆွဲဖွင့်လိုက်၏။

ထို့နောက် ရဲမှုကို မြေအောက်ခန်းတွင်းထည့်ကာ အပေါ်မှ ပြန်ပိတ်လိုက်၏။ သူ့လက်စသတ်ပြီးချိန်မှာပင် မြင်းခွာသံများ ကြားလိုက်ရ၏။

ဝံပုလွေဖြူက သဘောကျစွာပြုံးလိုက်၏။

'သူတို့လာကြပြီ'

သူသည် အံ့မှက်ကို တစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် တဲ ပြင်သို့ ထွက်သွားလေသည်။

....ဝ....

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများက ပို၍ကျယ်လောင်လာ၏။

မကြာမီ သစ်လုံးအိမ်ကလေးရှေ့သို့ မြင်းဝါးကောင်ရောက် ရှိလာ၏။

မြင်းပေါ်တွင် ဝတ်စုံဖြူများ လိုက်ပါလာလေသည်။

ဝံပုလွေဖြူက....

'မင်းတို့ မြန်သားပဲ'

ငွေဖြူ ဂိုဏ်းသားများအနက် ခေါင်းဆောင် ဖြစ်ဟန်တူသူ က ဝံပုလွေဖြူအား သေမျာစွာ စိုက်ကြည့်လိုက်ပြီး....



'ရဲမှု ဘယ်မှာလဲ'

ဝံပုလွေဖြူက....

'မင်းတို့ငွေပေးရင် တွေ့ရမယ်'

ခေါင်းဆောင်က ပြုံးလိုက်ပြီး ငွေထုပ်တစ်ထုပ်ကို လှမ်းပစ် ပေးလိုက်လေသည်။

ဝံပုလွေဖြူက ဖမ်းယူပြီး ဖွင့်ကြည့်လိုက်၏။

ရွှေတုံးကလေးများကို တွေ့လိုက်ရ၏။

သူက မျက်နှာမှာ ဝင်းလက်သွားလေသည်။

'ကောင်းပေါ့ပါ'

သူက အိမ်တွင်းသို့ ပြန်ဝင်လိုက်၏။

အံ့ဖုက်ကိုဖွင့်ကာ မြေအောက်ခန်းသို့ ဆင်းလိုက်၏။

သူ၏ မျက်လုံး အစုံမှာ ပြူးကျယ် သွားလေသည်။

ထိုစဉ် အပေါ်မှ မေးမြန်းသံ ထွက်လာ၏။

'ရဲမှု ဘယ်မှာလဲ'

ဝံပုလွေဖြူက သက်ပြင်းချရင်း အပေါ်သို့ ခုန်တက်လိုက်၏။ သူသည် ဝတ်စုံဖြူနှင့် မျက်နှာချင်း ဆိုင်လိုက်ပြီး....

'မင်းက ကျုပ်ကို အာရုံပြောင်းထားပြီး တစ်ဘက်လှည့်နဲ့ ရဲမှုကို ယူသွားတယ် မဟုတ်လား'

ဝတ်စုံဖြူက....

'ဘာ'

သူသည် ဒေါသ ထွက်သွား၏။

'ဝံပုလွေဖြူ မင်းကျုပ်ငွေကို လိမ်ညာ ယူချင်တာလဲ'

ဝံပုလွေဖြူက မဲ့လိုက်၏။

'မင်းကကော ငွေမပေးဘဲ ရဲမှုကို လိုချင်လို့ ရမလား'

ဝတ်စုံဖြူမှာ တစ်ချက်တွေသွား၏။

ဤအတိုင်းဆိုလျှင် ရဲမှုကိုတစ်စုံတစ်ယောက်က ကယ်တင်သွားခဲ့ပြီ ဖြစ်၏။

ဝတ်စုံဖြူက....

'ရဲမှုမရှိတော့ဘဲ ကျုပ်ငွေတွေ ပြန်ပေးပါ'

ဝတ်စုံဖြူ၏စကားကြောင့် ဝံပုလွေဖြူကနောက်တစ်လှမ်း ဆုတ်သွားလေသည်။

'မပေးနိုင်ဘူး၊ မင်းတို့ရဲမှုကို အလကားလိုချင်လို့ရမလား'

ဝတ်စုံဖြူက ရဲမှုလွတ်သွားမည်ကို စိုးရိမ်နေ၏။

ဝံပုလွေဖြူနှင့် ကြာရှည်စွာ စကားမပြောလိုပါ။ သူ၏ ငယ်သားများအား အမိန့်ပေးလိုက်၏။

'ဟေ့–သူ့ဆီက ငွေရအောင်ပြန်ယူခဲ့'



သူက အမိန့်ပေးပြီးသည်နှင့် အိမ်ကလေးထဲမှ လျှင်မြန်စွာ ထွက်လာခဲ့လေတော့သည်။

....ဝ....

'ပြေး....ပြေး'

ဝမ်ပေ့မှာ ခြေကုန်သုတ်နေ၏။

သူသည် ရဲမှုအား ကျောပိုးကာ ပြေးလာခဲ့ခြင်း ဖြစ်၏။

ဝံပုလွေဖြူတို့ရှေ့တွင်ရှိနေခိုက် ရဲမှုအား ဝင်ရောက်ဆယ်တင်လာခဲ့ခြင်း ဖြစ်၏။

ရဲမှုမှာ လမ်းပင်မလျှောက်နိုင်သဖြင့် ကျောပိုးကာ ပြေးလာခဲ့ခြင်း ဖြစ်ပေသည်။

ဝမ်ပေ့မှာ ပြေးနိုင်သမျှပြေးလာခဲ့ရာ ခရီးပင်အတော်ပေါက်လာခဲ့၏။

ထို့အတူ မောလည်းမောလာလေသည်။

သူ့စာခေတ္တနားရန် စဉ်းစားလိုက်ပြီး ထစ်ပင်တစ်ပင်အောက်တွင် ရဲမှုအား အသာချလိုက်၏။

သူကိုယ်တိုင်လည်း ခြေပစ်လက်ပစ်လှဲတော့ အနားယူအမောဖြေလိုက်လေသည်။

တဖြည်းဖြည်း အရှက်ဦး၏ အလင်းရောင်က ထွက်ပေါ်လာသည်။

ပတ်ဝန်းကျင်သည် မှောင်မည်းနေရာမှ လင်းစပြုလာ၏။ ရဲမှုက သူ့အားကယ်တင်လာသူအား လှမ်းကြည့်လိုက်၏။

'ဟင် မင်း....မင်း ဝမ်ပေ့'

ဝမ်ပေ့က ပြုံးလိုက်၏။

'ဟုတ်ပါတယ်ဗျာ'

ရဲမှုက....

'မင်းကို ကျေးဇူးတင်ကြောင်း ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး'

ဝမ်ပေ့က....

'ပြောမနေပါနဲ့ဗျာ'

ရဲမှုက...

'မပြောလို့ မဖြစ်ဘူး၊ ကျုပ်အသက်ကို မင်းကနှစ်ကြိမ်ရှိပြီ ကယ်တင်ခဲ့တာ'

ဝမ်ပေ့က...

'အခုတစ်ကြိမ်လဲ မမျှော်လင့်ဘဲသိလိုက်ရလို့ ကယ်တင်လိုက်တာပါ'

ရဲမှုက သက်ပြင်းချလိုက်၏။



'အင်း....ကျုပ်အသက်နှစ်ကြိမ်ဘော့ ပြန်လည်လွတ်မြောက်ခဲ့ပြီ၊ သုံးကြိမ်ကျရင်တော့ မင်းအခုလို ကယ်တင်နိုင်ပါ့မလား မသိဘူး'

'သိပ်မှန်တာပေါ့'

အေးစက်သော စကားသံတစ်ခုက ရုတ်တရက်ထွက်ပေါ်လာလေသည်။

ရဲမှုမှာ ထိတ်လန့်သွား၏။

ပတ်ဝန်းကျင်အား အလျှင်အမြန် အကဲခတ်လိုက်၏။ သစ်ပင်များကြားမှ ဝတ်စုံဖြူတစ်ယောက် တိုးထွက်လာ၏။

ဝမ်ပေ့က ရုတ်ခြည်းဆိုကာ ရဲမှုအား အကာအကွယ်ပေးလိုက်လေသည်။

ဝတ်စုံဖြူက ဝမ်ပေ့အား ကြည့်လိုက်၏။

'မင်းဘယ်သူလဲ'

ဝမ်ပေ့က ...

'ခင်ဗျား နာမည်ပြောရင် ကျုပ်နာမည်ပြောဖို့ အသင့်ပဲ'

ဝတ်စုံဖြူက....

'မင်းက ဘာကြောင့် ရဲမှုကိုအကာအကွယ်ချင်နေရတာလဲ။ မင်းအသက်သေရမှာ မကြောက်ဘူးလား'

ဝမ်ပေ့က ပြုံးလိုက်၏။

'မတရားမှုတွေကို လက်ပိုက်ကြည့်နေဖို့ ဝါသနာမပါဘူးဗျ'

ဝတ်စုံဖြူက ရယ်မောလိုက်၏။

'မင်းက အသက်ငယ်ငယ်နဲ့ သေချင်နေတာကိုး'

ဝမ်ပေ့က....

'ရဲမှုကို လိုချင်ရင် ကျုပ်ကို နိုင်မှဖြစ်မယ်'

ဝတ်စုံဖြူက....

'ကောင်းပြီ၊ မင်း သတိထားပေတော့'

သူသည် ပြောပြီးသည်နှင့် ဓားကို ဆွဲထုတ်လိုက်၏။ ဝမ်ပေ့ကလည်း ဓားကို အဆင်သင့်ပြင်လိုက်သည်။

ဝတ်စုံဖြူက ဓားချက် သုံးချက် ထုတ်ကာ စတင် တိုက်ခိုက်လိုက်လေသည်။

သူသည် စတင်တိုက်ခိုက်သည်နှင့် ဝမ်ပေ့ လဲကျသွားစေရန် ရည်ရွယ်ကာ ပြင်းထန်စွာ တိုက်ခိုက်ခြင်းပင် ဖြစ်ပါသည်။

ဝမ်ပေ့က ခြေတစ်ချက်ရွှေ့လိုက်ရာ ဝတ်စုံဖြူ၏ ဓားချက်အောက်မှ လွတ်မြောက်သွား၏။

ဝတ်စုံဖြူက နောက်ထပ် ဓားခုနစ်ချက်တိတိ တိုက်ခိုက်လိုက်၏။

သူ၏ဓားကွက်သည် ကြောက်မက်ဖွယ်ကောင်းပေသည်။

ဝမ်ပေ့မှာ အလွန်ခေါင်းအေးသူဖြစ်၏။ သူသည် ဓားကွက်ကို ရင်မဆိုင်ဘဲ လှည့်ပတ်ရှောင်တိမ်းလိုက်၏။

ဝတ်စုံဖြူမှာ ဒေါသထွက်သွား၏။ သူသည် ဓားကို ဝေ့ဝှမ်းရင်း တရကြမ်း ထိုးခုတ်လိုက်လေသည်။



ဝမ်ပေ့က ခုခံလိုက် ရှောင်တိမ်းလိုက်နှင့် ဝတ်စုံဖြူ၏အမှားကို ရှာဖွေနေ၏။

တိုက်ပွဲမှာ ပြင်းထန်သည်ထက် ပြင်းထန်လာ၏။

သိုင်းကွက် သုံးဆယ်ကျော်သွားပြီ ဖြစ်သည်။

ဝတ်စုံဖြူသည် အစွမ်းကုန် တိုက်ခိုက်သော်လည်း ဝမ်ပေ့အား အနိုင်မရဘဲ ရှိနေသည်။

ဝမ်ပေ့ကဲ့သို့ လူငယ်တစ်ဦးအား အလွယ်တကူ အနိုင်မရသည့်အတွက် ဒေါသလည်း ပိုထွက်လာ၏။

တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် ဒေါသမထွက်သင့်ပါ။ ဒေါသစွက်ဖက်လာလျှင် အမှားများ ဖြစ်ပေါ်တတ်ပေသည်။

ယခုလည်း ဝတ်စုံဖြူမှာ တိုက်ခိုက်ရင်း အမှားများ ဖြစ်ပေါ်လာလေသည်။

ဝမ်ပေ့က အခွင့်ကောင်းကို လက်လွတ်မခံပါ။

ဝတ်စုံဖြူ၏ ဟာကွက်အတွင်းသို့ ဓားတစ်ချက် ထိုးသွင်းလိုက်လေတော့သည်။

'အား'

နာကျင်စွာ အော်ဟစ်သံ ထွက်ပေါ်လာ၏။

ဝတ်စုံဖြူမှာ မြေပေါ်သို့ တအိအိ လဲကျသွား၏။ ဝမ်ပေ့က ဓားတွင် ပေနေသော သွေးများကို ဖိနပ်နှင့် သုတ်လိုက်ပြီး ဓားကို ပြန်သိမ်းလိုက်၏။

'ခင်ဗျား လမ်းလျှောက်နိုင်မလား'

ရဲမှုက ခေါင်းခါလိုက်၏။

'ကျုပ် အဆိပ်တစ်မျိုး မိထားတယ်၊ မလှုပ်ရှားနိုင်ဘူးဗျ'

ဝမ်ပေ့က....

'ဒီနေရာဟာ အန္တရာယ်မကင်းသေးဘူး၊ အချိန်မရွေး ဝတ်စုံဖြူတွေ ထပ်ရောက်လာနိုင်တယ်'

ရဲမှုက....

'မင်းသာ လွတ်အောင်ပြေးပါတော့'

ဝမ်ပေ့က....

'ကျုပ်က သူတို့ကိုကြောက်မှဖြင့် ခင်ဗျားကို မကယ်လာခဲ့ပါဘူး'

သူသည် ရဲမှုအား ကျောပိုးလိုက်သည်။

ထို့နောက် ထိုနေရာမှ ခပ်သွက်သွက် ထွက်လာခဲ့လေတော့သည်။

ဝမ်ပေ့မှာ ထိုနေရာမှ ထွက်လာခဲ့ရာ ခြေလှမ်း ဆယ်လှမ်း မပြည့်ခင်မှာပင် ဟန့်တားခြင်း ခံလိုက်ရလေသည်။

'ရပ်လိုက်'

ဝမ်ပေ့က လှည့်ကြည့်လိုက်၏။

ဝတ်ပုလွေဖြူကို တွေ့မြင်လိုက်ရ၏။ ဝတ်ပုလွေဖြူ၏ ခန္ဓာကိုယ်တွင် သွေးချင်းချင်း နီရဲနေသည်။

သူသည် ဝတ်စုံဖြူများနှင့် အသေအလဲ တိုက်ခိုက်ခဲ့ရဟန်တူပေသည်။



ဝတ်ပုလွေဖြူက....

'ရဲမှုကို ကယ်သွားတာ မင်းကိုး'

ဝမ်ပေ့က ရဲမှုအား မြေတွင် အသာချလိုက်၏။

ဝတ်ပုလွေဖြူက....

'မင်းကြောင့် ကျုပ်က ငွေဖြူဂိုဏ်းနဲ့ အထင်လွဲပြီး တိုက်ခိုက်ခဲ့ရတယ်၊ ဒီအတွက် မင်းကို သတ်ရမှ ကျေနပ်မယ်'

သူသည် ပြောပြီးသည်နှင့် တစ်ရှိန်ထိုး ပြေးဝင်ကာ တိုက်ခိုက်လိုက်လေသည်။

ဝမ်ပေ့မှာ ရှောင်တိမ်းမနေတော့ပါ။

ပြန်လည်၍ ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။ တိုက်ပွဲကို အချိန်ဆွဲ၍ မဖြစ်ကြောင်း နားလည်လိုက်သည်။

အချိန်ကြာသည်နှင့်အမျှ နောက်ထပ် ရန်သူများ ရောက်လာနိုင်သည် မဟုတ်ပါလော။

ဝမ်ပေ့မှာ ဓားကို တရကြမ်း ဝှေ့ယမ်းတိုက်ခိုက်လိုက်၏။ သူ၏ ဓားကွက်များသည် ပြင်းထန်လှပေသည်။

ဝတ်ပုလွေဖြူမှာ ထိတ်လန့်သွား၏။ ဝမ်ပေ့အား ဤမျှ သိုင်းပညာ ထက်မြက်မည်ဟု မထင်ခဲ့ပါ။

ယခု တိုက်ခိုက်ရင်းမှ အလွန် ကြောက်စရာ ကောင်းနေကြောင်း နားလည်လိုက်၏။ သူသည် နောက်ဆုတ်ရန် စဉ်းစားလိုက်သည်။

သို့သော် အလွန်နောက်ကျသွားပေသည်။

ဝမ်ပေ့၏ဓားက သူ၏ခန္ဓာကိုယ်အား ခုတ်ချမိသွားလေသည်။

'အား'

ဝ ံပုလွေဖြူမှာ မြေပေါ် လဲကျသွားလေသည်။

ဝမ်ပေ့က ရဲမုအား ကျောပိုးကာ အမြန်ဆုံး ပြေးသွားလိုက်လေတော့သည်။

....ဝ....

ဘုံကျောင်းပျက်တစ်ခု....

ဝမ်ပေ့မှာ ဘုံကျောင်းပျက်အတွင်းသို့ ရောက်ရှိလာခဲ့၏။ အချိန်မှာ မွန်းတည့်တာနီးနေပြီ ဖြစ်သည်။ နေမှာ ပူပြင်းလှ၏။

ဝမ်ပေ့က ဘုံကျောင်းပျက်အတွင်း အကဲခတ် ကြည့်လိုက်လေ၏။



လူရိပ်လူယောင် လုံးဝ မတွေ့ရပါ။

ဝမ်ပေ့က ရဲမုအား ကြမ်းပြင်ပေါ် အသာချလိုက်၏။

ထို့နောက် ပါလာသော ရိက္ခာခြောက်ထုတ်ကို ထုတ်ကာ စားသောက်လိုက်၏။

ရဲမုက....

'မင်း ကျုပ်ကို ဒီလို ခေါ်သွား နေရင်တော့ လွယ်ကူမှာ မဟုတ်ဘူး'

ဝမ်ပေ့က....

'ခင်ဗျားကို သမားတော် တစ်ဦးထံ ပို့ပေးမှ ဖြစ်မယ်'

ရဲမုက....

'ကျေးဇူး တင်ပါတယ်'

ဝမ်ပေ့က....

'ခင်ဗျားကို ဘာကြောင့် ဒီလူတွေက အလိုရှိနေတာလဲ'

ရဲမုက ပါးစပ်ပိတ်ထား။

ဝမ်ပေ့က....

'ခင်ဗျား မပြောချင်လဲ ရပါတယ်၊ ကျုပ် ဘယ်လိုမှသဘော မထားပါဘူး'

ရဲမုက ခေါင်းခါယမ်းလိုက်၏။

'ကျုပ် မပြောချင်လို့ မဟုတ်ပါဘူး၊ ဘယ်က စပြောရမှန်း မသိလို့ပါ'

ဝမ်ပေ့က....
'ဒီလူတွေနဲ့ ရန်ငြိုးရှိခဲ့လို့လား'

ရဲမှုက....
'ကျုပ်မှာ ရန်သူ တစ်ယောက်မှ မရှိပါဘူး'

ဝမ်ပေ့က....
'အခုတော့ ရန်သူတွေချည်းပါပဲလားဗျ'

ရဲမှုက....
'ကျုပ်လဲ စဉ်းစားနေတာ'

ဝမ်ပေ့က....
'ဘာ စဉ်းစားနေတာလဲ'

ရဲမှုက....
'ဒီလူတွေဟာ ကျုပ်ထံက တစ်စုံတစ်ရာ သိချင်တဲ့ လူတွေပဲ ဖြစ်ရမယ်'

ဝမ်ပေ့က နားထောင်နေလိုက်၏။

ရဲမှုက စကားဆက်လိုက်၏။
'သူတို့ဟာ ကျုပ်ဆီက လူသုံးယောက်ရဲ့ နေရာကို သိချင်နေကြတာဗျ'
'ဘာလုပ်ဖို့လဲ'
'အဲဒီလူတွေကို သတ်ပစ်ဖို့ပေါ့'
ဝမ်ပေ့မှာ မျက်လုံးပြူးသွား၏။



ရဲမှုက....

'ကျူးယုပြောတ ၁ သိပ် မှန်တယ်'

ဝမ်ပေ့က....

'ခင်ဗျားစကား ကျုပ် နားမလည်တော့ဘူးဗျ'

ရဲမှုက....

'ကျူးယုဆိုတာ စွန်ရဲရဲ့ လူယုံတစ်ယောက်ပဲ'

'စွန်ရဲကော မင်းသိရဲ့လား'

ဝမ်ပေ့က ပြုံးလိုက်၏။

'ဒီလောက် နာမည်ကြီးတဲ့ လူတစ်ယောက်ကို ကျုပ် မသိဘဲ နေပါ့မလား၊ ဒီလူဟာ မွန်ဂို သစ္စာခံတစ်ယောက်၊ တော်လှန်ရေး ကာလတုန်းက သေသွားခဲ့တယ် မဟုတ်လား'

ရဲမှုက....

'လူတိုင်းက ဒီလိုပဲ သိထားကြပါတယ်'

ဝမ်ပေ့က မျက်မှောင်ကြုတ်သွား၏။

ရဲမှုက....
'တစ်နေ့ ကျူးယုရဲ့လူ မိတ်ဆွေ သုံးယောက် ကျုပ်ဆီရောက် လာတယ်၊ သူတို့ဟာ စွန်ရဲရဲ့ လူယုံ ခုနှစ်ယောက်ထဲကပဲ၊ သူတို့က ကျုပ်ကို အကူညီတောင်းခဲ့တယ်'

ဝမ်ပေ့က....

'ဘာ အကူအညီလဲ'

ရဲမုက....

'သူတို့ကို ဘဝသစ် တစ်ခုစီ ဖန်တီးပေးဖို့ပါ'

ဝမ်ပေ့က စိတ်စဝ်စားသွား၏။

'သူတို့က အဖမ်းခံရမှာ ကြောက်းလို့ ဇာတိမြို့ပြန်တာလား'

ရဲမုက....

'သူတို့က အဖမ်းခံရမှာကို မကြောက်ပါဘူး'

ဝမ်ပေ့က....

'ဒါဖြင့် ဘာကို ကြောက်တာလဲ'

ရဲမုသာ ချက်ချင်း ပြန်မဖြေပါ။

တွေးဆနေဟန် ရှိ၏။

ဝမ်ပေ့က ရဲမု၏ စကားကိုင့်လင့်နေ၏။

ရဲမုက သက်ပြင်း တချက်ချလိုက်၏။

'သူတို့ဟာလူတစ်ယောက်ကိုကြောက်နေတာပဲ၊ သူတို့သိလိုက်ရတော့၊ ကျုပ်အုံ့အား သင့်သွားမိတယ်၊ ဒါပေမယ့် သူလိုစကား မှန်ကြောင်း အခုမှ လက်ခံရတော့တယ်'



ဝမ်ပေ့က နားထောင်နေ၏။

ရဲမုက....

'အဲဒီလူတွေဟာ တောထဲဝင်မှာထက် သူတို့ကို စွန်ရဲက နှုတ်ပိတ်မှာ ပိုကြောက်လို့ပဲ'

ဝမ်ပေ့က မျက်မှောင်ကြုတ် သွား၏။

'စွန်ရဲက သေပြီမဟုတ်လား'

ရဲမုက....

'အားလုံးက ဒီလိုပဲ လက်ခံကြပေမယ့် ကျုပ်တွေ့ခဲ့တဲ့ စွန်ရဲရဲ့ လူယုံ သုံးယောက်ကတော့ ဒီလိုမယူဆခဲ့ဘူး၊ စွန်ရဲမျက်နှာကို မြင်ဖူးတဲ့အတွက် တစ်နေ့နေ့ နှုတ်ပိတ်ခံရ လိမ့်မယ်လို့ တွက်ဆပြီး ကျုပ်ဆီက အကူအညီ လာတောင်းတာပဲ'

ဝမ်ပေ့မှာ မမျှော်လင့်ဘဲ လျှို့ဝှက်ချက်တစ်ခုကို သိလိုက်ရလေသည်။

ထိုသတင်းသည် သူ့အတွက် အလွန်အဖိုးတန်နေသည် မဟုတ်ပါလော။ ရဲမုက....

'အဲဒီလူ သုံးယောက်ဟာ အခုထက်ထိ ရှိပါသေးတယ်'

ဝမ်းပေ့ဆာ....
'သူတို့ဘယ်မှာလဲ'
ရဲမှုက လှေသံဖြင့် ပြောပြီလိုက်လေသည်။
ထိုစဉ်မှာပင်....
'ဟား....ဟား....ဟား ရဲမှုမင်းပြေးလို့ မလွတ်ပါဘူး'

ပထမပိုင်း ပြီး၏။
ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်

နန္ဒကျော်သူ